ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ အင်္ဂါနေ့၊ (16-2-2016) (၈၄၇၈)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)



# ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်အဖွဲ့ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သို့ ရောက်ရှိ

သတင်း၊ စာမျက်နှာ ၃ ➤

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအား လွှတ်တော်ဆိုင်ရာ လုပ်ငန်းများရှင်းလင်းခြင်းအစီအစဉ် ဖွင့်ပွဲအခမ်းအနားကျင်းပ

သတင်း၊ စာမျက်နှာ ၇ ➤

# လီဆူရိုးရာ ခေါ့ရှို နှစ်သစ်ကူးပွဲတော် မြစ်ကြီးနားတွင် ကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅**

ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ လီဆူရိုးရာ ခေါ့ရှို နှစ်သစ်ကူးပွဲတော်ကို ယနေ့ နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ ရွှေပြည်သာကွက်သစ်ရှိ လီဆူရိုးရာကွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးဇေယျာအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်၊ ပြည်နယ်ဝန်ကြီးများ၊ လီဆူရိုးရာ ခေါ့ရှို နှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များ၊ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဝင်များ၊ လီဆူရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ လီဆူရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လီဆူလူမျိုးများ စည်းလုံးညီညွတ်စွာဖြင့် မိမိတို့ရိုးရာယဉ်ကျေးမှုဖော်ထုတ်နေကြသည်ကို တွေ့ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံတော်၏ဥပဒေဘောင်အတွင်း၌ စည်းလုံးညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်းတို့ဖြင့် ရိုးရာယဉ်ကျေးမှုထုံးဓလေ့ကောင်းများကို ဖော်ထုတ်မြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း၊ သွေးချင်းညီအစ်ကို တိုင်းရင်းသားများအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်သွားကြရမည်ဖြစ်ကြောင်း၊ ကျယ်ပြန့်သည့်အမြင်၊ စည်းလုံးသည့်စိတ်ဓာတ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်သာ စစ်မှန်သည့် အင်အားဖြစ်ပါကြောင်း၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းများ ဖော်ထုတ်ခြင်းနှင့်အတူ မိမိတို့စာပေနှင့် ယဉ်ကျေးမှုထုံးဓလေ့ကောင်းများကိုလည်း ထိန်းသိမ်းသွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယခုနှစ်သစ်ကူးပွဲတော်ကြီးမှရရှိသည့် ညီညွတ်မှုခွန်အားနှင့် လုပ်ငန်းအတွေ့အကြုံကောင်းများကို နမူနာရယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လီဆူတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်သည် တန်ဖိုးမဖြတ်နိုင်သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများကို အပြန်အလှန်လေးစားတန်ဖိုးထားခြင်းဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ခင်ရင်းနှီးမှုကို ပိုမိုခိုင်မြဲအောင် တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း၊ လီဆူရိုးရာနှစ်သစ်ကူးပွဲတော်ကို အောင်မြင်စွာကျင်းပခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ နှင့် လီဆူရိုးရာခေါ့ရှို နှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် နှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က လီဆူဂွါချဲ ချဲငေါ် ကကွင်းမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းကွာချဲအကအား ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် လီဆူရိုးရာ ဓားလှေကားတက်ခြင်းကို ကြည့်ရှုအားပေးကြပြီး နှစ်သစ်ကူးပွဲတော်ကွင်းအတွင်း ခင်းကျင်းပြသထားသည့် ရိုးရာယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**





**ကြေးမုံစာတည်းရှုထောင့်** ၁၆-၂-၂၀၁၆၊ အင်္ဂါနေ့

# စာဖတ်ရှိန်ပိုင်းဝန်းမြှင့်တင်

မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ်များတွင် ယခုအခါ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကျင်းပလျက်ရှိကြောင်း သိရသည်။ ထိုပွဲတော်များကို မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း(ဗဟို)က ကြီးမှူး၍ မြို့နယ်အသီးသီးမှ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ယခုကဲ့သို့ကျင်းပလျက်ရှိသည်ကို တွေ့ရသဖြင့် များစွာဝမ်းမြောက်မိပါသည်။

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များတွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ စသည့်ပြိုင်ပွဲများအပြင် တေးသရုပ်ဖော်အကများ၊ တေးသရုပ်ဖော်ပြဇာတ်များဖြင့်ပါ ညှော်ခံဖျော်ဖြေကြသဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် စည်စည်ကားကားကျင်းပကြသော ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသည့်ပွဲဖြစ်ရာ ကျောင်းသား ကျောင်းသူများ၊ လူငယ် လူရွယ်များ စိတ်အားထက်သန်စွာဖြင့် ဆင်နွှဲခဲ့ကြသည်ကို တွေ့ရသည်။

ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအား စာပေဖတ်ရှုခြင်း အလေ့အထကောင်းများနှင့် စာဖတ်စွမ်းရည် မြင့်မားတိုးတက်ရေးအတွက် စည်းရုံးဆွဲဆောင်ရာတွင် တစ်ဦးချင်း၊ တစ်ယောက်ချင်းအလိုက် တိုက်တွန်းနှိုးဆော်ရန်အတွက် ခက်ခဲကောင်းခက်ခဲလိမ့်မည်ဖြစ်သည်။ ထိုကဲ့သို့ စုပေါင်းဆောင်ရွက်မှုဖြင့် စိတ်ဝင်စားဖွယ်အခင်းအကျင်းများ ဖန်တီးပေးကာ စာပေ၊ အနုပညာနှင့်သက်ဆိုင်ရာအခန်းကဏ္ဍများကို ဖော်ထုတ်ပေးခြင်းသည် လွန်စွာလျော်ကန်သင့်မြတ်လှပါပေသည်။

ထိုကဲ့သို့သော ကောင်းမွန်သည့်အစဉ်အလာကောင်းများကို မကြာခဏ၊ နှစ်စဉ်ပျိုးထောင်ပေးခြင်းဖြင့် လူငယ် လူရွယ်များ စာပေ၊ အနုပညာဘက်တွင် စိတ်အားထက်သန်လာကာ စာဖတ်စွမ်းရည်များ အလိုလိုမြင့်မားတိုးတက်လာမည်ဖြစ်သည်။ လတ်တလောတွင် စာပေနှင့်နီးစပ်မှု အလှမ်းဝေးခဲ့သောကြောင့် ယခုကဲ့သို့ စာပေအနုပညာနယ်ပယ်မှ အတွေ့အကြုံနှင့် အမြော်အမြင်ရှိသော ပညာရှင်များက ကမကထပြု၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။

ယခုကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို နယ်မြို့များတွင် ဆင်ယင်ကျင်းပနေသည်ကို အများဆုံးမြင်တွေ့နေရပြီး မြို့နယ်များမှ လူငယ်လူရွယ်များအနေဖြင့်လည်း မိမိတို့အားလပ်သောအချိန်များတွင် ထိုပွဲတော်များသို့ လာရောက်ကြည့်ရှုအားပေးခြင်း၊ ပါဝင်ဆင်နွှဲယှဉ်ပြိုင်ခြင်းဖြင့် ကောင်းမြတ်သည့် အမွေခံကောင်းများကို ယခုလက်ရှိ လူငယ် လူရွယ်များသာမက အနာဂတ် မျိုးဆက်သစ်များအတွက်ပါ လက်ဆင့်ကမ်းရရှိသွားနိုင်ပေသည်။

ယခုကဲ့သို့ နယ်မြို့အသီးသီးတွင် ကျင်းပနိုင်ခဲ့မှုများကို ဝမ်းမြောက်ဝမ်းသာစွာ အသိအမှတ်ပြုရမည်ဖြစ်သော်လည်း ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများရှိ မြို့နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်နိုင်သေးသည် ကိုလည်း နည်းလမ်းရှာဖွေ၍ သက်ဆိုင်ရာမြို့နယ်အလိုက် လူမှုရေးအဖွဲ့အစည်းများ၊ မြို့နယ်မှတာဝန်ရှိသူများ၊ မြို့မိမြို့ဖများဦးစီးကာ လူငယ်လူရွယ်များ၏ အနေအထားများကိုလေ့လာကြည့်ပြီး ပါဝင်ဆောင်ရွက်လာရေးအတွက် အားထုတ်ကြရဦးမည်ဖြစ်ပါသည်။

မြို့ကြီးများရှိ လူငယ်လူရွယ်များ၏ သဘောသဘာဝမှာ ယနေ့ အိုင်တီနည်းပညာခေတ်ကြီးထဲတွင် အသက်မွေးဝမ်းကျောင်းပညာရှာဖွေရေး၊ အပျော်အပါးများလိုက်စားရေး၊ လက်ကိုင်ဖုန်း၊ ကွန်ပျူတာတို့နှင့် ဆိုရှယ်မီဒီယာများတွင် အသုံးပြုရေး စသည့်ကိစ္စများတွင်သာ အလေးထားစိတ်ဝင်စားနေကြသည်ကိုတွေ့ရသည်။ ထိုလူငယ် လူရွယ်များအား ထိုကဲ့သို့ စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်များတွင် ပါဝင်လာနိုင်အောင် ဆွဲဆောင်စည်းရုံးနိုင်ရန်အတွက် အလွန်ပင်ခက်ခဲလိမ့်မည်ဟု ယူဆပါသည်။

ထို့ကြောင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲများ မပြုလုပ်မီ အနုပညာရပ်ဆိုင်ရာပွဲများ၊ အားကစားဆိုင်ရာပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် ကနဦး ဆွဲဆောင်စည်းရုံးနိုင်လျှင် ဖြစ်တန်ကောင်းသည်။ ထိုလုပ်ငန်းစဉ်များအား စိတ်ပါဝင်စားမှုရှိလာပြီးနောက် အကျိုးမများသော အပိုကိစ္စများတစ်စတစ်စ လျော့နည်းသွားလျှင် နောက်တစ်ဆင့်တက်၍ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျင်းပပေးကာ ဆက်လက်စည်းရုံးသွားနိုင်မည်ဟု မျှော်လင့်ပါသည်။

ထို့ကြောင့် လူငယ် လူရွယ်များ အသိပညာမြင့်မားစေရေးအတွက် မိဘ ပြည်သူအားလုံးက နည်းလမ်းအမျိုးမျိုးသုံးကာ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါသည်။ ။

# မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့ လုပ်ငန်းဆောင်ရွက်မှုများအား ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့မှကိုယ်စားလှယ်များ လာရောက်ကြည့်ရှုအကဲဖြတ်ကြမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် တောင်ကိုးရီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် 25th Asia-Pacific Regional Scout Conference သို့တက်ရောက်ခဲ့ကြသော နိုင်ငံတကာကိုယ်စားလှယ်များက မြန်မာနိုင်ငံအား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အဆိုပြုဝင်ရောက်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ကြရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပြီး အဆိုပါညီလာခံ၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့၏ ၂၀၁၆-၂၀၁၇ လုပ်ငန်းပြမြေပုံ၏ ပထမအဆင့်ဖြစ်သော National Strategic Planning Workshop for Myanmar Scouts လုပ်ငန်းဆွေးနွေးပွဲ(၁)နှင့် Youth Programme Workshop for Myanmar Scouts လုပ်ငန်းဆွေးနွေးပွဲ(၂)တို့ကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ လဆန်းပိုင်းအတွင်းတွင် ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌ Mr. Paul. D. Parkison (ဩစတြေးလျနိုင်ငံ) နှင့် ဆွစ်ဇာလန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ အဆင့်မြင့်ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဝင် ငါးဦးတို့သည် ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်မြို့သို့ရောက်ရှိကြမည်ဖြစ်ပြီး မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံးတွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါအဖွဲ့သည် ၂၀၁၂ ခုနှစ် နှစ်ဆုံးပိုင်းမှ ပြန်လည်စတင်ဖွဲ့စည်းလှုပ်ရှားလာသော မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု၊ တိုးတက်ပြောင်းလဲမှုအခြေအနေများကို လေ့လာစိစစ်အကဲဖြတ်ကြမည်ဖြစ်ပြီး ဆွေးနွေးပွဲကာလများဖြစ်သော ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကင်းထောက်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေခံပညာကျောင်းများအနက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ်နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကမာရွတ်မြို့နယ်တို့ကိုလည်းကောင်း၊ တက္ကသိုလ်အဆင့် ကင်းထောက်ကျောင်းသား ကျောင်းသူများ လှုပ်ရှားဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုအားပေးရန် ရန်ကုန်တက္ကသိုလ်သို့လည်း သွားရောက်ကြမည် ဖြစ်သည်။

အဆိုပါ ခရီးစဉ်သည် ၂၀၁၇ ခုနှစ် ရုရှားနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ကင်းထောက်ညီလာခံ၌ မြန်မာနိုင်ငံအား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အဆိုပြုဝင်ရောက်နိုင်ရေးအတွက် လေ့လာအကဲဖြတ်သောလုပ်ငန်းဖြစ်၍ မြန်မာကင်းထောက်အတွက် အရေးပါသော ခရီးစဉ်တစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံးမှ သိရသည်။

**(ကိုလတ်-သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၈၉၀၀၀ | - | ၇၉၀၀၀၀ |
| မန္တလေး(ရွှေဈေး) | ၇၈၉၀၀၀ | - | ၇၉၀၀၀၀ |

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၁၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၅၉၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၀၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၃၀ ကျပ်

**၅-၂-၂၀၁၆ ရက်နေ့မှ ၁၂-၂-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၀၆ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၃၆၇ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြား ငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၁. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၇. ၁၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၅၈၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၈၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၀၅၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၃. ၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၁. ၆၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၅. ၅၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၀. ၁၄ |

# နွေစပါးကောသုံးသိန်းကျော်စိုက်ပျိုးရန် သဖန်းဆိပ်ဆည်မှ ဆည်ရေစတင်လွှတ်ပေး

**ရွှေဘို ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ဆည်ရေဖြင့် ရွှေဘိုဒေသ၌ နွေစပါးကေသုံးသိန်းကျော် စိုက်ပျိုးရန် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ဆည်ရေပေးလွှတ်ကြောင်း ဦးစီးအရာရှိရုံး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ကာဘိုး)မှ သိရသည်။

အဆိုပါဒေသသည် မြန်မာနိုင်ငံ၏တတိယ စပါးကျီဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးတွင် ပါဝင်ပြီး မူးမြစ်အရှေ့ဘက်ပိုင်းရှိ ရွှေဘိုဒေသတွင် ပါဝင်သော ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက် စသည့် လေးမြို့နယ်နှင့်အတူ မူးမြစ်အနောက်ဘက်ပိုင်းတွင်ရှိသော တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ အရာတော်မြို့နယ် စသည့်မြို့နယ်ပေါင်း ရှစ်မြို့နယ်ရှိပြီး နွေစပါးလယ်မြေဧကပေါင်း သုံးသိန်းကျော်နှင့် အခြားသီးနှံ ဧကပေါင်း ခုနစ်သောင်းကျော်တို့ကို စိုက်ပျိုးရန် လျာထားကြောင်းသိရသည်။

၂၀၁၄- ၂၀၁၅ ခုနှစ်တွင် သဖန်းဆိပ်ဆည်ရေမှာ ရေသိုလှောင်ထားနိုင်မှု ဧကပေ ၁၄ သိန်းခန့်သာရှိသောကြောင့် နွေစပါးဧကတစ်သိန်းနှင့် အခြားသီးနှံ(နှမ်း၊ ပဲတီစိမ်း)စိုက်ဧကတစ်သိန်းခွဲအတွက်သာရေပေးဝေနိုင်ခဲ့သဖြင့် တောင်သူလယ်သမားအများစုမှာ နွေစပါးစိုက်ပျိုးလိုစိတ်ရှိကြသော်လည်း စိုက်ပျိုးရေ အခက်အခဲကြောင့် မစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် သဖန်းဆိပ်ဆည်ရေသည် သိုလှောင်ထားရှိနိုင်မှု ဧကပေ ၂၆ သိန်းကျော်ဖြစ်သည့်အတွက် နွေစပါးလယ်မြေဧကပေါင်းသုံးသိန်းကျော်နှင့် အခြားသီးနှံဧကပေါင်းခုနစ်သောင်းကျော်တို့ စိုက်ပျိုးရန်လျာထားခဲ့သည်ဖြစ်ရာ သဖန်းဆိပ်ဆည်မှလာသောဆည်ရေများကို ကင်းတပ်ရေလွှဲဆည်နှင့် ကာဘိုးရေလွှဲဆည်တို့မှတစ်ဆင့် ဖေဖော်ဝါရီ ၂၀ ရက်မှစတင်၍ ခြောက်ရက်ခြားပြီး အလှည့်ကျစနစ်ဖြင့် ခွဲဝေပေးမည်ဖြစ်ကြောင်း ဦးစီးအရာရှိရုံး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ကာဘိုး)မှ သိရသည်။

**ရောင်နီတင်ဝင်း**

OO

## စာအုပ်စာပေ လူ့မိတ်ဆွေ




ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် လက်ရှိအမေရိကန်သံအမတ်ကြီး မစ္စတာဒဲရစ် ဂျေမစ်ချဲလ်၏ နေရာတွင် မစ္စတာစကော့အလန်မာရှယ်အား ခန့်အပ်ရန် အမေရိကန်အစိုးရမှ အဆိုပြုလာခြင်းကို သဘောတူညီပြီးဖြစ်သည်။

မစ္စတာစကော့အလန် မာရှယ်သည် ၁၉၈၅ ခုနှစ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်အမှုထမ်းခဲ့ပြီး ဖိလစ်ပိုင်၊ ဘရာဇီးလ်၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်နှင့် တူရကီနိုင်ငံတို့ရှိ အမေရိကန်သံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ဝါရှင်တန်မြို့ရှိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဗျူရိုတွင် ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံရေးရာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာစကော့အလန် မာရှယ်သည် ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ယနေ့အထိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဗျူရိုတွင် အကြီးတန်း ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာစကော့အလန် မာရှယ်သည် အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ပေါ်တူဂီ ဘာသာစကားတို့ကို တတ်ကျွမ်းသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးနှစ်ဦးထွန်းကားသည်။ **(သတင်းစဉ်)**



## ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အဖွဲ့ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သို့ရောက်ရှိ

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၄**

အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည့် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံမှ စင်ကာပူလေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ်၊ ကောင်စစ်ဝန်ချုပ်နှင့် သံရုံးမိသားစုများက လော့စ်အိန်ဂျလိစ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လော့စ်အိန်ဂျလိစ်မြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် ညနေ၄ နာရီ ၁၀ မိနစ်တွင် အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကျင်းပမည့် Rancho Mirage မြို့ရှိ ခေတ္တတည်းခိုမည့် Westin Mission Hills ဟိုတယ်သို့ ရောက်ရှိသည်။

**(သတင်းစဉ်)**




## စတုတ္ထအကြိမ် တိုင်းရင်းမီဒီယာညီလာခံ ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင်ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၅**

စတုတ္ထအကြိမ် တိုင်းရင်းမီဒီယာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရခိုင်ပြည်နယ် မြောက်ဦးမြို့ ညောင်ပင်ဈေးရပ်ကွက်ရှိ မြောက်ဦးဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းမီဒီယာညီလာခံကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနား ဖွင့်ပွဲမှခ်ဦးအား ရခိုင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေ၊ Burmese News International (BNI) မှ Excuetive Director ဒေါ်နန်းဖော့ဂေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်က မီဒီယာဆိုင်ရာအခန်းကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက မီဒီယာနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ မီဒီယာကျင့်ဝတ်နှင့် အမျိုးအစားများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ညီလာခံပထမနေ့တွင် (BNI)မှ Excuetive Director ဒေါ်နန်းဖော့ဂေက အစိုးရနှင့် သတင်းမီဒီယာလုပ်ငန်းစိန်ခေါ်မှု၊ တိုင်းရင်းမီဒီယာရေးရာကိစ္စရပ်များ ရေရှည်ခိုင်မြဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုင်းရင်းသားတို့သိရှိနိုင်ရန် အလေးထားဆောင်ရွက်ရေးတို့နှင့် (BNI) Board of Director ဦးနိုင်ကဆော့မွန်က မီဒီယာတင်ပြမှုနှင့် စတုတ္ထမဏ္ဍိုင်အခန်းကဏ္ဍတို့တွင် နယ်စွန်နယ်ဖျားရှိ တိုင်းရင်းသားများ သိရှိနိုင်စေရေး၊ အစိုးရအပြောင်းအလဲတွင် သတင်းရယူရေး၊ လွတ်လပ်မှုတမှုတို့ကို တင်ပြဆွေးနွေးသွားရေးနှင့် တိုင်းရင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှလှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက တိုင်းရင်းမီဒီယာညီလာခံသို့ ပေးအပ်သည်။

ဆက်လက်၍ ညီလာခံဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပရာ သတင်းမီဒီယာအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။ ယနေ့ညီလာခံတွင် ရခိုင်ယဉ်ကျေးမှုအမွေအနှစ်များ၏ အခြေအနေနှင့်စိန်ခေါ်မှုများခေါင်းစဉ်နှင့် စပ်လျဉ်း၍ မြောက်ဦးမြို့ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှုအသင်းဥက္ကဋ္ဌ ဒေါ်ခင်သန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြတိုက်အတိုင်ပင်ခံပညာရှင် ဒေါ်နုမြဖုံ၊ မြောက်ဦးမြို့ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှု ဒုတိယဥက္ကဋ္ဌ ဦးသန်းမြင့်၊ မြန်မာမီဒီယာ ရှေ့နေကွန်ရက် ဥက္ကဋ္ဌ ဦးအောင်စိုးဦးနှင့် နိရဥ္စရာ အယ်ဒီတာချုပ် ဦးခိုင်မြတ်ကျော်တို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ခေါင်းစဉ်အား မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီဒုတိယဥက္ကဋ္ဌ နိုင်ချမ်းတွဲ၊ ဒေါက်တာအင်ဒရူး (Myanmar Peace Centre)၊ (ABSDF)မှ ရဲဘော်သံခဲ၊ ရခိုင်အမျိုးသမီးအစည်းအရုံး (ALP)မှ ဒေါ်စောမြရာဇာလင်း၊ (BNI) Board of Director မှ ဦးနိုင်ကဆော့မွန်တို့က ဦးဆောင်ဆွေးနွေးကြသည်။

ယင်းနောက် ရခိုင်ဒေသ သယံဇာတများ ခွဲဝေသုံးစွဲရေးနှင့်ပတ်သက်ပြီး ဦးဝင်းအောင်(AGRAM)၊ ဦးမင်းဇာနည် (Myanmar Development Resource)၊ ဦးအောင်မင်းဦး(ရခိုင်လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့)၊ ဒေါ်မွန်မွန်မြတ်တို့က ဆွေးနွေးကြသည်။

ညီလာခံ ဒုတိယနေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး တတိယမြောက်နေ့ကို ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် ပြန်/ဆက်**

## ပျူအနွယ်ဖွားတောင်သားလူမျိုးများ၏ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုအမွေအနှစ်များကိုလေ့လာနိုင်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆောမြို့နယ်၊ ထီးလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်တို့တွင် ရှေးခေတ်ပျူလူမျိုးများမှ ဆင်းသက်လာကြသော ပျူအနွယ်ဖွားတောင်သားလူမျိုးစုများနေထိုင်လျက်ရှိကြရာ ယင်းတို့၏ရိုးရာဓလေ့နှင့်ယဉ်ကျေးမှုအမွေအနှစ်များကိုလာရောက်လေ့လာနိုင်ရန်ဖိတ်ခေါ်လျက်ရှိကြောင်းသိရသည်။

အဆိုပါပျူအနွယ်ဝင်တောင်သားလူမျိုးများမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၁၈၀၀ ကျော်က ပုပ္ပားနယ်တစ်ဝိုက်တွင် ပန်းပဲလုပ်ငန်းလုပ်ကိုင်ခဲ့ကြသည့်ပျူလူမျိုးများဖြစ်ကြပြီး မင်းပြစ်မင်းဒဏ်ကြောင့် ယောမြို့နယ်သို့ တိမ်းရှောင်၍ အခြေချနေထိုင်ခဲ့ကြရာမှ ယခုအခါတွင်ချင်းလူမျိုးစုတစ်ခုအဖြစ်ရောက်ရှိနေခြင်းဖြစ်ကြောင်း ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ တောင်သားလူမျိုးအသင်းဥက္ကဋ္ဌ ဦးကျော်စိန်က ပြောသည်။

"တောင်သားကိုတိုင်းရင်းသား ၁၃၅ မျိုးထဲမှာ ချင်းလူမျိုးတစ်မျိုးအနေနဲ့ထည့်ထားတယ်။ ချင်းပြည်နယ်မှာနေတာလည်းမဟုတ်ဘူး။အဝတ်အစား၊စကားနဲ့သမိုင်းကြောင်းအရရော ချင်းလူမျိုးနဲ့ မတူဘူး။ ဒါကြောင့် ကျွန်တော်တို့လူမျိုးစုတွေကြာရင်ပျောက်ကွယ်သွားမှာစိုးရိမ်တဲ့အတွက် ပျူလူမျိုးအစဉ်အဆက်တွေကျန်ရှိနေသေးတယ်ဆိုတာကိုသိစေချင်ပါတယ်"ဟု၎င်းက ပြောသည်။

လက်ရှိတွင်တောင်သားစကားနှင့်တောင်သားအဝတ်အစားကိုလူငယ်များပြောဆိုဝတ်ဆင်မှုနည်းပါးလာခြင်းကြောင့် လူမျိုး၏ရိုးရာအမွေအနှစ်များမပျောက်ရန်စည်းရုံးမှုများလုပ်ဆောင်နေရကြောင်း သိရသည်။

"တောင်သားစကားကိုနောက်ပိုင်းလူငယ်တွေပြောရမှာရှက်လာတယ်။လူကြီးတွေပဲပြောတတ်ပြီးလူငယ်တွေမပြောတတ်တဲ့အတွက်နောင်မျိုးရိုးနှစ်ဆက်သုံးဆက်ဆိုရင်တောင်သားစကားပျောက်သွားနိုင်တယ်။စကားပျောက်တာနဲ့တောင်သားလူမျိုးလဲပျောက်မှာပဲ။အဝတ်အစားဆိုလည်းသိပ်မဝတ်ချင်ကြဘူး။ဒါကြောင့်တောင်သားလူမျိုးမှန်ရင်တောင်သားအဝတ်အစားကို ပွဲရှိတိုင်းဝတ်ရမယ်ဆိုပြီးပြောထားတယ်"ဟု၎င်းကပြောသည်။တောင်သားစကားမှာချင်း၊ရှေးဗမာနှင့်ပျူစကားများပေါင်းစပ်ထားခြင်းဖြစ်ပြီး အမျိုးသားဝတ်စုံအနေဖြင့် ယခင်က ရင်ဖုံး၊တိုက်ပုံ၊ တောင်ရှည်ဝတ်ဆင်ကာ ယခုခေတ်တွင်ကြိုးကွင်းသိုင်းတိုက်ပုံဝတ်ဆင်ကြပြီး အမျိုးသမီးဝတ်စုံတွင်လည်း ၎င်းတို့ခြုံသည့်တဘက်မှာတောင်သားအမျိုးသမီးများ၏ဟန်ပန်ပင်ဖြစ်ကြောင်းတောင်သားလူမျိုးများအကြောင်းလေ့လာသူ တမ္ပဝတီဦးဝင်းမောင်(မြန်မာမှုဗိသုကာပညာရှင်)က ဆိုသည်။ "တောင်သားအမျိုးသမီးတွေဟာပေ ၂၀၀၀ နဲ့ပေ ၃၀၀၀ မြင့်တဲ့ပုံတောင်ပုံညာတောင်ကိုတက်လိုက် ဆင်းလိုက်လုပ်ရတော့ မောလာတယ်။ဒါကြောင့် အမျိုးသမီးတွေခြုံတဲ့တဘက်ကိုရင်စည်းလိုက်တယ်။သက်လုံကောင်းလာအောင်ပေါ့။ဒီပုံစံကနောက်ပိုင်းမှာတောင်သားသူတွေရဲ့ဟန်ဖြစ်သွားတယ်။ စည်းတဲ့တဘက်သုံးမျိုးရှိတယ်။ အသက် ၂၀ မပြည့်ခင်အဖြူရောင်စည်းရတယ်။အသက် ၂၀ နဲ့အိမ်ထောင်မကျခင်အနီရောင်စည်းရပြီးအိမ်ထောင်ကျရင်အနက်ရောင်စည်းရတယ်"ဟု ၎င်းကပြောသည်။လက်ရှိတောင်သားလူမျိုးအများစုမှာ ဆောမြို့နယ်အတွင်း ၂၆ ရွာ၊ ထီးလင်းမြို့နယ်အတွင်း ၂၃ ရွာ၊ ဂန့်ဂေါမြို့နယ်အတွင်း သုံးရွာတို့တွင် နေထိုင်လျက်ရှိကြပြီး ၎င်းတို့လူမျိုးစုများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုဓလေ့များကိုလေ့လာနိုင်ရန် ဘာသာဗေဒပညာရှင်များ၊သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များနှင့်သတင်းမီဒီယာသမားများအားဖိတ်ခေါ်လျက်ရှိကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❖

# တောင်ကိုရီးယားစစ်ဘက်ရဟတ်ယာဉ်ပျက်ကျ တပ်ဖွဲ့ဝင်သုံးဦးသေဆုံး



ဆိုးလ် ဖေဖော်ဝါရီ ၁၅

**ဖေဖော်ဝါရီ ၁၅ ရက် နံနက်က တောင်ကိုရီးယားနိုင်ငံအရှေ့ပိုင်း ချမ်ခွန်မြို့တော်ရှိ လူနေရပ်ကွက်တစ်ခုအနီးတွင် တောင်ကိုရီးယားတပ်မတော်မှ ရဟတ်ယာဉ်တစ်စင်း စမ်းသပ်ပျံသန်းမှုတစ်ခုအတွင်း ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။**

ရဟတ်ယာဉ်ပေါ်ပါ အမှုထမ်းလေးဦးစလုံး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ၎င်းတို့အနက် သုံးဦးမှာ ဆေးရုံ၌သေဆုံးသွားခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

UH-1H Iroquois စစ်ရဟတ်ယာဉ်သည် ဌာနချုပ်တည်ရှိရာအရပ်မှ စတင်ထွက်ခွာပြီးမကြာမီ ပျက်ကျခဲ့ကြောင်း တောင်ကိုရီးယားအခြေစိုက် ယွန်ဟပ်သတင်းဌာနကဆိုသည်။ ရဟတ်ယာဉ်ပျက်ကျမှုမှာ ဆိုးလ်မြို့တော်မှ ကီလိုမီတာ ၁၁၀ (၆၈ မိုင်) ခန့်ကွာဝေးသော နိုင်ငံအရှေ့ပိုင်းရှိ ချမ်ခွန်မြို့တော်၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီ ဝန်းကျင်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရိုက်တာ။**

# ပြန်ပေးဆွဲခံဂျပန်နိုင်ငံသားများအရေး စုံစမ်းမှုရပ်တန့်ခဲ့ခြင်းအပေါ် ပြုံယမ်းအား ဂျပန်ဖိအားပေး



**ကျိုတို ဖေဖော်ဝါရီ ၁၅**

မြောက်ကိုးရီးယားနိုင်ငံအား ၎င်းပြန်ပေးဆွဲခဲ့သည့် ဂျပန်နိုင်ငံသားများအရေး စုံစမ်းစစ်ဆေးမှုရပ်တန့်ခဲ့ခြင်းအပေါ် ဂျပန်အစိုးရထိပ်တန်းပြောခွင့်ရသူက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြင်းထန်စွာဝေဖန်ခဲ့သည်။

ဂျပန်ပါလီမန်အကြီးအကဲ ယိုရှီဒိုဆူဂါက သတင်းထောက်များအား စုံစမ်းစစ်ဆေးမှုများ ရပ်တန့်ကြောင်း မြောက်ကိုရီးယားကပြောဆိုခဲ့ပြီးနောက် သုံးရက်အကြာဖေဖော်ဝါရီ ၁၅ ရက်တွင် အထက်ပါဝေဖန်ချက်ကို ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းကမြောက်ကိုရီးယား၏ဆုံးဖြတ်ချက်သည် ဝမ်းနည်းဖွယ်ဖြစ်ပြီး လုံးဝလက်မခံနိုင်သော ဆုံးဖြတ်ချက်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။

ဆူဂါက ဂျပန်အစိုးရအနေဖြင့် မြောက်ကိုးရီးယား၏ အထက်ပါဆုံးဖြတ်ချက်အပေါ် ကန့်ကွက်ကြောင်း ပြောဆိုလိုက်ပြီး ၂၀၁၄ စတော့ဟုန်း သဘောတူညီချက်အရ ပြန်ပေးဆွဲခံခဲ့ရသောဂျပန်နိုင်ငံသားများအား အမြန်ဆုံးလွှဲပြောင်းပေးအပ်ရန် တောင်းဆိုခဲ့သည်။ ၎င်းက အဆိုပါဂျပန်နိုင်ငံသားများ၏အရေးသည် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအစိုးရအတွက် အရေးကြီးသောကိစ္စဖြစ်ကြောင်း ပြောဆိုခဲ့သည်။

**အန်အိတ်ချ်ကေ။**

# တာလီဘန်တို့တိုက်ခိုက်ခဲ့သော ပါကစ္စတန်မှ တက္ကသိုလ်ပြန်လည်ဖွင့်လှစ် တက္ကသိုလ်ဆရာများ သေနတ်ကိုင်ဆောင်ခွင့်ပြုမည်ဟုဆို

**ပက်ရှ်ဝါ ဖေဖော်ဝါရီ ၁၅**

လွန်ခဲ့သည့် လအတွင်းက ပါကစ္စတန် တာလီဘန် စစ်သွေးကြွများ၏ စီးနင်းတိုက်ခိုက်မှုကြောင့် လူ ၂၀ ထက် မနည်းသေဆုံးခဲ့ရသော တက္ကသိုလ်ကျောင်းတစ်ကျောင်းကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ရာ ကျောင်းသားများမှလွဲ၍ ဆရာများအား သေနတ်ကိုင်ဆောင်ခွင့်ပြုကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

ပါကစ္စတန် တာလီဘန်စစ်သွေးကြွများသည် နိုင်ငံအတွင်းရှိ စာသင်ကျောင်းနှင့် တက္ကသိုလ်များကို ပိုမိုတိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဟု ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ချာဆာဒါမြို့မှ ဗာချာခန်တက္ကသိုလ်ကို တာလီဘန်လက်နက်ကိုင်များက ဇန်နဝါရီ ၂၀ ရက်တွင် စီးနင်းတိုက်ခိုက်ခဲ့ရာ လူ ၂၀ ထက်မနည်းသေဆုံးခဲ့ရသည်။ ယင်းတိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေ ညံ့ဖျင်းနေခြင်း၏ ပြယုဂ်တစ်ခု ဖြစ်ခဲ့သည်။

ပါကစ္စတန်နိုင်ငံ၌ ၂၀၁၅ ခုနှစ်က ထိတ်လန့်ချောက်ချားဖွယ်ကောင်းသော အစုလိုက် အပြုံလိုက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ဖူးသည်။ တာလီဘန်စစ်သွေးကြွများသည် ပက်ရှ်ဝါမြို့မှ ၁၉ မိုင် (၃၁ ကီလိုမီတာ) အကွာရှိ စစ်တပ်ပိုင် အထက်တန်းကျောင်းကို စီးနင်းတိုက်ခိုက်ခဲ့ရာ ကျောင်းသား ၁၃၄ ဦး သေဆုံးခဲ့သည်။ တိုက်ခိုက်ခံရသောကျောင်းတည်ရှိရာ ပက်ရှ်ဝါမြို့သည် ခိုင်ဘာတောင်ကြားဒေသမှ အထင်ကရမြို့ဖြစ်ပြီး ပထန်ကာဝါပြည်နယ်ရှိ မြို့ကြီးတစ်မြို့ဖြစ်သည်။

တာလီဘန်အဖွဲ့၏ အတိုက်ခိုက်ခံရသော အဆိုပါတက္ကသိုလ်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ခြင်းမပြုမီ အထူးလုံခြုံရေးအစီအစဉ်များကို ဆောင်ရွက်ခဲ့သည်။ တက္ကသိုလ်ကျောင်းခန်းမများ၌ စီစီတီဗွီရုပ်မြင်ကင်ရာသစ်များ တပ်ဆင်ခြင်း၊ လုံခြုံရေးအစောင့်အကြပ်များကို ပိုမိုငှားရမ်းခြင်း၊ တက္ကသိုလ် ခြံဝင်းလုံခြုံစေရန် မြင့်မားသော တံတိုင်းနံရံများ တည်ဆောက်ခြင်းတို့ ပြုလုပ်ခဲ့သည်။ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ လိုင်စင်ဖြင့် လက်နက်ကိုင်ဆောင်ခွင့်ရရှိသော တက္ကသိုလ်ဆရာများအနေဖြင့် လက်နက်များကိုင်ဆောင်ခွင့်ရှိသော်လည်း ၎င်းတို့ယူဆောင်လာသည့် လက်နက်များကို စာသင်ခန်းများအတွင်း အများမြင်သာအောင် ပြသခွင့်မရှိပေ။

**ရိုက်တာ။**

# အမေရိကန်နှင့် မြောက်ကိုရီးယား တိုက်ရိုက်ဆွေးနွေးရန် တရုတ်တိုက်တွန်း

ပေကျင်း ဖေဖော်ဝါရီ ၁၅

**အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား ဖြစ်ပေါ်နေသော ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် နှစ်နိုင်ငံ တာဝန်ရှိသူများ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးကြရန် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်တွင် တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန် သည်။**

မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးပျံစမ်းသပ်ပစ်လွှတ်မှုအပေါ် အကြောင်းပြု၍ ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုမြင့်တက်နေချိန်တွင် တရုတ်နိုင်ငံက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မြောက်ကိုရီးယား၏ ဒုံးပျံ ပစ်လွှတ်မှုကြောင့် တရုတ်နိုင်ငံမှာ ဒေါသအမျက် ထွက်ခဲ့ရသည်။ ထိုစဉ်အတွင်း မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုကို ဟန့်တားနိုင်ရန် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က အဆင့်မြင့်နည်းပညာသုံး ဒုံးကျည်ကာကွယ်ရေး စနစ်တစ်ခုကို ဖြန့်ကြက်ရန် စီစဉ်နေခြင်းအတွက် တရုတ်နိုင်ငံက စိုးရိမ်ပူပန်မှု ဖြစ်ရကြောင်း၊ ကိုရီးယားကျွန်းဆွယ်၌ အမေရိကန်က ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်ခြင်းသည် တရုတ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအပေါ် အကျိုးသက်ရောက်စေနိုင်သည်ဟု တရုတ်တာဝန်ရှိသူများက ပြောကြားကြကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားတို့အနေဖြင့် ယင်းတို့၏ စိုးရိမ်ဖွယ်ရာ အကြောင်းချင်းရာများနှင့် ပတ်သက်၍ နှစ်နိုင်ငံတာဝန်ရှိသူများ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးကြရန် မိမိတို့တိုက်တွန်းကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လေက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**ရိုက်တာ။**

# တီဗွီကြယ်ပွင့်ဟောင်းအား နှိပ်စက်ခဲ့သူ ကမ္ဘောဒီးယားသူဌေးကြီး ထောင်ဒဏ်သုံးနှစ်ချမှတ်ခံရ

**ဖနောင်ပင် ဖေဖော်ဝါရီ ၁၅**

ပြီးခဲ့သည့်နှစ်ဇူလိုင်လက အချေအတင်အငြင်းပွားမှု တစ်ခုအတွင်း တီဗွီကြယ်ပွင့်ဟောင်းတစ်ဦးအပေါ် ရက်စက်စွာ နှိပ်စက်မှုကြောင့် ကမ္ဘောဒီးယားတရားရုံးတစ်ရုံးက အိမ်ခြံမြေသူဌေးကြီး ဆော့ခ်ဘမ်အား ထောင်ဒဏ်သုံးနှစ် ယနေ့ချမှတ်လိုက်ကြောင်း ဒေသန္တရသတင်းများအရ သိရသည်။



**တီဗွီကြယ်ပွင့်ဟောင်း အက်ခ်ဆိုချီ တာအား နှိပ်စက်ညင်းပန်းခံရပြီးနောက်တွေ့ရစဉ်။**

လွန်ခဲ့သောနှစ် ဇူလိုင် ၂ ရက်က ဆာဆာဟုလူသိများသည့် တီဗွီကြယ်ပွင့်ဟောင်း အက်ခ်ဆိုချီတာအပေါ် ရည်ရွယ်ချက်ရှိစွာ အကြမ်းဖက်မှုများကျူးလွန်ခဲ့မှုဖြင့် ဆော့ခ်ဘမ်အား တရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်ကြောင်း ဆုံးဖြတ်ချက်ကြေညာခဲ့သည့် ဖနောင်ပင်မြူနီစီပယ်လ်တရားရုံးမှ တရားသူကြီး ဆော်လီနာက ပြောကြားသည်။ ထို့အပြင် ၎င်းအား ဒဏ်ငွေ ရီရယ် ၆ သန်း (အမေရိကန်ဒေါ်လာ ၁၅၀၀) ပေးဆောင်ရန်လည်း တရားရုံးက အမိန့်ချမှတ်ခဲ့သည်။

ဆော့ခ်ဘမ်မှာ တီဗွီကြယ်ပွင့်ဟောင်းဆာဆာနှင့် အချေအတင်အငြင်းပွားမှုတစ်ခုဖြစ်ပွားခဲ့ပြီး ၎င်း၏ကိုယ်ရံတော်က ဆာဆာ၏မျက်နှာကို သေနတ်ဖြင့် ချိန်လျက် ကြမ်းပြင်သို့ တရွတ်တိုက်ဆွဲခေါ်သွားပြီး လက်သီးဖြင့်ထိုးခြင်း၊ ကန်ကျောက်ခြင်း၊ ခြေဆောင့်နင်းခြင်းနှင့် သူမကိုယ်ပေါ်မှ အဝတ်အစားများချွတ်ယူသည်ကို ပြသသော ဖေ့စ်ဘုတ်ပေါ်၌တင်ခဲ့သည့် လုံခြုံရေးကင်မရာပြကွက် ပေါက်ကြားပြီးနောက် ကမ္ဘောဒီးယားအိမ်ခြံမြေအကျိုးတော်ဆောင်များအသင်းနှင့် Teho-SBG Development Company ဥက္ကဌဟောင်းဖြစ်သူ ဆော့ခ်ဘမ်အား ပြီးခဲ့သည့်နှစ် ဇူလိုင် ၁၈ ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

သူဌေးကြီး ဆော့ခ်ဘမ်က ဆာဆာအား မည့်ရွေ့မည်မျှ မဖော်ပြထားသော လျော်ကြေးငွေပေးပြီးနောက် ပြီးခဲ့သည့်လတွင် အဆိုပါတီဗွီကြယ်ပွင့်ဟောင်းက သူ၏ တိုင်ကြားချက်ကို ရုတ်သိမ်းခဲ့လင့်ကစား ဆော့ခ်ဘမ်၏စီရင်ချက်ကို တရားရုံးက ယနေ့ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ဆာဆာက ဆော့ခ်ဘမ်ထံမှ အမေရိကန်ဒေါ်လာ တစ်သိန်း လျော်ကြေး ကမ်းလှမ်းချက်များကို ယခင်က ပယ်ချခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**

# စင်ကာပူ၌ မူးယစ်ဆေးဝါးသုံးစွဲသူ ၂၀၁၅ ခုနှစ်တွင် ၆ ရာခိုင်နှုန်းတိုး

**စင်ကာပူ ဖေဖော်ဝါရီ ၁၅**

စင်ကာပူ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဗျူရိုသည် ၂၀၁၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူ ၃၃၄၈ ဦးကို ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

စင်ကာပူနိုင်ငံ၌ ၂၀၁၄ ခုနှစ်က မူးယစ်ဆေးဝါးသုံးစွဲသူ ၃၁၅၈ ဦးကို ဖမ်းဆီးခဲ့ရာ နှစ်အလိုက်နှိုင်းယှဉ်ချက်အရ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အဖမ်းခံရသူ ၆ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်ကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဗျူရို၏ အစီရင်ခံစာတွင် ဖော်ပြသည်။

စင်ကာပူနိုင်ငံ၌ မူးယစ်ဆေးဝါးသုံးစွဲသူများက အဓိကသုံးစွဲသော မူးယစ်ဆေးဝါးနှစ်မျိုးမှာ အိုက်စ်(ခေါ်) မီသမ်ဖက်တာမင်းနှင့် ဘိန်းဖြူတို့ ဖြစ်ကြသည်။

**ရိုက်တာ။**

# စည်ကားသိုက်မြိုက်စွာဆင်နွှဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀) ပြည့်အထိမ်းအမှတ်ပွဲ

သတင်းနှင့်ဓာတ်ပုံ-အောင်ဝမ်းစိုး

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ် (၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**


ဦးအောင်လွင်။


ဇာဂနာ။


ဇော်ဝင်းထွဋ်။


ရင်ဂို။


ဇော်ပိုင်။


သားစိုး။


ချမ်းချမ်း။


နီနီခင်ဇော်။


ဆုန်သင်းပါရ်။

အဆိုပါ အခမ်းအနားသို့ တက်ရောက် ဖျော်ဖြေခဲ့ကြသည့် နာမည်ကြီး အဆိုတော်များ၊ ရုပ်ရှင်အနုပညာရှင်များနှင့် အနုပညာရှင်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့် အထိမ်းအမှတ်နှင့် ပတ်သက်သည့် ဝမ်းသာပီတိစကားသံများ၊ သဘောထားအမြင်များအား မေးမြန်းခဲ့ရာ နာမည်ကြီး အဆိုတော် ချမ်းချမ်းက "တကယ်ဆို အချစ်ပဲလိုတယ်၊ ရှိသည်ဖြစ်သည် သီချင်းတွေနဲ့ ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ မြန်မာ့ရုပ်မြင်သံကြားဆိုတာ ကျွန်မတို့ငယ်ငယ်လေးကတည်းက အားပေးခဲ့ရတာဖြစ်ပါတယ်။ နောက်ပိုင်းမှ ရုပ်သံလိုင်းတွေ အသစ်ပေါ်လာကြတာဖြစ်ပါတယ်။ တကယ့်ကို ရုပ်/သံပင်မဖြစ်တဲ့အတွက် အခုလို လာရောက်ဖျော်ဖြေရတာ ဂုဏ်ယူပါတယ်။ ကျွန်မရဲ့ အဘိုးအဘွားတွေက မြန်မာ့ရုပ်မြင်သံကြားမှာ လုပ်ခဲ့တဲ့သူတွေဆိုတော့ သူတို့ရဲ့ အမွေကို ဆက်ခံတဲ့အနေနဲ့ ဒီမှာ လာရောက်ဖျော်ဖြေရတာ အမှတ်တရဖြစ်ပါတယ်။ နှစ် ၇၀ သက်တမ်းဆိုတာ ကျွန်မတို့ အသက်ထက်တောင် အများကြီး ကြီးပါတယ်"ဟု ပြောသည်။

ဆက်လက်၍ "ပြည်သူ့အကျိုး ထမ်းပိုးခဲ့တဲ့ မီဒီယာတစ်ခု နှစ် ၇၀ ပြည့်ခဲ့ပြီဖြစ်တဲ့အတွက် အလွန်ပဲ ဂုဏ်ယူပါတယ်။ ဒီလို နှစ်(၇၀)ပြည့် အခမ်းအနားကြီးမှာ အနုပညာရှင်တွေ အများကြီးရှိတဲ့ အထဲက ကျွန်တော်တို့ အနေနဲ့ ဖျော်ဖြေခွင့်ရတဲ့အတွက် ပျော်ပါတယ်။ ခေတ်ပေါ်အဆိုတော်တွေနဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှာ ရင်းရင်းနှီးနှီး ဖျော်ဖြေခွင့်ရတဲ့ အတွက်လည်း ဂုဏ်ယူပါတယ်။ MRTV အနေနဲ့ နှစ် ၇၀ မှသည် နှစ်ပေါင်း ၇၀၀ တိုင်ပါစေလို့လည်း ဆုတောင်းပေးပါတယ်။ ခုနှစ်ဆိုတာ လပ်ကီး ဂဏန်းဖြစ်တဲ့အတွက် ဒီနှစ်မှာ MRTVအနေနဲ့ ကောင်းမွန်တဲ့ ရလဒ်တွေ၊ မင်္ဂလာရှိတဲ့ နှစ်တစ်နှစ် ဖြစ်မယ်လို့ မြင်မိပါတယ်။ MRTV အနေနဲ့ တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက် အများကြီး သယ်ပိုး ထမ်းဆောင်ပေးနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်" ဟု အဆိုတော် သားစိုးက ပြောသည်။

အဆိုတော် နီနီခင်ဇော်က "အခုလို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တပ်ကုန်း)ကို ပထမဆုံးအကြိမ် လာရောက်ဖျော်ဖြေခွင့်ရတဲ့အတွက် အများကြီးဂုဏ်ယူပါတယ်။ ဒီနှစ်(၇၀) ပြည့်အခမ်းအနားကို ခမ်းခမ်းနားနားနဲ့ ကျင်းပတဲ့အတွက်လည်း နီနီ့အနေနဲ့ ပျော်ပါတယ်။ ဂုဏ်ယူပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ပြုလုပ်တဲ့ ဆိုကြမယ် ပျော်ကြမယ် အစီအစဉ်မှာ နီနီ ဝင်ပြိုင်ခဲ့ဖူးပါတယ်။ ဒါကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက နီနီ့ရဲ့ ဂီတသမိုင်း မှတ်တိုင်တစ်ခုလို့လည်း ပြောလို့ရပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ ပတ်သက်လာရင် နီနီ့ဘဝမှာ အမှတ်တရတွေ ရှိခဲ့တဲ့အတွက်ကြောင့် အခုလိုမျိုး နှစ် ၇၀ ကျော်အောင် ရပ်တည်နိုင်ခဲ့တာကို ဂုဏ်ယူပါတယ်။ ခေတ်နဲ့အညီ တိုးတက်လာတာနဲ့အမျှ ထုတ်လွှင့်မှုအပိုင်းတွေလည်း အများကြီး တိုးတက်ပြောင်းလဲလာတာကို တွေ့ရပါတယ်။ အဲဒါကိုလည်း ပြည်သူတွေနဲ့ထပ်တူ များစွာဂုဏ်ယူပါတယ်"ဟု သူ့အမြင်ကို ပြောပြသည်။

ဆက်လက်ပြီး ဟာသလူရွှင်တော် ဇာဂနာက "ကျွန်တော်ကတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက မွေးလာတဲ့ လူလိုဖြစ်နေတော့ နှစ်(၇၀) ပြည့် အခမ်းအနားဆိုတာ ကျွန်တော်တို့နဲ့ ဆိုင်ပါတယ်။ လိုအပ်တာ မှန်သမျှကိုလည်း ဝိုင်းကူလုပ်ပေးပါတယ်။ ဒီပွဲကြီး ဖြစ်မြောက်ဖို့အတွက် အနုပညာရှင်တွေ သီဆိုနိုင်ဖို့အတွက် အများကြီး ကူညီပေးခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် အောင်အောင်မြင်မြင် ဖြစ်သွားပြီဆိုတော့လည်းဝမ်းသာပါတယ်။ စိန်ရတုပွဲကျရင်လည်း ဒီထက်ပိုပြီး ခမ်းခမ်းနားနား ကျင်းပနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ တစ်လတစ်ကြိမ် ပြုလုပ်နေတဲ့ အငြိမ့်အစီအစဉ်လည်း ရှိတယ်။ နောက်ထပ် အစီအစဉ်လေး သုံးခုလောက် ထပ်လုပ်ဖို့လည်း ရှိပါတယ်" ပြောကြားသည်။

ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်က "မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ် ၇၀ ပြည့်ဆိုတော့ ကျွန်တော့်အနေနဲ့ တော်တော်လေး ဝမ်းသာစရာကောင်းပါတယ်။ ရုပ်ရှင်သမားတစ်ယောက်အနေနဲ့ ပြောရရင် မြန်မာ့ရုပ်ရှင်က နှစ် ၁၀၀ ပြည့်ပါတော့မယ်။ ထို့အတူပဲ ကျွန်တော်တို့ဟာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာပဲ မြန်မာ့ရုပ်ရှင်သီချင်းများဆိုပြီး ထုတ်လွှင့်ခဲ့ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ အသံများအဖြစ် ကျန်ရစ်ခဲ့သော သီချင်းပေါင်း ၁၅၀ လောက်ကို အရုပ်နဲ့ ပြန်ရိုက်ပြီး အရုပ်နဲ့ ပြန်သွင်းတဲ့ သီချင်းဟောင်းတွေကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ ပူးပေါင်းပြီး ပြန်လည်ရှာဖွေဖော်ထုတ်တဲ့ရအတွက် ဝမ်းသာပီတိဖြစ်ပါတယ်။ အဲဒီသီချင်းတွေကိုလည်း မကြာမီ ထုတ်လွှင့်ပါလိမ့်မယ်"ဟု ပြောသည်။

နာမည်ကြီးအဆိုတော် တစ်ဦးဖြစ်သည့် အဆိုတော် ဇော်ဝင်းထွဋ်က "ကျွန်တော်တို့ ငယ်ငယ်လေးကတည်းက ရန်ကုန်ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်းထဲကို ရောက်ခဲ့ဖူးပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက အားကျခဲ့ရတဲ့ အသံလွှင့်တာတွေ၊ စက်ကြီးတွေ၊ အင်ဂျင်နီယာတွေ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ အကုန်ရှိတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း အဆိုတော်ဖြစ်လာတော့ သီချင်းသွားရိုက်ကူးဖူးတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ရေဒီယိုလုပ်တဲ့ အခါကျတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ကြေညာသူတွေကို ခေါ်ပြီးတော့ လုပ်ခဲ့ရတယ်။ အခုလို နှစ်(၇၀)ပြည့် အခမ်းအနားမှာ လာရောက်ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းလည်းဝမ်းသာတယ်။ ဂုဏ်လည်း ဂုဏ်ယူပါတယ်။ နိုင်ငံတကာနဲ့ ယှဉ်ပြီဆိုတာနဲ့ အရင်ပုံစံမျိုးတော့ လုပ်လို့မရတော့ဘူး။ အခုချိန်မှာ MRTV က ပိုပြီး လွပ်လပ်လာတယ်။ ပိုပြီးတော့ ပွင့်လင်းလာတယ်"ဟု နှစ်(၇၀)ပြည့် အခမ်းအနားနှင့်ပတ်သက်ပြီး ၎င်း၏ အမြင်ကို ပြောပြသည်။

ဆက်လက်ပြီး အဆိုတော် ဇော်ပိုင်က "မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်ဆိုတာ ကျွန်တော်တို့အနေနဲ့ ကြုံကြိုက်လို့ လာရောက်ဖျော်ဖြေရတယ်လို့ မှတ်ယူပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်ကနေ နောင်နှစ်ပေါင်းများစွာ အောင်မြင်တဲ့ မီဒီယာတစ်ခုဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။ ဒီနေ့ပွဲမှာလည်း ခါတိုင်းလုပ်နေကျ ပုံစံမျိုးနဲ့ မတူဘဲနဲ့ နာမည်ကြီး အနုပညာမောင်နှမတွေနဲ့အတူ သီဆိုဖျော်ဖြေရမယ်ဆိုတော့လည်း ပျော်လည်း ပျော်စရာကောင်းပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ကြိုက်နှစ်သက်ပါတယ်။ ဗဟုသုတတွေ အများကြီးရတဲ့ ကဏ္ဍတွေပါတယ်။ ငယ်ငယ်ကတည်းက ကျွန်တော်တို့က MRTV နဲ့ ကြီးပြင်းလာခဲ့ရတာပါ။ ဒါ့ကြောင့် သံယောဇဉ်လည်း ရှိပါတယ်"ဟု ပြောသည်။

"မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့် ထူးထူးခြားခြား အစီအစဉ်မှာ လာရောက်သီဆိုဖျော်ဖြေရတာ အထူးပဲဝမ်းသာပါတယ်။ အရင်တုန်းကတော့ ကျွန်တော်တို့က အခန်းထဲမှာပဲ ရိုက်ကူးရေးလေးလောက်ပဲ လုပ်ခဲ့ရတာပါ။ အခုလို အပြင်မှာ Live ပုံစံမျိုး ဆိုရတာက ပိုအားရတယ်။ အဲဒီလို ပရိသတ်နဲ့ ဆိုချင်တာ။ အခုအခမ်းအနားပွဲမှာ ချက်ချင်းရိုက်ကူးထုတ်လွှင့်မယ်ဆိုတော့ တစ်နိုင်ငံလုံးက ကြည့်ရတဲ့ ပရိသတ်တွေ ပိုအဆင်ပြေပါတယ်။ ဒီ နှစ်(၇၀)ပြည့်မှာ လာရောက်သီဆိုရတာပဲ ဝမ်းသာလှပါတယ်။ ဂုဏ်လည်း ဂုဏ်ယူပါတယ်"ဟု တက်ကြွစွာဖြင့် အဆိုတော် ရင်ဂိုက ပြောသည်။

အဆိုတော် ဆုန်သင်းပါရ်ကလည်း "မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဆိုတာက အရင်တုန်းက ပေါ်လစီပိုင်းတွေကိုပဲ သီဆိုခဲ့ရတာပါ။ အဲဒီမှာ ဆုန်သင်းက ညီလာခံသီချင်းတွေပဲ ဆိုခဲ့ရတာပါ။ အရင်တုန်းက ဘာရုပ်သံလိုင်းတွေမှ မရှိခင် MRTV ကတော့ ပထမဆုံး မြင်ဆရာ၊ ကြားဆရာဖြစ်ခဲ့ပါတယ်။ အဲဒီကမှ တစ်ဆင့် အဆိုတော်ကြီးတွေရဲ့ သီချင်းတွေကို စောင့်ပြီး နားထောင်ခဲ့ရပါတယ်။ ဇာတ်လမ်းတွဲလေးလည်း ကြည့်ခဲ့ရပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့် အထိမ်းအမှတ်မှာ တကယ့်ကို Live ဖျော်ဖြေခွင့်ရတဲ့အတွက်ကြောင့် အလွန်ဂုဏ်ယူတယ်။ တကယ့် Show ပွဲရဲ့ ခံစားချက်အစစ်နဲ့ သီဆိုရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီပွဲမှာ အင်ပါရာ တီးဝိုင်းနဲ့အတူ သီချင်းလေးပုဒ်သီဆိုမှာပါ။ MRTV ကို အရင်တုန်းကတည်းက နှစ်သက်ခဲ့တယ်။ ဇာတ်လမ်းတွဲလေးတွေ၊ သီချင်းတွေကို အတော်ကြိုက်ခဲ့ပါတယ်။ အခုနောက်ပိုင်းလည်း MRTV က တခြား ရုပ်သံလိုင်းတွေပေါ်လာပေမယ့် တကယ့်ကို သက်တမ်းရှည်တဲ့ ရုပ်သံလိုင်းတစ်ခုပါ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ အကြိုက်ဆုံးကတော့ သတင်းကြေညာသူတွေရဲ့ အသံပါ။ အဲဒီအသံကတော့ အခုခေတ်မှာရှိတဲ့ တခြားရုပ်သံလိုင်းတွေက မမီသေးပါဘူး"ဟု အပြုံးပန်းများစွာဖြင့် ပြောကြားသည်။

မြန်မာ့အသံ၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် "ဗမာ့အသံ"ဆိုသည့် အမည်နှင့် စတင်ပေါ်ပေါက်ခဲ့ပြီး ၁၉၅၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် "မြန်မာ့အသံ"ဆိုသည့်အမည်ကို ပြောင်းလဲခဲ့သည်။ ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ရောင်စုံရုပ်မြင်သံကြား အစီအစဉ်များကို ထုတ်လွှင့်လာခဲ့ပြီးနောက် ယနေ့အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟူ၍ ရပ်တည်နိုင်ခဲ့ပြီး နိုင်ငံပိုင်မီဒီယာ လုပ်ငန်းကြီးတစ်ခုအဖြစ် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

ယနေ့ကျင်းပသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ခဲ့ကြပြီး နာမည်ကြီး အဆိုတော်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

## ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ဒဂုံမြို့သစ်မြောက်ပိုင်း(၂၈) ရပ်ကွက်ဓမ္မပါလဓမ္မာရုံမှ ကြီးမှူး၍ အကြိမ် (၂၀)မြောက်ဆွမ်းသိမ်းအောင်ပွဲနှင့်အတူ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်း ၁၂ ကျောင်းမှ သံဃာတော်အရှင်မြတ် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ ကြောင်း သိရသည်။

(ကြေးမုံ)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# မျက်စိရုတ်တရက်မှုန်သွားပြီဆိုလျှင်

ဒေါက်တာကညွန့်

ကျောင်းနေဖက်သူငယ်ချင်း သူ့အဆိုအရ လွန်ခဲ့တဲ့ တစ်ပတ်လောက်က သူ့မျက်စိဟာ အကောင်း၊ ပုံမှန် အလုပ်တွေကို လုပ်နေနိုင်သူ၊ ရက်ပိုင်းအတွင်းမှာ မြင်ကွင်းထဲ ဆံခြည်မျှင်လို အမျှင်တန်းတွေပေါ်ပြီး လျှပ်စီးလက်သလိုမြင်ရကာ အရိပ်တစ်ခုမြင်ရသလို မြင်ကွင်းထဲမှာ ပေါ်လာတယ်လို့ဆိုပါတယ်။ အကြည့် ရလည်းခက်၊ ပုံမှန်ကြည့်ရတဲ့စာတွေ၊ ကွန်ပျူတာ မျက်နှာပြင်တွေမှာလည်း မှုန်သွား။ တစ်ဖက်ပိတ်ပြီး တစ်ဖက်နှင့်စမ်းကြည့်တော့ တစ်ဖက်က အကောင်း ပကတိ၊ နောက်တစ်ဖက်မှာ သိသိသာသာမှုန်နေ။ ဒီအခြေအနေကြောင့် ကျွန်တော့်ထံရောက်လာ။ လာလာချင်းပဲ အမြင်စွမ်းရည်ကို သုတတ်ထားတဲ့ အနုတ်လက္ခဏာ ပါဝါမျက်မှန်နှင့် စမ်းလိုက်တော့ အကောင်းဖက်က ၆/၆။ အသေးဆုံးလိုင်းထိမြင်နိုင်။ ကျန် တစ်ဖက်မှာတော့ အကြီးဆုံး အလုံးကိုပင် မမြင်နိုင်တော့။ မျက်စိနီခြင်း၊ ကိုက်ခြင်းမရှိဘဲ အခုလိုမှုန်သွားခြင်းအတွက် မျက်စိရဲ့အနောက်ခြမ်းကို စမ်းသပ်ရန် မျက်သူငယ်အိမ်ကျယ်ဆေးကို ခတ်လိုက်ရပါတယ်။ နောက် ၁၅ မိနစ်၊ မိနစ် ၂၀ မှသာ မျက်စိသူငယ်အိမ်ကျယ်မှာကြောင့် သူ့ကို ခေတ္တထိုင်ခိုင်းထားပြီး ရှင်းပြရတော့တယ်။

မျက်စိမှုန်ခြင်းမှာ ရုတ်တရက်မှုန်ခြင်းနှင့် တဖြည်းဖြည်းမှုန်ခြင်းဆိုပြီး နှစ်မျိုးရှိလေရာ အခုဖော်ပြမယ့် အကြောင်းမှာ မျက်စိရုတ်တရက်မှုန်ခြင်းဖြစ်၍ ဒီအကြောင်းကိုပြောပါမယ်။ မျက်စိရုတ်တရက်မှုန်သွားရခြင်းအကြောင်းမှာလည်း နီကိုက်ပြီးမှုန်ခြင်းလား၊ နီခြင်း၊ ကိုက်ခြင်းမရှိဘဲ မှုန်သွားခြင်းလားဆိုပြီး အကြောင်းနှစ်မျိုး ရှိပြန်ပါတယ်။ နီကိုက်ပြီး မှုန်သွားရခြင်းအကြောင်းများတွင် မျက်ကြည်လွှာအနာဖြစ်ပြီး ရောင်ရမ်းခြင်း၊ မျက်ကြည်လွှာထိခိုက်ဒဏ်ရာရခြင်း၊ မျက်စိအရှေ့ခန်းတွင် သွေးခြည်ဥခြင်း (Hyphaema)၊ မျက်စိအရှေ့ခန်း အတွင်း ရောင်ရောဂါဖြစ်ခြင်း (Anteria Uvietis) နှင့် ထောင့်ကျဉ်း ရေတိမ်ရောဂါ (Angle Closuer Glaucoma - ACG) တို့ ပါဝင်ပါတယ်။

ကျန်အုပ်စုဖြစ်တဲ့ နီခြင်း၊ ကိုက်ခြင်းမရှိပါဘဲ မျက်စိရုတ်တရက်မှုန်သွားရခြင်းအကြောင်းများတွင်မှ (၁)ထိခိုက်ဒဏ်ရာကြောင့် မျက်စိအတွင်း မှန်ဘီလူးပြုတ်ကျခြင်း (Dislocation of Lens)၊ (၂) မျက်စိအတွင်းခန်း သွေးယိုခြင်း (Vitrerus Haemorrhage)၊ (၃) မျက်စိအာရုံကြောလွှာကွာကျခြင်း (Retinal Detachment)၊ (၄) မျက်စိအာရုံကြောကို အားပေးသည့် သွေးလွှတ်ကြောပိတ်ခြင်း (Central Retinal Artery Oculsion)၊ (၅) မျက်စိအာရုံကြောလွှာမှ ပြန်ထွက်သည့် သွေးပြန်ကြောပိတ်ခြင်း (Central Retinal Vein Oclusion)၊ (၆) မျက်စိအာရုံကြောမကြီး ရောင်ရမ်းခြင်း (Optic Neuritis)၊ (၇) မျက်စိအာရုံကြောမကြီးကို အားပေးသည့် သွေးကြောပိတ်ခြင်း (Ischaemic Optic Neuropathy) နှင့် (၈) ဦးခေါင်းဒဏ်ရာဖြစ်စေ၊ ဦးနှောက်တွင် သွေးယိုမှုကြောင့်ဖြစ်စေ မျက်စိအာရုံကြောမကြီးအပေါ် ဖိအားသက်ရောက်ခြင်း (Compression on Optic Nerve) တို့ကြောင့် ဖြစ်တတ်ပါတယ်။

ပထမအုပ်စုဖြစ်တဲ့ နီကိုက်မှုန်ပြီး မျက်စိကွယ်သွားရခြင်းတွင် ဖြစ်လျှင်ဖြစ်ချင်း မျက်စိဌာနတွင် သွားရောက်ပြသ၍ ကုသမှုခံယူပါက မျက်စိအမြင်မဆုံးရှုံးနိုင်သလို ဒုတိယအုပ်စုဖြစ်သည့် နီကိုက်ခြင်းမရှိဘဲ မျက်စိမှုန်သွားရတဲ့ရောဂါများကိုလည်း ဖြစ်လျှင်ဖြစ်ချင်း ကုသနိုင်ပါက အမြင်အာရုံ မဆုံးရှုံးနိုင်ပါ။

သို့သော် ဒုတိယအုပ်စုတွင် ဖြစ်တတ်သည့် ရောဂါများမှာ နီခြင်း၊ ကိုက်ခြင်း အလျဉ်းမရှိသဖြင့် ဆရာဝန်များထံ စောစီးစွာရောက်လာဖို့ ခဲယဉ်းတတ်ကြပါတယ်။

နီကိုက်ခြင်းမရှိဘဲ မျက်စိရုတ်တရက်မှုန်သွားခြင်းကို ဖြစ်စေသည့် မျက်စိအတွင်းခန်းသွေးယိုခြင်း၊ မျက်စိအာရုံကြောကို အားပေးသည့် သွေးလွှတ်ကြောပိတ်ခြင်း၊ သွေးပြန်ကြောပိတ်ခြင်း၊ မျက်စိအာရုံကြောမကို အားပေးသည့် သွေးကြောပိတ်ခြင်း (Ischaemic Optic Neuropathy) တို့သည် သွေးတိုးရောဂါ၊ ဆီးချိုရောဂါရှိသူတို့တွင် ယင်းရောဂါများကို ထိန်းထိန်းသိမ်းသိမ်း ကုသမှုမခံယူသူတို့တွင် ပိုဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဒီရောဂါများကြောင့် မျက်စိရုတ်တရက်ကွယ်ခြင်းမဖြစ်နိုင်အောင် သွေးတိုး၊ ဆီးချိုရှိသူများဟာ သွေး ရုတ်တရက်တိုးသွား၊ ဆီးချိုရုတ်တရက်များသွားခြင်းများမရှိအောင် ဒီရောဂါနှင့် ပတ်သက်တဲ့ဆေးများကို ဂရုတစိုက်စားသုံးရန် လိုအပ်ပါတယ်။ ဒီရောဂါတွေဖြစ်ပါက ကုရခက်ခဲတာကြောင့် ကာကွယ်ထားတာဟာ အကောင်းဆုံးဖြစ်ပါတယ်။

ယင်းအုပ်စုတွင် ပါဝင်တဲ့ ရောဂါများအနက် အမှတ် (၃)ရောဂါဖြစ်တဲ့ (Retinal Detachment - R.D) ခေါ်တဲ့ မျက်စိအာရုံကြောလွှာကွာကျခြင်း ရောဂါတစ်ခုသာ ရှေ့ပြေးလက္ခဏာများဖြစ်ပေါ်နိုင်ပါတယ်။ ဒီရောဂါဖြစ်တတ်သူများမှာ Myopia ခေါ်တဲ့ အနီးမြင်၊ အဝေးမှုန် (အနုတ်လက္ခဏာ)မျက်မှန်ကို တပ်ဆင်ထားရသူများ ဖြစ်ပါတယ်။ ထိုလူများထဲတွင်လည်း အသက်ငယ်သူများနှင့် (-3.00) Power အောက်တပ်ဆင်ရသူများမှာ ဖြစ်ရန်ခဲယဉ်းပြီး အနည်းဆုံး (-4.00)နှင့်အထက် တပ်ဆင်ရသူများတွင် ပိုဖြစ်နိုင်ပါတယ်။ ယခု ကျွန်တော့်ထံရောက်လာတဲ့ သူငယ်ချင်းဟာလည်း အနုတ်ပါဝါ (-4.50) တပ်ဆင်ထားရသူဖြစ်ပါတယ်။ သူလည်း ဒီရောဂါခံစားပြီး ရောက်လာရသူဖြစ်ပါတယ်။ ရောဂါလက္ခဏာများမှာ ကနဦးမြင်ကွင်းထဲတွင် ဆံပင်ခြည်များကဲ့သို့ အရိပ်များမြင်ခြင်း၊ အမည်းစက်များမြင်ခြင်း၊ လျှပ်စီးလက်သကဲ့သို့ မြင်ခြင်း၊ ထိုလက္ခဏာများ ပေါ်လာပြီဆိုပါက မျက်စိအနားပေးခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ အလေးအပင်မခြင်း၊ ကိုယ်လက်ပြင်းပြင်းလှုပ်ရှားခြင်းတို့ကို ရှောင်ကြဉ်ပြီး မျက်စိဆရာဝန်တစ်ဦးဦးနှင့် အမြန်ဆုံးပြသသင့်ပါတယ်။ ရောဂါတိုးလာတာနှင့်အမျှ အမည်းရိပ်ဆံခြည်မျှင်တို့ဟာ တဖြည်းဖြည်းပိုမြင်ပြီး လျှပ်စီးလက်သလို ခဏခဏဖြစ်ကာ အာရုံကြောလွှာကွာကျခြင်းဖြစ်ပါတော့တယ်။

အာရုံလွှာကျသောအခါ ခန်းစီးလွှာကျလာသလို မြင်ကွင်းတွင်ခံစားရပြီး ကွာကျတဲ့အာရုံခံလွှာ အစိတ်အပိုင်းအပေါ်မူတည်ပြီး မြင်ကွင်းပျောက်ခြင်းဖြစ်တတ်ပါတယ်။ ဥပမာ မျက်စိအာရုံလွှာ အပေါ်ပိုင်းကွာကျပါက မြင်ကွင်းအောက်ပိုင်း မမြင်ရဖြစ်ပြီး မျက်စိအာရုံလွှာအောက်ပိုင်းကွာပါက မြင်ကွင်းအပေါ်ပိုင်းမမြင်ဖြစ်တတ်ပါတယ်။ ဥပမာ အောက်ပိုင်းအာရုံလွှာကွာမျက်စိဖြင့် လူတစ်ဦးကိုကြည့်ပါက လူရဲ့အပေါ်ပိုင်းကိုမမြင်ဘဲ အောက်ပိုင်းသာမြင်ရခြင်းမျိုး ဖြစ်ပါတယ်။

ယင်းအခြေအနေမျိုးတွင် မျက်စိအနောက်ခန်းကို အထူးကုသပေးနိုင်တဲ့ မျက်စိဆရာဝန် (Vitro Retinal Surgeon - V.R) ဆရာဝန်တစ်ဦးဦးနှင့်ပြသပြီး အမြန်ဆုံးခွဲစိတ်ကုသမှုခံယူပါက မျက်စိအမြင်မဆုံးရှုံးဘဲ မျက်စိအကောင်းပကတိပြန်မြင်နိုင်ကြပါတယ်။ အကယ်၍ နောက်ကျမှ ကုသမှုခံယူပါက အမြင်လွှာတစ်ခုလုံး ကွာကျခြင်း (Total Retinal Detchiment) ဖြစ်ကာ မျက်စိအမြင်ပြန်မရနိုင်အောင် ဖြစ်တတ်ပါတယ်။

ဒါကြောင့် Myopia အခေါ် အနုတ်မျက်မှန်ထူထူ တပ်ဆင်ရသူများ၊ ဆီးချို၊ သွေးတိုးရှိသူများ၊ မျိုးရိုး (အဖေ၊ အမေ)တွင် မျက်စိအာရုံလွှာကျရောဂါဖြစ်ဖူးသူများ ယင်းလက္ခဏာများဖြစ်ပေါ်လာက ချက်ချင်း မျက်စိဌာနတွင် သွားရောက်၍ ကုသမှုခံယူသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

> **မျက်စိရုတ်တရက်ကွယ်ခြင်းမဖြစ်နိုင်အောင် သွေးတိုး၊ ဆီးချို ရှိသူများဟာ သွေး ရုတ်တရက်တိုးသွား၊ ဆီးချို ရုတ်တရက် များသွားခြင်းများမရှိအောင် ဒီရောဂါနှင့် ပတ်သက်တဲ့ဆေးများကို ဂရုတစိုက်စားသုံးရန် လိုအပ်ပါတယ်။ ဒီရောဂါတွေဖြစ်ပါက ကုရခက်ခဲတာကြောင့် ကာကွယ်ထားတာဟာ အကောင်းဆုံးဖြစ်ပါတယ်။**



ဖေဖော်ဝါရီ ၁၅ ရက်က မြန်မာနိုင်ငံ တစ်နိုင်ငံလုံး စတုတ္ထတန်းနှင့် အဋ္ဌမတန်းများ စတင်ဖြေဆိုရာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အခြေခံပညာအလယ်တန်း ကျောင်းအမှတ် (၁)၌ စတုတ္ထတန်း ကျောင်းသား ကျောင်းသူလေးများ ငြိမ်းချမ်းစွာ စာမေးပွဲ ဖြေဆိုကြစဉ်။

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



ဖေဖော်ဝါရီ ၁၅ ရက်က မြန်မာနိုင်ငံ တစ်နိုင်ငံလုံး စတုတ္ထတန်းနှင့် အဋ္ဌမတန်းများ စတင်ဖြေဆိုရာ ဗိုလ်တထောင် မြို့နယ် အခြေခံပညာအထက်တန်း ကျောင်းအမှတ် (၆)၌ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုပြီး ပျော်ရွှင်စွာထွက်လာကြစဉ်။

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲများ ညောင်လေးပင်၌ ဖြေဆို

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၅**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် စတုတ္ထတန်းနှင့် အဋ္ဌမတန်း အတန်းတင်စာမေးပွဲများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျောင်းများ၌ ကျင်းပလျက်ရှိရာ တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် စတုတ္ထတန်းတွင် ကျောင်းသား ကျောင်းသူပေါင်း ၃၇၈၂ ဦးနှင့် အဋ္ဌမတန်းတွင် ကျောင်းသား ကျောင်းသူပေါင်း ၂၆၁၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းသား ကျောင်းသူများ အနေဖြင့် ပထမနေ့တွင် မြန်မာစာ ဘာသာရပ်ကို ဖြေဆိုနိုင်ခဲ့ကြပြီး စာမေးပွဲအစမှအဆုံး အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မိဘ၊ ဆရာများကပါ အထူး ဂရုစိုက်လျက်ရှိကြောင်း သိရသည်။



**နေလင်း(ညောင်လေးပင်)**

## သုံးခွမြို့နယ်တွင် စတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲများဖြေဆို

**သုံးခွ ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံတစ်ဝန်း၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲများကို ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ တစ်ပြိုင်နက်တည်း ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူများ ယနေ့နံနက် ၉ နာရီမှစတင်၍ မြန်မာဘာသာကို စတင်ဖြေဆိုကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် စတုတ္ထတန်း၌ စာစစ်ဌာန ၁၈ ခုတွင် ကျောင်းသား ကျောင်းသူ ၂၉၆၁ ဦးဖြေဆိုလျက်ရှိပြီး အဋ္ဌမတန်းတွင် စာစစ်ဌာန ၁၅ ခု၌ ကျောင်းသား ကျောင်းသူ ၁၆၆၁ ဦးဖြေဆိုကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်း ပျော်ရွှင်စွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်ပညာရေးမှူးနှင့် သက်ဆိုင်ရာစာစစ်ဌာနကြီးကြပ်ရေးမှူးများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

စာအုပ် စာပေ လူ့မိတ်ဆွေ

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် ပါကစ္စတန်အထက်လွှတ်တော်ဥက္ကဋ္ဌတို့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Lok-Dessallien အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် ဧည့်ခန်းမဆောင်၌လည်းကောင်း၊ ပါကစ္စတန်အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Mian Raza Rabbani **(ဝဲပုံ)**အား မွန်းလွဲ ၁ နာရီခွဲတွင် အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌လည်းကောင်း လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ခိုင်မာရေးနှင့် နှစ်နိုင်ငံလွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပါကစ္စတန်အထက်လွှတ်တော်ဥက္ကဋ္ဌ H. E. Mr. Mian Raza Rabbani ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**


တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ခိုင်မာရေး၊ နှစ်နိုင်ငံလွှတ်တော်များအချင်းချင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ဆိုင်ရာလုပ်ငန်းများရှင်းလင်းခြင်းအစီအစဉ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ဆိုင်ရာလုပ်ငန်းများရှင်းလင်းခြင်းအစီအစဉ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။**(ယာပုံ)**





အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၄၆၅ ဦး၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)တို့မှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် ပါလီမန်များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က အဖွင့်အမှာစကားပြောကြားရာတွင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်းအစီအစဉ်နှင့် ၎င်းအစီအစဉ်များနောက်တွင် ဆက်လက်ဆောင်ရွက်သွားမည့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များသည် ဒီမိုကရေစီစနစ်တည်ဆောက်ရေးလုပ်ငန်းစဉ်အတွက် အားဖြည့်ကူညီမှုများဖြစ်ကြောင်း၊ ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ကိုယ်စားပြုခြင်းအစီအစဉ်များပါဝင်ပြီး ကိုယ်စားလှယ်တစ်ဦးအနေဖြင့် မည်သို့အောင်မြင်စွာ ထိတွေ့ဆောင်ရွက်ရမည်ကို ဆွေးနွေးနိုင်မည်ဖြစ်ကြောင်းနှင့် လွှတ်တော်ကို ထောက်ပံ့ကူညီကြသော UNDP၊ IPU နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုအစီအစဉ်မှ ဥပဒေပြုရန်လိုအပ်ပုံနှင့် ဥပဒေ၏ အကျိုးသက်ရောက်မှုများ၊ ဥပဒေ၏ ရည်ရွယ်ချက် အောင်မြင်ရန်အကြောင်းအရင်းများစသည့် ဥပဒေပြုရေးနှင့် သက်ဆိုင်သည့် သဘောတရားများကို ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ကိုယ်စားလှယ်များအနေဖြင့် စည်းစည်းလုံးလုံး တက်တက်ကြွကြွပါဝင်ဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်ဆိုသည်မှာ ကိုယ်စားလှယ်တစ်ဦးချင်း၊ တစ်ဦးချင်း ကိုယ့်အတွက် အသုံးချရန် မဟုတ်ကြောင်း၊ ရာထူးနေရာရရန်အတွက်လည်း မဟုတ်ကြောင်းနှင့် ကိုယ်စားလှယ်အားလုံးက နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် အတတ်နိုင်ဆုံး ကြိုးစားရမည့်နေရာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Lok-Dessallien နှင့် ပါကစ္စတန်အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Mian Raza Rabbani တို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က အစီအစဉ်အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး ပါဝင်ဆွေးနွေးကြမည့် နိုင်ငံတကာပါလီမန်များမှ ကျွမ်းကျင်ပညာရှင်များကို မိတ်ဆက်ပေးသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းခြင်းအစီအစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ၎င်းအစီအစဉ်၌ ရှင်းလင်းဆွေးနွေးမည့် လွှတ်တော်လုပ်ငန်းဆိုင်ရာ ဘာသာရပ်များတွင် ဒီမိုကရေစီနှင့် လူထုခေါင်းဆောင်ပြုမှု၊ ကိုယ်စားလှယ်များ၏ တာဝန်နှင့် အခန်းကဏ္ဍအမျိုးမျိုး၊ ကိုယ်စားလှယ်ကောင်းတစ်ယောက်၏ ဝိသေသလက္ခဏာရပ်များ၊ အာဏာခွဲဝေခြင်းနှင့် ဥပဒေပြုသူများ၏ အခန်းကဏ္ဍ၊ အချုပ်အခြာအာဏာနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း၊ လွှတ်တော်ကော်မတီများ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်နှင့် အမျိုးသမီးကိုယ်စားလှယ်များ ရင်ဆိုင်နေရသော အခက်အခဲများစသည့်အကြောင်းအရာများပါဝင်ပြီး UNDP/IPU နှင့် နိုင်ငံတကာပါလီမန်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ စုစုပေါင်း ၁၈ ဦးတို့က စုပေါင်းဆွေးနွေးခြင်း၊ အဖွဲ့လိုက်ဆွေးနွေးခြင်းအစီအစဉ်များကို လွှတ်တော်ရုံးအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းအစီအစဉ်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)၊ ဘူတန်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှား၊ ဩစတြေးလျ၊ အရှေ့တီမောနှင့် ဗြိတိန်နိုင်ငံတို့မှ အစိုးရအဖွဲ့၊ ပါလီမန်များနှင့် လွှတ်တော်ရုံးအသီးသီးတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပေါ်ပေါက်လာသည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**❒ ကမ္ဘာ့ယဉ်ကျေးမှုမှ**

စိတ်ဝင်စားဖွယ်မြင်တွေ့နေရသည်။ ထိုမှသည် ပြတိုက်ထဲသွားရောက်လေ့လာသမျှ ပိုမိုစိတ်ဝင်စားဖွယ်များစွာကို တွေ့မြင်ရသောဒေသတစ်ခုပင်ဖြစ်သည်။ စိတ်ဝင်စားဖွယ်ရာ ပျူမြို့ဟောင်း၏အနောက်ဘက်တွင် ကျယ်ပြန့်သော မူးမြစ်ဝှမ်းလွင်ပြင်နှင့် ရေသွင်းစိုက်ပျိုးမြေများစွာက နိုင်ငံတော်ရိက္ခာကို ဖြည့်တင်းပေးလျက်ရှိနေသည်။ မြောက်ဘက်သို့ကြည့်လိုက်လျှင် တောင်မြောက်သွယ်တန်းနေသော ကုန်းပြင်တန်းကလေးကို လှပစွာမြင်တွေ့နိုင်သည်။ မြို့ဟောင်း၏အရှေ့ဘက်တွင်မူ ငါးပိအိုးချောင်း၊ နဂါးရုန်းကန်တို့တည်ရှိနေသည်။ တောင်ဘက်တွင်မူ ဟန်လင်းအင်းကြီးနှင့်တကွ ဆားပေါက်မြေ၊ ရွှံ့မီးတောင်ငယ်များရှိသည့် ဟန်လင်းကျေးရွာစုများကို တွေ့မြင်နေရသည်။

မြို့ရိုးတံတိုင်းဖြင့် ကာရံထားသော ရှေးမြို့ဟောင်းမှာ တောင်မြောက်ရှည်လျားသည့် စတုဂံပုံသဏ္ဍာန်တည်ရှိနေသည်။ အတိုင်းအတာအားဖြင့် တောင်မြောက် ၃ ကီလိုမီတာ၊ အရှေ့အနောက် ၁ ဒသမ ၆ ကီလိုမီတာခန့်ရှည်သော မြို့ဟောင်းပင်ဖြစ်သည်။ ဟန်လင်းမြို့ဟောင်း မြို့တွင်း မြို့ပြင်ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုကုန်း ၃၈ ကုန်းနှင့်အတူ အခြားမတူးဖော်ရသေးသော အုတ်ကုန်းဟောင်းများနှင့်တကွ စေတီပုထိုးများကို ဖူးမြော်နိုင်သောမြို့ပင်ဖြစ်သည်။ လက်ရှိကာလတွင် ကမ္ဘာကပါစိတ်ဝင်စားသည့် နေရာ၊ ကျောက်ခေတ်သစ်၊ ကြေးခေတ်၊ သံခေတ်ဦးနှင့်ဆိုင်သော ယဉ်ကျေးမှုအထောက်အထားကြွယ်ဝသည့်နေရာ၊ စိတ်ဝင်စားဖွယ်ရာလေ့လာစရာများစွာရှိသောနေရာအဖြစ် တည်ရှိနေသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာခြင်းနှင့်အတူ ဘုရားဖူးသူများ၊ သုတေသနပြုလိုသူများနှင့်အတူ နိုင်ငံတကာခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်လျက်ရှိကာ စိတ်ဝင်စားစရာတို့ဖြင့်ပြည့်နေသည့် ကမ္ဘာ့အမွေအနှစ်ဟန်လင်းပျူယဉ်ကျေးမှုနယ်မြေအဖြစ် ထင်ရှားလျက်ရှိသည်။

**❍ ကျောဖုံးမှ**

သုဝဏ္ဏကွင်း၌ကျင်းပသောပွဲတွင် လက်ရှိချန်ပီယံရန်ကုန်အသင်းက Horizon အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိပြီး ဒုတိယမြောက်နိုင်ပွဲ ရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းတွင် ဒဏ်ရာမှ ပြန်ကောင်းလာသည့် ကြည်လင်း ပြန်ပါလာပြီး ၁၈ မိနစ်တွင် အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၇၉ မိနစ်တွင် ကျော်ကိုကို၊ ၈၆ မိနစ်တွင် သန်းပိုင်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၆)အပြီးတွင် ရတနာပုံအသင်းက ၁၆ မှတ်၊ ဟံသာဝတီအသင်းက ၁၄ မှတ်၊ ဇွဲကပင်အသင်းက ၁၃ မှတ်၊ ဧယျာဝဒီနှင့် ရွှေမြေနှင့် ရောဝတီအသင်းတို့က ကိုးမှတ်စီ၊ ရန်ကုန်အသင်းက ခုနစ်မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခြောက်မှတ်တို့ရရှိထားသည်။

# ရွေးကောက်ပွဲလွန်ကာလ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး




**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများအကြား ရွေးကောက်ပွဲလွန်ကာလ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲအရာရှိများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ခြင်းမှာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ကြိုးစားဆောင်ရွက်မှုကြောင့်ဖြစ်ပြီး လွတ်လပ်ပွင့်လင်းမှုရှိသဖြင့် နိုင်ငံတကာကလည်း အသိအမှတ်ပြုချီးကျူးခံရကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရန် ၂၀၁၃ ခုနှစ်မှစ၍ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲခဲ့ပြီး ကဏ္ဍများအလိုက် သတ်မှတ်ကာလများတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ငါးနှစ်တစ်ကြိမ် ကျင်းပသည့် ရွေးကောက်ပွဲများကို လွတ်လပ်တရားမျှတပြီး တည်ငြိမ်အေးချမ်းစွာ ကျင်းပပေးနိုင်မှသာ လူထု၏ဆန္ဒနှင့်အညီ အစိုးရကို တည်ငြိမ်အေးချမ်းစွာ ဖြစ်ပေါ်ပြောင်းလဲစေမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ရွေးကောက်ပွဲအတွေ့အကြုံ ဗဟုသုတပိုင်း အားနည်းမှုများရှိခဲ့၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အားနည်းချက်များရှိနိုင်ကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများကို ပိုမိုပြည့်စုံကောင်းမွန်သည့် ရွေးကောက်ပွဲများဖြစ်စေရန် အားနည်းချက်များကို မည်သို့ပြင်ဆင်ဆောင်ရွက်သင့်သည်ကို ပြန်လည်သုံးသပ်အကြံပြုကြရန် လိုကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် သုံးသပ်အကြံပြုချက်များကို ရွေးကောက်ပွဲကော်မရှင်အသစ်သို့ လွှဲပြောင်းရာတွင် အကြံပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရွေးကောက်ပွဲဆိုင်ရာပစ္စည်းများ ပို့ဆောင်ခြင်း၊ ထိန်းသိမ်းထားသိုခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ ရလဒ်များထုတ်ပြန်ခြင်းနှင့် အထောက်အကူပြုသင်တန်းများပေးခြင်း၊ ကြိုတင်မဲပေးခြင်းဆိုင်ရာ လုပ်ငန်းများ၊ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ အသုံးပြုခြင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှု၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းခြင်း၊ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ ဆောင်ရွက်ချက်များ၊ ဥပဒေရေးရာမူဘောင်၊ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ တက်ရောက်လာသူများက သုံးသပ်အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးကိစ္စရပ်များဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အုပ်ချုပ်မှုအထောက်အကူပြုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက လားရှိုးမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာရာ လောက်ကိုင်မြို့သို့ရောက်ရှိကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး၌ ကိုးကန့်ဒေသဦးစီးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် ဒေသကွပ်ကဲရေးမှူးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာအချက်များနှင့် လိုအပ်ချက်များအား ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဒုတိယဝန်ကြီးများက ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများအား ရှင်းလင်းဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကိုးကန့်ဒေသသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်သော နယ်မြေဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဟန်ချက်ညီညီ ဆောင်ရွက်နေစဉ်အတွင်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်က ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ မမျှော်လင့်ဘဲ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့မှုကြောင့် ဒေသမတည်မငြိမ်ဖြစ်ခဲ့ရကြောင်း၊ ဒေသတွင်းကိုးလကြာ တည်ငြိမ်မှုမရှိသဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး တည်ငြိမ်မှုရရှိရေး ဆောင်ရွက်ခဲ့ရာတွင် တပ်မတော်သားများ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရပြီး ဒေသခံပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသဦးစီးအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုသည် အဓိကကဏ္ဍတွင် ပါဝင်နေကြောင်း၊ ဒေသတည်ငြိမ်မှုရရှိလာသည်နှင့်အမျှ နယ်စပ်လူဝင်/လူထွက်များနှင့် စစ်ဘေးရှောင်ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်လာမှုများကို လူဝင်မှုကြီးကြပ်ရေးမှ စနစ်တကျစိစစ်ပြီး အုပ်ချုပ်ရေး တာဝန်ရှိသူများက ယာယီနေရာချထားပေးခြင်း၊ အမြဲနေထိုင်နိုင်မည့်နေရာများ စီစဉ်ပေးခြင်းတို့ကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း။

မိမိတို့ကော်မတီအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်မှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်နေပြီဖြစ်ကြောင်း၊ မူလအနေအထားရောက်ရှိစေရေးအတွက် ဒေသဦးစီးအဖွဲ့နှင့် ဒေသကွပ်ကဲမှုအဖွဲ့များ ပူးပေါင်းမှုဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကိုးကန့်ဒေသသည် ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကိုးကန့်တိုင်းရင်းသားများ သာမက တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တစ်စုတစ်စည်းတည်း နေထိုင်ကြသည်ဖြစ်ရာ ဒေသတည်ငြိမ်မှုကို အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှုမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးနိုင်သည်ကို အစဉ်စွဲမြဲမှတ်ယူလျက် အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် လောက်ကိုင်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေသီလရှင်ကျောင်းတည်ဆောက်မှုလုပ်ငန်းခွင်နှင့် လောက်ကိုင်မြို့တွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**





# ဓာတ်ပုံပညာသင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ ကြီးမှူးဆောင်ရွက်သော အောက်မြန်မာပြည်ဓာတ်ပုံပညာသင်တန်း (၁/၂၀၁၆) ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး သင်တန်းကျောင်းခန်းမ၌ ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးကျော်ဇင်စိုးက အဖွင့်အမှာစကားပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အောက်မြန်မာပြည်ရှိ ဓာတ်ပုံကျွမ်းကျင်(၂)ဝန်ထမ်းများ ဓာတ်ပုံပညာပိုမိုကျွမ်းကျင်စေရန်နှင့် ခေတ်မီတိုးတက်လာသော ဒစ်ဂျစ်တယ်ဓာတ်ပုံပညာဘာသာရပ်များကို လက်တွေ့နယ်ပယ်တွင် ပိုပြင်စွာ ကိုယ်တွယ်အသုံးချတတ်စေရန်နှင့် အရည်အချင်းပြည့်ဝသော မီဒီယာသမားကောင်းများ ဖြစ်စေရန်အတွက် ယခုလို သင်တန်းဖွင့်လှစ်ရကြောင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်တာ ခရိုင်အဆင့်ဖြစ်ပြီး ပုသိမ်ခရိုင်၊ ပြည်ခရိုင်၊ ကော့ကရိတ်ခရိုင်၊ တောင်ငူခရိုင်၊ ကျိုက်မရော၊ ဘားအံ၊ မြောင်းမြ၊ ဝါးခယ်မ၊ သာယာဝတီခရိုင်၊ ပဲခူး၊ ချောင်းဆုံ၊ သထုံ၊ ကျုံပျော်၊ မြန်အောင်၊ ဇလွန်၊ ဟင်္သာတနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မြောက်ပိုင်းခရိုင်(အင်းစိန်)၊ တောင်ပိုင်းခရိုင်(သန်လျင်)၊ အနောက်ပိုင်းခရိုင်(ကျောက်တံတားမြို့)၊ အရှေ့ပိုင်းခရိုင်(သင်္ဃန်းကျွန်းမြို့နယ်)တို့မှ ပြန်/ဆက်ဓာတ်ပုံကျွမ်းကျင်(၂) ဝန်ထမ်း သင်တန်းသား ၂၅ ဦးတို့ တက်ရောက်ပြီး မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံသင်တန်းဆရာများက စာတွေ့ လက်တွေ့ပို့ချမည်ဟု သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ထူးချွန်ကြက်ခြေနီရွေးချယ်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီကဦးစီး၍ ၂၀၁၆ ခုနှစ် ထူးချွန်ကြက်ခြေနီရွေးချယ်ပွဲကို ယနေ့နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် ကြက်ခြေနီအသင်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှလှကြည်၊ အတွင်းရေးမှူး ဒေါက်တာလှိုင်လှိုင်ဌေးတို့က ရွေးချယ်ရေးနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများ ပြောကြားပြီး ပြိုင်ပွဲဝင် တပ်ဖွဲ့ဝင်များအား ရေးဖြေစစ်ဆေးခြင်း၊ လက်နက်မဲ့စစ်ရေးပြ စစ်ဆေးခြင်း၊ လူတွေ့တစ်ဦးချင်း နှုတ်မေး နှုတ်ဖြေ စစ်ဆေးခြင်းနှင့် လက်တွေ့ဘာသာရပ် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှူ(နေပြည်တော်)**



# နမ့်ဆန်မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် စားသောက်ဖွယ်ရာပစ္စည်းများအား အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများက လှူဒါန်းလျက်ရှိသည့်အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မီးလောင်ပြင်ရှင်းလင်းရေးလုပ်ငန်းများကိုလည်း စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများမှ တစ်တပ်တစ်အားစုပေါင်းပါဝင် လုပ်အားပေးလျက်ရှိသည်။

ထို့ပြင် မီးဘေးသင့်သည့် ရပ်ကွက်များအတွက် ဦးစားပေးအဖြစ် Town Plan အား စနစ်တကျ ရေးဆွဲနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တိုင်းတာရေးအဖွဲ့များ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မီးလောင်မှုသင်ခန်းစာများအရ အနာဂတ်တွင် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန်အတွက် မီးသတ်ကားဝင်ထွက်လမ်းများ၊ မီးသတ်ရေကန်များနှင့် ရေပိုက်လိုင်းများကိုလည်း ထည့်သွင်းတွက်ချက်ရေးဆွဲသွားမည်ဖြစ်ပြီး မြေနေရာသစ်များကိုလည်း ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်ရေးပစ္စည်းများလည်း လှူဒါန်းလျက်ရှိကြရာ ၎င်းအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ဆောက်လုပ်မည့်အိမ်ပုံစံများကို မီးဘေးသင့်ပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်မှ စနစ်တကျ ပံ့ပိုးဆောင်ရွက်ပေးမှုကို မီးဘေးသင့်ပြည်သူများကလည်း လိုလားလျက်ရှိကြောင်း၊ နမ့်ဆန်မြို့သည် တောင်ပေါ်ဒေသမြို့ဖြစ်၍ လတ်တလောတွင် သောက်သုံးရေလုံလောက်မှုရှိသော်လည်း ရေရှည်တွင် နမ့်ကျိုးချောင်းမှ ရေတင်ပြီး အရန်ရေ သိုလှောင်ထားနိုင်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပွင့်လင်းရာသီအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိရာ နမ့်ဆန်မြို့ရှိ မီးလောင်ကျွမ်းမှုတွင် မပါဝင်သော ဌာနဆိုင်ရာအဆောက်အအုံနှင့် နေအိမ်များအားလုံးတွင် လျှပ်စစ်မီးပြန်လည်ရရှိနေပြီဖြစ်သကဲ့သို့ တစ်မြို့လုံးကိုလည်းဖေဖော်ဝါရီ ၇ ရက်မှစ၍ သောက်သုံးရေ ပြန်လည်ဖြန့်ဝေပေးနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## နမ့်ဆန်မီးဘေးပြန်လည်ထူထောင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်၊ အလှူငွေများ ဆက်လက်လှူဒါန်း

**သီပေါ ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်သူ မြို့နယ်သားများနှင့်ဝမ်းမြောက်ပိုင်း... 

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်သူ မြို့နယ်သားများနှင့်ဝမ်းမေလူမှုကူညီရေးအသင်းတို့မှ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် နမ့်ဆန်မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ် သိန်း ၈၀ ကျော် တန်ဖိုးရှိထောက်ပံ့ရေးပစ္စည်းများနှင့်အလှူငွေကျပ် ၃၂ သိန်းကို ဖေဖော်ဝါရီ ၁၃ ရက်က သီပေါမြို့သူမြို့သားများကိုယ်စား ဝမ်းမေလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျော်စွာနှင့်အဖွဲ့က နမ့်ဆန်မြို့ မြို့မဂိုဏ်းချုပ်ဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏိတ အရှင်သူမြတ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် တာဝန်ရှိသူများထံ သွားရောက်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

နမ့်ဆန်မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် စေတနာရှင်၊ လုပ်အားရှင်များတက်ညီလက်ညီအချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိသည်။

မီးဘေးသင့်ပြည်သူများကိုလည်း လားရှိုးနှင့် ကျောက်မဲခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းလျက် မီးသင့်အိမ်ထောင်စုဝင်များ၏ ပျက်စီးသွားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများအစား နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် အိမ်ထောင်စုစာရင်းပုံစံအစား (၆၆/၆) မိတ္တူများ ထုတ်ပေးလျက်ရှိသည်။

နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်းတွင် စေတနာရှင်အလှူရှင်များ၏ ယနေ့အထိ လှူဒါန်းရရှိငွေမှာ ကျပ်သိန်းပေါင်း ၁၃၂၀၀ ကျော်ဖြစ်ကြောင်းသိရသည်။ **စိုင်း(သီပေါ)**

# နမ့်ဆန် မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**ကျောက်မဲ ဖေဖော်ဝါရီ ၁၅**

သီပေါမြို့နယ် ဘော်ကြိုကျောင်းတိုက်ဆရာတော် ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဒေဝိန္ဒ(MA)၏ သာသနာရေးနှင့်လူမှုအကျိုးပြု လုပ်ငန်းစဉ်အဖြစ်ဆရာတော်နှင့်ဒါယကာဒါယိကာမများက နမ့်ဆန်မြို့မီးဘေးသင့်ပြည်သူများအတွက်တန်ဖိုးကျပ်သိန်း ၂၀ ဖိုးရှိအဝတ်အထည်၊လူသုံးကုန်ပစ္စည်း၊ ဆန်၊ဆီ၊ဘော်ကြိုဆားများနှင့်အလှူငွေ သုံးသိန်းတို့ကို ဖေဖော်ဝါရီ ၁၃ ရက်က သွားရောက်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ကျောက်မဲမြို့ အမှတ်(၂) ရပ်ကွက်ရှိ နမ့်စလင်းကျောင်းတိုက်တွင်ရောက်ရှိခိုလှုံနေကြသော တိုက်ပွဲရှောင်ဒုက္ခသည် ၃၀၀ အတွက် တန်ဖိုးကျပ် သိန်း၂၀ ကျော်ဖိုးရှိအဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများ၊ဆန်၊ ဆီ၊ဆေး၊ဘော်ကြိုဒေသထွက်ဆားနှင့် အလှူငွေကျပ် ၁၅၀၀၀၀ တို့ကို ဘော်ကြိုဆရာတော်ကိုယ်စား လက်ထောက်ဆရာတော်ဘဒ္ဒန္တစန္ဒောဒယ (ဓမ္မကထိက)နှင့် ဘော်ကြိုရွာစေတနာရှင်များက ဖေဖော်ဝါရီ ၁၅ ရက်နံနက် ၉ နာရီတွင် သွားရောက်လှူဒါန်းကူညီပေးခဲ့ကြသည်။အဆိုပါ တိုက်ပွဲရှောင် ပြည်သူများအား ကျောက်မဲခရိုင် ကုသကျန်းမာရေး ဦးစီးဌာနမှလာရောက်ဆေးခန်းဖွင့်လှစ်၍ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**သီပေါကိုလတ်**

# မီးဘေးသင့်ဒေသများသို့ အလှူငွေများ၊ ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံတွင် မီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးမှုအများဆုံးဖြစ်ပေါ်ခဲ့သော တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်ကျောက္ကာရွာ၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့တို့တွင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ လမ်းညွှန်မှုအရ သက်ဆိုင်ရာဒေသများအလိုက် အနီးစပ်ဆုံး ကမ္ဘောဇဘဏ်လီမိတက် ဘဏ်ခွဲများမှ အရာထမ်းများ၊ ဝန်ထမ်းများနှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များသည် ဒေသခံများနှင့်ပူးပေါင်း၍ ထမင်းဟင်းများချက်ပြုတ်ကျွေးမွေးလှူဒါန်းခြင်းအပြင် ကျောက္ကာရွာမှ မီးဘေးသင့်အိမ်ထောင်စု ၄၁၈ စုအတွက် တစ်အိမ်ထောင်လျှင် ကနဦးလှူဒါန်းငွေကျပ်သုံးသိန်းစီဖြင့် စုစုပေါင်းငွေကျပ် ၁၂၅၄ သိန်းအားလည်းကောင်း၊ နမ့်ဆန်မြို့မှ မီးဘေးသင့်အိမ်ထောင်စု ၂၈၅ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ကျပ် ငါးသိန်းစီ၊ ဆန်တစ်အိတ်စီ၊ ဆီ တစ်ပုံးစီနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေါင်း ကျပ်သိန်း ၁၇၀၀ ကိုလည်းကောင်း၊ လပွတ္တာမြို့မှ မီးဘေးသင့်အိမ်ထောင်စု ၂၂၅ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ကျပ် ငါးသိန်းစီ၊ ဆန် တစ်အိတ်စီ၊ ဆီ တစ်ပုံးစီနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများပေါင်း ကျပ်သိန်း ၁၅၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့ကြောင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ၂၀၁၆ ဖေဖော်ဝါရီလအတွင်း မီးဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ကျပ် ၄၄၅၄ သိန်းရှိပြီဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

လပွတ္တာမြို့နှင့် နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ ငွေကျပ် ၂၈၂၂၃၀၀ နှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ငွေကျပ် ၃၇၆၀၀၀၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် ၃၂၉၁၃၀၀ နှင့် အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ စောင်၊ ခြင်ထောင် ၁၄ အိတ်တို့ကို လာရောက်လှူဒါန်းခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ရဲမှူးကြီး သိန်းဝင်း+ဒေါက်တာ သန်းသန်းက ငွေကျပ် ၁၀၀၀၀၊ ဦးဝေလွင်+ဒေါ်တင်သိန်းနွယ်(မိသားစု)က ငွေကျပ် ၁၀၀၀၀၀၊ ဦးမြင့်သွင်+ဒေါ်နီနီချိန်(မိသားစု)က ငွေကျပ် ၂၀၀၀၀၀၊ ဦးမောင်မောင်က ငွေကျပ် ၁၀၀၀၀၀၊ ဆရာတော်ဦးသုဇာတနှင့် သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများက ငွေကျပ် ၁၀၀၀၀၀၀၊ ဆရာတော်ဦးကွန္ဒကက ငွေကျပ် ၂၀၀၀၀၀၊ ကိုလွင်ဦး+မကြည်ကြည်သင်း သမီးမခိုင်ဆုဝေ (မိသားစု)က ငွေကျပ် ၁၀၀၀၀၊ ဦးမောင်မောင်(မန္တလေး)နှင့် သားသမီးတစ်စုက ငွေကျပ် ၂၀၄၂၀၀၊ ဗဟိုအင်ဂျင်နီယာတပ်အမှတ်စဉ် (၉၆) သင်တန်းဆင်း ကျောင်းသားများ (အခြားအဆင့်)က ငွေကျပ် ၁၀၀၀၀၀၀၊ ဆရာမကြီးဒေါ်သုဓမ္မစာရီ ဖေးကူပေးလှူ ဂရုနာဖောင်ဒေးရှင်းက ငွေကျပ် ၁၀၀၀၀၀၊ ကိုးကန့်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းမှ ငွေကျပ် ၅၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းသည်။

ရခိုင်ပြည်နယ်ဦးစီးမှူးရုံး၌ မြို့ရွာနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ် ၁၀၀၀၀၀ လာရောက်လှူဒါန်းသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဝန်ထမ်းများက ငွေကျပ် ၂၀၃၀၀၀၊ ဒေါက်တာ ခင်ဦး၊ ဒေါ်ခင်ခင်ညွန့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ငွေကျပ် ၁၀၀၀၀၀နှင့် အလှူရှင်များ အသီးသီးမှ (QA-011834)စာရင်းသို့တိုက်ရိုက်လှူဒါန်းငွေကျပ် ၃၇၅၀၀၀ တို့ကိုလှူဒါန်းသည်။

သို့ဖြစ်ပါ၍ ယနေ့ရရှိငွေမှာ ငွေကျပ် ၁၀၆၉၁၈၀၀ ဖြစ်ပါသဖြင့် ဖေဖော်ဝါရီ ၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းရရှိငွေစုစုပေါင်းမှာကျပ် ၇၈၇၃၂၃၀၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## ❂အချိန်တိုအတွင်းမှ

ထုံးဘိုကြီး-ခရိုင်ချင်းဆက်လမ်းမှတစ်ဆင့် ရေတာရှည်မြို့သို့ ဖောက်လုပ်သည့်လမ်းသည် ကရင်ချောင်းကျေးရွာအနီးသို့တိုင်ရောက်ရှိပြီဖြစ်သည်။ ကရင်ချောင်းကျေးရွာနှင့် ရေလွှဲကျေးရွာအကြား၌ ရေလွှဲဆည်တစ်ခုကို ဆည်မြောင်းဦးစီးဌာနကတည်ဆောက်ပေးထားပြီး တောင်ငူမြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများအတွက် မြေယာဧက ၂၀၀၀ ကျော်ကို နွေစပါးများစိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအတွက် များစွာအဆင်ပြေကြသည်ကို တွေ့ရှိရသည်။ ရေလွှဲကျေးရွာရောက်သည်နှင့် ကျောက်တုံးကျောက်ဆိုင်များကြားမှ ရေစီးသံများကို အဝေးမှပင်အတိုင်းသားကြားနေရပြီး ရေလွှဲကျေးရွာမှ ဒေသခံ ဦးသန်းဝင်းကိုလမ်းပြခေါ်ကာ ရေတံခွန်ရှိရာသို့ ကျောက်ဆောင်များကြားမှ လမ်းလေးအတိုင်း တောင်ပေါ်သို့တက်ခဲ့ပြီးနောက် ကျောက်တုံးများပေါ်မှဖြတ်၍ ချောင်းတောင်ဘက်ကမ်းသို့ဖြတ်ကူးကာ တောင်ပေါ်သို့ ဆက်တက်ခဲ့ရပြန်သည်။

မြင့်မားသည့်တောင်ကမ်းပါးယံများကြားမှ ကြည်လင်အေးမြသော ရေအလျင်မှာလျင်မြန်လွန်းလှသည်။ အကယ်၍သာ အဆိုပါ ချောင်းကိုအသုံးချပြီးရေအားလျှပ်စစ်ထုတ်ယူနိုင်ပါက အနီးဝန်းကျင်ကျေးရွာများအတွက် မီးအလင်းရောင်ရရှိကာ ဒေသဖွံ့ဖြိုးရေးပိုမိုအားကောင်းစေမည်ဟုလည်း ထင်မိသည်။ "ကျွန်တော်တို့ ဒီရွာကိုရောက်တာ အခုဆိုရင် ကိုးနှစ်ရှိပြီ။ ဒီရေတံခွန်ကို လူသိများလာတာ လေးနှစ်လောက်ပဲရှိသေးတယ်။ ရုံးပိတ်ရက်နဲ့ အခါကြီးနေ့ရက်တွေဆို ပိုများတယ်။ သင်္ကြန်တွင်းနဲ့ နှစ်ဆန်းတစ်ရက်နေ့တွေဆိုရင် သိန်းနဲ့ချီပြီးလာတာ"ဟု ဒေသခံတစ်ဦးက ပြောသည်။ ရေတံခွန်များသည် ဂွတ်ချောင်းနှင့် ကရင်ချောင်းပေါင်းဆုံရာနေရာမှဆိုလျှင် အဆင့်ဆင့်စီးဆင်းလာသော ရေတံခွန်ခြောက်ခုအထိရှိကာ ယခုသွားသည့်လမ်းကြောင်းမှာ အထက်ဆုံးသို့မသွားရောက်နိုင်ဘဲ ကျောက်နံရံကြီးများပိတ်ခံနေ၍ ပေ ၄၀ ကျော်ခန့်ရှိသော ရေတံခွန်မှာပင် ပိတ်မိနေသည် စီးဆင်းရာချောင်းတစ်လျှောက် သဘာဝပကတိအရှိတိုင်း ကျောက်ဆောင်၊ ကျောက်တုံးများနှင့် ကျေးငှက်များ၊ ရောင်စုံလိပ်ပြာလေးများ၊ စိမ်းစိုနေသည့် သစ်တောများမှာ လာရောက်လည်ပတ်သူများကိုဆွဲဆောင်အားကောင်းလှ သည်။ခရီးသွားများလာရောက်မှုအားကောင်းလာပါက ဒေသတွင်းခရီးသွားရာ လမ်းကြောင်းတစ်ခုအဖြစ် လမ်းပွင့်နိုင်မည့်အပြင် ဒေသခံများအနေဖြင့်လည်း ရရှိသည့်အခွင့်အလမ်းကို အပိုင်အနိုင်ဆုပ်ကိုင်ကာ ရင်းနှီးမြှုပ်နှံနိုင်ပါက ယခုထက်စီးပွားရေးတိုးတက်မှု ပိုမိုကောင်းမွန်နိုင်မည်ဖြစ်သည်။

ဒေသခံများအနေဖြင့် မိမိတို့ဒေသကိုလာရောက်လည်ပတ်သူများ တောင်တက်တောင်ဆင်းလမ်းများတွင် အန္တရာယ်မဖြစ်စေရန် ဝါးလုံးတန်းများနှင့် အနားယူအပန်းဖြေနိုင်ရန် ဝါးတဲလေးတစ်လုံးတည်ဆောက်ပေးထားသည်ကိုလည်းတွေ့ရှိခဲ့ရသည်။တောင်ငူ-လိပ်သိုကားလမ်း ထုံးဘိုကြီး ကျေးရွာဘက်မှ ခရိုင်ချင်းဆက်လမ်းအတိုင်း ရေလွှဲကျေးရွာသို့လည်းကောင်း၊ ရေတာရှည်မြို့မှတစ်ဆင့် ကရင်ချောင်းကျေးရွာသို့ဖြတ်ကာ လမ်းကြောင်းနှစ်ခုဖြင့် သွားရောက်နိုင်ပြီး အမှန်တကယ်သာ အဖွဲ့အစည်းတစ်ခုခုက ရေတံခွန်အားလုံးကို သွားရောက်လည်ပတ်အပန်းဖြေနိုင်ရန်ဆောင်ရွက်ပေးနိုင်ပါက အချိန်တိုအတွင်း ယခုထက်ပိုမို၍ ခရီးသွားလာမှုများပြားလာနိုင်မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# မိခင်အိုသို့ တမ်းတလွမ်းဆရင်း တိုးသည်ထက်တိုးလာမည့် အားအင်များ

မိုးထက်ထက်
(မြန်မာ့ရုပ်မြင်သံကြား)




အမေ . . . ဘာလိုလိုနဲ့ အမေ့အသက် (၇၀)ပြည့်ခဲ့ပြီနော်။ အမေ့ရင်ခွင်မှ ရှင်သန်ပေါက်ဖွားလာတဲ့ အထောင်အသောင်းသော အမေ့ရဲ့သားသမီးတွေထဲမယ် သမီးကတော့ အမေ့အသက် (၅၀)ကျော်မှ အမေမွေးဖွားပေးခဲ့တဲ့သူပါ။

သမီးကိုမွေးတော့ အမေ့အသက်က (၅၇)နှစ်နော်။ သမီးတို့ကို အမေက(၃၈)မြွာပူးကြီး မွေးပေးလိုက်တာတော့ မှတ်မှတ်ရရပါ။ ဟုတ်တယ်လေ အမေရယ်။ အမေက တစ်ခါတစ်ခါ မွေးပေးလိုက်ရင် အမြွာပူးတွေ အများကြီးနဲ့ မဟုတ်လား။ အဲဒီလို အမြွာပူးတွေ မွေးပေးလိုက်တိုင်းလည်း အမေ့မှာ ရင်းနှီးစိုက်ထုတ်လိုက်ရတဲ့ အင်အားတွေက မနည်းမနောပါပဲ။

အမေရင်းနှီးစိုက်ထုတ်ခဲ့ရတဲ့ အချိန်၊ ငွေ၊ လူနဲ့ စက်ယန္တရားအင်အားတွေက တန်ဖိုးအကြီးသား မဟုတ်လား အမေ။ ဒီရင်သွေးတွေအတွက် အသိပညာ ဗဟုသုတတွေ၊ အရည်အသွေးတွေ အမြဲတိုးတက်နေစေဖို့ဆို အမေ့သားသမီးတွေကို ဟိုဟိုဒီဒီ ခရီးဝေး၊ ခရီးနီးနီးမှန် သမျှကိုလည်း အမေက စေလွှတ်ပေးတတ်သေးတယ်နော်။ အမေ့ကျေးဇူးနဲ့ အမေ့သားသမီးတွေကလည်း ထူးချွန်ထက်မြက်သူတွေ၊ အောင်မြင်ထင်ရှားသူတွေ၊ သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအသီးသီးမှာ ကျွမ်းကျင်သူတွေအဖြစ်နဲ့ပါ ကျရာတာဝန်တွေကို အမေ့သားကြီးသမီးကြီးတွေက ကျေပွန်အောင် ထမ်းဆောင်ပေးခဲ့ကြသလို အသစ်အသစ် ထပ်ပြီးမွေးထုတ်ပေးသမျှ အငယ်တွေကလည်း ရှေ့က အစ်ကိုအစ်မတွေနည်းတူ ထမ်းဆောင်နေကြပါတယ်။

ပြည်သူတွေကို အလုပ်အကျွေးပြုနေကြတဲ့ အမေ့သားသမီးတွေအတွက် အမေက ဆုံးမထားသေးတယ်နော်။ "ချိုရှင်းသံသာ၊ ကြည်သာရုပ်ဆင်း၊ ဆက်နွှင်းသာရ၊ တိကျမှန်ကန် မြန်မာ့ရုပ်သံ"ဆိုတဲ့ အမေ့ရဲ့ လက်ကိုင်စကားဆောင်ပုဒ်ကလေးနဲ့လေ။ ဟုတ်တယ်နော် အမေ့သားသမီးအားလုံးကို အမေလမ်းညွှန်ဆိုဆုံးမပုံလေးက ချစ်စရာကောင်းလိုက်တာ။ နောက်ပြီးတော့ ဟိုးတုန်းကတည်းက အမေချမှတ်ပေးထားတဲ့ သမီးတို့မိသားစုရဲ့ ရည်မှန်းချက်တွေ ရှိသေးတယ်။

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေမှုပေးရန် ဆိုတာလေ။

သမီးကလေးဘဝကတည်းက အိမ်ကရေဒီယိုသေးသေးလေးထဲကနေကြားနေမိ၊ နားစွဲနေမိတာလေး ရှိသေးတယ်အမေ။

ပြန်ကြားပေးရန် . . . . မြန်မာ့အသံ။
ပညာပေးရန် . . . . . . မြန်မာ့အသံ။
ဖျော်ဖြေမှုပေးရန် . . . . မြန်မာ့အသံ . . . မြန်မာ့အသံ။

ပြည်သူ့အတွက်. . . မြန်မာ့အသံ. . . မြန်မာ့အသံ ဆိုတဲ့ သီချင်းသံလေးပါ။

အမေ့သားသမီး ဦးဦးဒေါ်ဒေါ် ကိုကိုမမတွေ ကိုယ်တိုင် သီဆိုထားကြတာဆိုပြီး သမီးရဲ့အစ်ကို အစ်မတွေက ပြန်ပြောပြကြပါတယ်။ သွက်သွက်လက်လက် တက်တက်ကြွကြွနဲ့မို့ နားထောင်နေရင်းတောင် ပျော်နေမိတာပါ။

ပြီးတော့ရှိသေးတယ် အမေကြီးရဲ့။ သမီးကို အမေ့ရင်ခွင်ထဲ ခေါ်ဆောင်ပြီးတဲ့ အချိန်မှာလေ ဟိုတုန်းက သမီးရဲ့ဇာတိမြေမှာ မျက်မြင်ဒိဋ္ဌ တွေ့ဖူးခဲ့တာက ကရင်၊ မွန်နဲ့ ရှမ်းဆိုတဲ့ သမီးတို့ရဲ့ မောင်နှမသားချင်းသုံးမျိုးတည်းကိုပါ။ ခုတော့ သူတို့တွေကိုသာမကဘဲ ကျန်တဲ့ညီအစ်ကို မောင်နှမတွေကိုပါ တရင်းတနှီး မြင်တွေ့ခွင့်၊ ရင်းနှီးချစ်ကြည်ခွင့်ကို အမေက ဖန်တီးပေးခဲ့တာပါပဲ။ ဟုတ်တယ်လေ အမေ။ သမီးကလေးဘဝ ပထမတန်းဖတ်စာအုပ်ထဲမှာ မြင်တွေ့သင်ကြားခဲ့ရတဲ့ အမိမြန်မာပြည် မြေပုံကြီးပေါ်က သမီးတို့ရဲ့ ညီအစ်ကိုမောင်နှမတွေကို အမေ့ရင်ခွင်အောက်မှာ အကုန်တွေ့ဆုံခွင့်ရခဲ့ပြီလေ။

ဩော်. . . အမေ။ အမေဟာ တိုင်းပြည်နိုင်ငံနဲ့ ပြည်သူပြည်သားတွေရဲ့ အကျိုးကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့လိုက်တာ ဘာလိုလိုနဲ့ ခုချိန်မှာ အမေ့အသက်လည်း နှစ်(၇၀)တိတိ ဖြစ်ခဲ့ပြီနော်။ နှစ်သက်တွေ ဘယ်လောက်ပဲကြာကြာ အမေကတော့ သားသမီးတွေအတွက် အားနဲ့မာန်နဲ့အရာရာကို ရင်ဆိုင်အန်တုနေတုန်းပါပဲ။

အမေ့သမီးတစ်ယောက်အနေနဲ့ သမီးဘာလို့ ဒီစကားကို ပြောသလဲဆိုတော့လေ အမေ့ဖြတ်သန်းခဲ့ရတဲ့ ကြမ်းတမ်း၊ ချောမွေ့၊ ဆိုး၊ ကောင်း၊ ခြောက်သွေ့၊ ဝေစည် အလီလီသော ခရီးမိုင်ရှည်များကို သတိရနေမိလို့ပါ။

အမေဟာ သမီးတို့အားလုံး လူတစ်လုံးသူတစ်လုံး ဖြစ်စေဖို့အတွက် အမေ့ရဲ့ဘဝကို ခက်ခက်ခဲခဲစတင်ခဲ့ရတာတွေ၊ စစ်ဘေးစစ်ဒဏ်တွေကြောင့် လုံခြုံရာမှာပုန်းခိုရ၊ သားသမီးတွေနဲ့တကွ အမေ့ရဲ့အသက်ပမာ အရေးပါလှတဲ့ စက်ပစ္စည်းကိရိယာတွေကို လုံလုံခြုံခြုံကာကွယ်စောင့်ရှောက်ရင်း တိုင်းပြည်နဲ့လူမျိုးအတွက် အရေးကြီးလှတဲ့ တာဝန်တွေကို နေရာအရပ်ရပ်ကနေ အောင်အောင်မြင်မြင်နဲ့ထမ်းဆောင်ရနဲ့ နည်းလမ်းမျိုးစုံနဲ့ စွမ်းဆောင်နိုင်ခဲ့တယ်လေ။

တစ်ဆင့်ပြီးတစ်ဆင့် တိုးသည်ထက်တိုးတက်အောင် ဆောင်ရွက်လာခဲ့တဲ့ အမေ့ရဲ့စွမ်းဆောင်ချက်တွေက အမေ့ရဲ့ မနားမနေရပ်တန့်ခြင်းမရှိတဲ့ အချိန်ပြည့် ကြိုးစားဆောင်ရွက်မှုတွေပဲမဟုတ်လားဟင်။ သမီးတော့ အဲသလိုပဲ ခံစားမိပါတယ် အမေရယ်။ တိုင်းပြည်အတွက် အမေ့မှာ မာကိုနီဆိုတဲ့ ကြေးနန်းစက်ကလေးရယ်၊ ဖီးလစ်အသံလွှင့်စက်ကလေးရယ်နဲ့ စပြီးစမ်းသပ်လို့ သတင်းထုတ်ပြန်ပေးခဲ့တာနော်။ မာကိုနီစက်လေးကလည်း အိန္ဒိယနဲ့ မြန်မာ ကြေးနန်းဆက်သွယ်ရာမှာ အသုံးပြုတဲ့စက်ကလေးဆို။ အမေပထမဆုံး ရခဲ့တဲ့နေရာက ရန်ကုန်မြို့ မင်္ဂလာဒုံ (ဝါယာလက်)မှာ ၁၉၃၇ ခုနှစ်ကနော်။

အခုချိန်မှာ ရန်ကုန်မြို့ပြအမွေအနှစ် စာရင်းဝင်အဖြစ် ထိန်းသိမ်းထားတဲ့ ပန်းဆိုးတန်းလမ်းနဲ့ မဟာဗန္ဓုလ ပန်းခြံလမ်းထောင့်က ဗဟိုကြေးနန်းရုံးကြီးကတော့ ၁၉၃၈ ခုနှစ်မှာ ပြောင်းရွှေ့နေရာယူခဲ့ရတဲ့ အမေ့ရဲ့ ဒုတိယ ဘူမိနက်သန်မြေလို့ သမီးကို အမေပြောဖူးတယ်လေ။

> **သမီးကို အမေ့ရင်ခွင်ထဲ ခေါ်ဆောင်ပြီးတဲ့ အချိန်မှာလေ ဟိုတုန်းက သမီးရဲ့ ဇာတိမြေမှာ မျက်မြင်ဒိဋ္ဌ တွေ့ဖူးခဲ့တာက ကရင်၊ မွန်နဲ့ရှမ်းဆိုတဲ့ သမီးတို့ရဲ့မောင်နှမသားချင်းသုံးမျိုးတည်းကိုပါ။ ခုတော့ သူတို့တွေကို သာမကဘဲ ကျန်တဲ့ညီအစ်ကို မောင်နှမတွေကိုပါ တရင်းတနှီး မြင်တွေ့ခွင့်၊ ရင်းနှီးချစ်ကြည်ခွင့်ကို အမေက ဖန်တီးပေးခဲ့**

ဒီလိုနဲ့ ဖိုက်ချ်လမ်း(ယခု ဗဟိုလမ်း-လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးရုံး)၊ နောက်တော့ ကမ္ဘာအေးစေတီလမ်းက ချင်းချောင်းနန်းတော်၊ အဲဒီကနေ နတ်မောက်လမ်းစတဲ့နေရာတွေကို ပြောင်းခဲ့ရတာတွေဟာ အမေ့အတွက်တော့ မမေ့နိုင်စရာ မှတ်တိုင်တွေပါလား။

ရွှေတောင်ကြား အင်းလျားမြိုင်လမ်းက အသံလွှင့်ရုံ၊ တစ်ခါ ပြည်လမ်းက အသံလွှင့်ရုံကြီး။ အမေက သမီးကိုဆို တတွတ်တွတ်နဲ့ ပြောပြနေတတ်လို့ ဒါတွေကို သိနေမိတာပါ။ အခုတော့ အမေက နေပြည်တော် တပ်ကုန်းဆိုတဲ့ မြို့လေးမှာ ၂၀၀၈ ခုနှစ်ကတည်းက အခြေချနေပြန်ပြီနော်။

မှတ်မှတ်ရရ ပြောစရာကတော့ အမေရယ် ၂၀၀၈ မေလ ၂ ရက်က တစ်တိုင်းပြည်လုံးကို စိတ်နှလုံးညှိုးချုံးစေခဲ့တဲ့ နာဂစ်ဆိုတဲ့ မုန်တိုင်းကြီး ဝင်မွှေခဲ့တာပဲ။ လူ့အသက်ပေါင်းများစွာကို နုတ်ယူသွားခဲ့တဲ့ ဒီနာဂစ်ကြောင့် သမီးတို့တိုင်းပြည်ဟာ တော်တော့်ကိုထိခိုက်နစ်နာခဲ့ရသလို ဆုံးရှုံးမှုတွေကလည်း အများသားကလား။ ဒါတွေကိုလည်း သမီးတို့မှာ အချိန်နဲ့အမျှကြေညာထုတ်ပြန်ပေးရသေးတာနော်။ ဘယ်လိုပဲဖြစ်ဖြစ် သမီးတို့အမေက အားလုံးသော အရာတိုင်းကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြေရှင်းနိုင်၊ တိုက်ပွဲဝင်နိုင်ခဲ့ပါတယ် အမေရယ်။

အမေ့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပြန်ကြားပေးရန်ဆိုတဲ့ အတိုင်း ပြည်သူတွေကို အထူးသဖြင့် တောင်သူဦးကြီး၊ ဒေါ်ကြီးတွေနဲ့၊ ပင်လယ်ပြင်မှာဝမ်းစာရှာကြရတဲ့ ပင်လယ်ပျော် ရေလုပ်သားဦးကြီးတွေအတွက် မိုးလေဝသအခြေအနေတွေကို အမေအချိန်မှန် ထုတ်ပြန်ပေးနေခဲ့တာ ဒီကနေ့အချိန်အထိကို တာဝန်မပျက်ကွက်ပါဘူး။ ရေကြီး၊ မီးလောင်စတဲ့ သဘာဝဘေးအန္တရာယ်တွေသာမက ပြည်သူတို့ရဲ့ အကျပ်အတည်း အခက်အခဲတွေကိုလည်း အမေမှန်မှန် ထုတ်ပြန်ပေးနေခဲ့တယ်နော်။

ဒီလိုပြန်ကြားပေးတဲ့နေရာမှာ အမေ့သားသမီးတွေကို ခေတ်မီနည်းပညာတွေနဲ့ အတွေ့အကြုံတွေကိုပါ ရယူစေပြီး ထပ်ဆင့်ပြန်လည်ပြန်ကြားရင်းနဲ့ ပညာပေးခြင်းဆိုတဲ့ အမေ့ရဲ့ ဒုတိယရည်မှန်းချက်ကိုလည်း ဖော်ဆောင်ပေးနိုင်ပါရောလား။ ကျောင်းသား ကျောင်းသူလူငယ်တွေအတွက် ကျောင်းသင်ခန်းစာ ပညာပေးဆိုတာကတော့ သမီးတို့ လူမဖြစ်ခင် မမွေးခင်ကတည်းက အမေက လုပ်ပေးခဲ့ပြီးသားပါ။

ဖျော်ဖြေမှုပေးရန်ဆိုတဲ့ အမေ့ရဲ့ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ကိုတော့ အမေဆောင်ရွက်နေဆဲပါ။ ဟုတ်တယ်အမေရဲ့။ အခြားသော ဖျော်ဖြေရေးရုပ်သံလိုင်းတွေ ဘယ်လောက်ပဲ ပေါ်လာပေါ်လာ၊ အချို့အချို့သော ပုံရိပ်တွေက အမေ့ဆီမှာပဲ ပိုင်ပိုင်နိုင်နိုင် ရှိတာမဟုတ်လား။ ဒီတော့လည်း အမေ့ကိုမှ စွဲစွဲလမ်းလမ်း ဖြစ်နေသူတွေလည်း ရှိနေတာဟာ ညာလို့မှမရတာ။

တကယ်တော့ အမေ့ဘဝ စတင်ချိန်က ရေဒီယိုအသံလွှင့်ခြင်းတစ်ခုတည်းနဲ့ တာဝန်ထမ်းခဲ့ရပေမယ့် ကမ္ဘာနဲ့အမီလိုက်နိုင်အောင်တော့ အမေ့မှာလည်းရှိသမျှအင်အားကို အားကုန်ထုတ်သုံးပြီး တွေးကြံဆ နေခဲ့တာပဲလေ။ ရေဒီယို၊ ရုပ်မြင်သံကြား၊ ဒီကမှ ရုပ်မြင်သံကြားဆိုလည်း မြန်မာ့ရုပ်မြင်သံကြားကနေ အင်္ဂလိပ်လို ထုတ်လွှင့်ပြီး မြန်မာ့အလှ သဘာဝတွေကို ကမ္ဘာအရပ်ရပ်က သိအောင်ဖော်ထုတ်ပေးနေတဲ့ MRTV - 3 ဆိုတဲ့ ရုပ်သံလိုင်းတစ်ခုကိုပါ ထုတ်လွှင့်ပေးခဲ့သေးတာပဲ။ အခုတော့အဲဒီလိုင်းကို MITV လို့ အမည်ပြောင်းလဲပြီး အမေစိတ်ချတဲ့သူနဲ့ လက်ဆက်ပေးထားတယ်နော်။

၂၀၁၃ ခုနှစ်မှာ သမီးတို့အိမ်ကြီးထဲမှာ အမေက အခန်းတွေ ထပ်ဖွဲ့ပေးပြန်တယ်။ ဒီမိုကရေစီစနစ်နဲ့ ပြောင်းလဲလျှောက်လှမ်းနေတဲ့ အမေ့ရဲ့မိခင်တိုင်းပြည်အတွက် လွှတ်တော်လိုင်း၊ တောင်သူလယ်သမား ရုပ်သံလိုင်းနဲ့ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းဆိုပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှာ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းအဖြစ်နဲ့ အမေ့ရဲ့ဆွေမျိုးညီအစ်ကို မောင်နှမတွေအားလုံးအတွက် ထုတ်လွှင့်ပေးနိုင်ဖို့ သားငယ်သမီးငယ်တွေ အများကြီးကိုပါ ထပ်ပြီးမွေးဖွားပေးလိုက်ပါရောလား။

အမေ. . . သမီးလည်း အမေ့ကို စကားတွေကောင်းနေလိုက်တာ အရေးကြီးတာပြောပြဖို့ မေ့နေပါတယ်။ ဖေဖော်ဝါရီ ၁၅ ရက် အမေ့မွေးနေ့အတွက် အမေ့ကိုထူးထူးခြားခြားကို ဂုဏ်ပြုဖို့ ပြင်ဆင်နေကြတာလေ။ အမေ့သားသမီးတွေ နေ့မအား ညမနားနဲ့ ခမ်းခမ်းနားနားကို ပြင်ဆင်ပေးနေကြတာ။ အမေအံ့ဩသွားအောင်လို့ပါ အမေရယ်။ အသက်အရွယ်ရလာတဲ့ အမေ့ကို အမေ့ကိုယ်စားစီမံခန့်ခွဲပေးနေတဲ့ အမေ့ရဲ့ရင်သွေးတွေက ခေတ်စနစ်နဲ့အညီ အမီကိုလိုက်နိုင်အောင်၊ အမေ တစ်သက်လုံးချမှတ်ပေးတဲ့ လမ်းကြောင်းပေါ်ကနေလည်း မသွေဖည်ဘဲ အမေ့သားသမီးတွေက တာဝန်ကျေအောင် ထမ်းရွက်နေကြပါတယ် အမေရယ်။ ဒီနှစ်ဆို ၂၀၁၆ ခုနှစ်ဆိုတော့ အမေ့အသက် (၇၀) တိတိကို ပြည့်တဲ့နှစ်ပါ။

အသစ်အသစ်သော အမေ့ရဲ့ရင်သွေးတွေကလည်း အားကြိုးမာန်တက် ကြိုးစားလုပ်ကိုင်နေကြတော့ ခုချိန်ထိကို မြန်မာ့မီဒီယာလောကမှာ နိုင်ငံပိုင်မီဒီယာတစ်ခုဆိုပေမယ့် အမေဟာ ကိုယ့်ပရိသတ်နဲ့ကိုယ် ရှိနေပြီးသားမို့ ခုချိန်ထိကို နှစ်သက်စွာအားပေးနေကြတဲ့ အမေ့ရဲ့ ပရိသတ်အစစ်တွေရဲ့ အမေ့အတွက် ဝမ်းသာဂုဏ်ယူနေကြတဲ့ စကားတွေကိုလည်း သမီးတို့အားလုံးက ကြိုးစားစုဆောင်းပေးထားပါတယ် အမေ။ နှစ်စဉ်နှစ်တိုင်း အမေ့မွေးနေ့ကို မပျက်မကွက် ကျင်းပခဲ့ပေမယ့် အခုလိုမျိုး အထူးနှစ်ပတ်လည်တွေဆိုရင် အမေ့အတွက် ထူးထူးခြားခြား ဂုဏ်ပြုပွဲတွေ ကျင်းပပေးနေကျဆိုပေမယ့် အခုနှစ်ကိုတော့ တကယ့်ကို ထူးထူးကဲကဲ ကျင်းပနေကြပါတယ်။

အဝေးကိုရောက်နေကြတဲ့ အမေ့ရဲ့သားသမီးအကြီးတွေကိုလည်း ပြန်လည်တွေ့ဆုံစေပြီး အမေ့ရင်ခွင်အောက်မှာ သူတို့ခိုနားခဲ့စဉ်တုန်းက အတိတ်ကာလတွေကို ပြန်လည်တမ်းတကြရင်း သူတို့အားလုံး ပျော်ရွှင်ကြည်နူးနေကြတာတွေကို အမေတွေ့မှာ၊ မြင်မှာပါနော်။

စိတ်ချပါအမေ။ အမေ့ရဲ့ သွန်သင်ဆုံးမမှုတွေ၊ အမေချပေးထားခဲ့တဲ့ လမ်းကြောင်းတွေအတိုင်း အမေ့သားသမီးတွေဟာ အမေနဲ့တကွ ရှေ့ရှေ့က အစ်ကိုကြီး၊ အစ်မကြီးတွေရဲ့ လမ်းကြောင်းပြ သင်ကြားပေးမှုတွေနဲ့အတူ အမေ့ရဲ့ အိမ်ကြီးဟာ အမိမြန်မာပြည်ကြီးထဲမှာ ခံ့ခံ့ထည်ထည် ပိုင်စိုးနေဆဲပါပဲ အမေရယ်။ ၁၉၄၆ ခုနှစ်ကတည်းကလည်း ပိုင်စိုးခဲ့ပါတယ်။ အခု ၂၀၁၆ ခုနှစ် နှစ်(၇၀)ပြည့်ချိန်မှာလည်း ပိုင်စိုးနေသလို နောင်ကိုလည်း နှစ်ပေါင်းများစွာတိုင်သည်အထိကို မြန်မာပြည်သူပြည်သားတွေရဲ့ နှလုံးအိမ်မှာ အမေဟာ အခိုင်အမာ တည်ရှိနေဦးမယ်ဆိုတာကို သမီးတို့အားလုံးက ယုံကြည်နေမိပါတယ် အမေ။

အခုတော့ အမေ့အိမ်ကြီးထဲမှာ အမေဟာ သားသမီးတွေ စုံစုံလင်လင်နဲ့ တိုင်းပြည်နဲ့ လူမျိုးအတွက် အလုပ်တွေကို အများကြီးလုပ်ပြီး အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်နေကြတာဟာ သိပ်ကို ပျော်စရာကောင်းတဲ့ မိသားစုကြီးတစ်စုဖြစ်နေပြီနော်။ ဟိုတုန်းက တစ်နေရာတည်းမှာ အခြေစိုက်ပြီး ပြည်သူအတွက် တာဝန်ထမ်းဆောင်ခဲ့ပြီး လိုအပ်မှသာ ခရီးတွေထွက်ပေမယ့် အခုတော့ အမေ့သားသမီးတွေကို နယ်မြေအနှံ့မှာ ဖြန့်ကြက်ထားပြီး ပြည်သူ့အကျိုးကို ရှေးရှုတဲ့ သတင်းတွေ၊ ပြည်နယ် ပြည်မမြေပြန့် တောင်ပေါ် ဒေသအနှံ့က ညီအစ်ကိုမောင်နှမတွေရဲ့ပုံရိပ်တွေကို သွက်သွက်လက်လက် ထုတ်လွှင့်ပေးနိုင်တာ အမေ့အတွက် ဂုဏ်ယူမိပါတယ် အမေ။ ॥

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၆ - ၂ - ၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၈း၃၅ | E-GOVနှင့်အညီ ရှေ့သို့လှမ်းချီYCDC (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၅ | သိပ္ပံနှင့်နည်းပညာအစီအစဉ် |
| ၁၁း၃၅ | မျက်မှောက်ရေးရာကဏ္ဍ |
| ၁၂း၃၅ | မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် မြန်မာသံစဉ်ဂန္တဝင်သီချင်းများ |
| ၂း၃၅ | ပြည်သူ့နီတိ"မွေခံထိုက်စေ" |
| ၃း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၄း၃၅ | Football Magazine (ရော၀တီ ယူနိုက်တက်) |
| ၅း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (2016 Myanmar investment ...... ) အပိုင်း(၄) |
| ၆း၁၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၆း၅၀ | အယ်လ်နီညို |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၄) |
| ၈း၃၅ | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများအား တွေ့ဆုံမေးမြန်းခြင်း |
| ၉း၀၀ | ပြည်တွင်းသတင်း |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော် +မေတ္တာသုတ် |
| ၅း၄၀ | "နောက်ဆုံးလူမဖြစ်စေနဲ့" တရားတော်(ပါမောက္ခချုပ် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ) |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၃) |
| ၁၁း၂၀ | သွားမယ်စားမယ် (The Taj) |
| ၁၁း၄၅ | Forever Music Tribute Myo Kyaut Myine Virus 3 64 Bit (အပိုင်း-၂) (ဒုတိယပိုင်း) |
| ၁၂း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၃) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၂၀) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြွင်နာလက်ကလေး" (အပိုင်း-၁၀၄) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြွင်နာလက်ကလေး" (အပိုင်း-၁၀၅) |
| ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၂၁) |
| ၈း၁၅ | ရသစုံညွန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၄) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၄) |
| ၁၀း၁၅ | MRTV-4 Stage |
| ၁၀း၄၀ | World of Knowledge (Mega Breakdown Prison) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ခရီးလည်းသွားစကားလည်းဆို |
| ၉း၀၀ | တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင် |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၄း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၉၈) |
| ၆း၁၀ | Let's Go |
| ၆း၃၅ | Dream Team |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ (အပိုင်း-၂) - VOA အင်္ဂလိပ်စာသင်ခန်းစာ - ဟာသရုပ်စုံ - ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဟိုတယ်ဘုရင် (အပိုင်း-၁၀) |

### mitv

| | |
|---|---|
| 07:26 | Insight Myanmar "Political Prisoners & Prison Law" |
| 07:45 | Amazing: Magician Sak Kaw Ma |
| 08:26 | Director: Maung Myo Min (Yin Twin Pyit) |
| 08:35 | Shwe Maw Daw: The Glory Of Bago City |
| 09:26 | Culture Show: Abdication of King Thibaw |
| 09:43 | Culture Show: Composer Ma Mya Lay |
| 09:51 | Colonial Buildings and a New Yangon |
| 10:26 | Myanmar Martial Art (EP-1) (Bando) |
| 10:45 | Writer |
| 10:52 | Today Myanmar: Fire Insurance |
| 07:26 | A Day Out With Sarah (EP-5) |
| 07:52 | TECH School |
| 08:26 | Welcome To Naga Land |

## Miss Tachileik 2016 ရွေးချယ်ပွဲကျင်းပ



Miss East Shan State Organization က ကြီးမှူးကျင်းပသည့် Miss Tachileik 2016 Top Ten Finalist ရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် ည ၇ နာရီက တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ ဟုတ်တက် တရုတ်ဘုံကျောင်း မင်္ဂလာခန်းမတွင် ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ Miss East Shan State Organization မှ ဒုတိယဥက္ကဋ္ဌ တာချီလိတ် City director ဒေါ်ကြည်ကြည်ခိုင်က ပြိုင်ပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်အလှမယ်များက အကအလှများနှင့်ဖျော်ဖြေကာ တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ထို့နောက် တိုင်းရင်းသားအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ပြိုင်ပွဲတွင် Top Ten Finalist နှင့် Top 5 ရွေးချယ်ခြင်းများဆောင်ရွက်ပြီး Miss Tachileik 2016 အဖြစ် ခါးနံပါတ်(၁) အသက် (၁၈)နှစ်ရှိ တုနိုင်းစံကလည်းကောင်း၊ 1st runner up အဖြစ် ခါးနံပါတ်(၁၀) အသက် (၂၁)နှစ်ရှိ နန်းဆီဝမ်းမားက လည်းကောင်း၊ 2nd runner up အဖြစ် ခါးနံပါတ်(၄) အသက်(၁၇)နှစ်ရှိ အိမ့်စန္ဒီချစ်သိန်းက လည်းကောင်း၊ Miss People's Choice အဖြစ် ခါးနံပါတ်(၉) အသက်(၁၈)နှစ်ရှိ သဲသူရိန်ဖွေးက လည်းကောင်း အသီးသီးရရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ကောလာဟလတွေအပေါ် တုံ့ပြန်လိုက်တဲ့ နမ်ဘိုရာ



"Moon Embracing the Sun"ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်မှာ ဘုရင့်သမီးတော်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့မင်းသမီးတစ်ဦးဖြစ်တဲ့ နမ်ဘိုရာက ယခုသီတင်းပတ်အတွင်းထွက်ရှိခဲ့တဲ့ သူ့ရဲ့ချစ်သူနဲ့ အတူလျှောက်လည်ခဲ့တယ်ဆိုတဲ့ ဒေသတွင်းမီဒီယာတွေရဲ့ ဝေဖန်ရေးသားခဲ့မှုတွေအပေါ် ပြန်လည်တုံ့ပြန်ဖြေရှင်းခဲ့ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၂၆)နှစ်ရှိပြီဖြစ်တဲ့ မင်းသမီး နမ်ဘိုရာရဲ့ကိုယ်စား သူ့ရဲ့အေဂျင်စီဖြစ်တဲ့ ဝေးလ်အန်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးက နမ်ဘိုရာနဲ့ တွေ့ဆုံမေးမြန်းခဲ့ပြီးနောက် သူ့မှာ ချစ်သူတစ်ဦးရှိခဲ့သော်လည်း ယခုအခါ လမ်းခွဲခဲ့ပြီးဖြစ်ကြောင်းနဲ့ သူတို့နှစ်ဦးဟာ မိတ်ဆွေအဖြစ်သာ ဆက်လက်ခင်မင်နေဆဲဖြစ်ကြောင်းလည်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး နမ်ဘိုရာရဲ့ ချစ်သူဟာ အနုပညာလောကသားတစ်ဦးမဟုတ်သည့်အပြင် အချစ်ရေးကိစ္စတွေဟာ ပုဂ္ဂိုလ်ရေးရာတွေဖြစ်တဲ့အတွက် အေဂျင်စီအနေနဲ့ အသေးစိတ်အချက်အလက်တွေကို ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိတာကို နားလည်ပေးစေလိုကြောင်းလည်း အေဂျင်စီက တောင်းဆိုခဲ့ပါတယ်။

နမ်ဘိုရာရဲ့ချစ်သူဟောင်းဖြစ်တဲ့ မစ္စတာချွဲဆိုသူဟာ တောင်ကိုရီးယားမှာရှိတဲ့ စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုရဲ့သားဖြစ်ကာ ယင်းစီးပွားရေးလုပ်ငန်းရဲ့ ဥက္ကဋ္ဌတစ်ဦးလည်း ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ သက်တူရွယ်တူတွေဖြစ်ကြပြီး လွန်ခဲ့တဲ့ သုံးနှစ်ခန့်က သူငယ်ချင်းတစ်ဦးရဲ့ မိတ်ဆက်ပေးမှုကြောင့် စတင်သိကျွမ်းခဲ့ကြတာပါ။

သူတို့နှစ်ဦးနဲ့ ရင်းနှီးသူတစ်ဦးက "နမ်ဘိုရာတို့ချစ်သူနှစ်ဦးဟာ တကယ်ကိုလှပပြီး လိုက်ဖက်တဲ့စုံတွဲတစ်တွဲပါ။ သူတို့နှစ်ဦးဟာ တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုတွေထားပြီး ဘယ်လိုစောင့်ရှောက်ရမယ်ဆိုတာလည်း နားလည်ကြတယ်လေ။ နမ်ဘိုရာမှာ အခက်အခဲတွေရှိတိုင်းလည်း သူ့ရဲ့ချစ်သူက အကူအညီတွေပေးပါတယ်" လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

တောင်ကိုရီးယားရဲ့ မီဒီယာတစ်ခုဖြစ်တဲ့ ကေစတားကလည်း နမ်ဘိုရာတို့ချစ်သူနှစ်ဦးဟာ မကြာသေးမီက အတူဈေးဝယ်ထွက်ခဲ့ကြတဲ့သတင်းကို ဓာတ်ပုံတွေနဲ့တကွ ဖော်ပြခဲ့ပါတယ်။ ယင်းမီဒီယာက သူတို့နှစ်ဦးဟာ လူစည်ကားတဲ့နေရာမှာ လျှောက်သွားနေခဲ့ပေမယ့် ပတ်ဝန်းကျင်ကလူတွေသတိပြုမိမှာ စိုးရိမ်လို့ ရှောင်ပုန်းတာမျိုးမရှိဘဲ လူတွေရဲ့အကြည့်တွေကိုတောင် ဂရုမစိုက်ခဲ့ကြပါဘူးလို့ ဆိုခဲ့ပါတယ်။

**အေးပြည့် – ရေးသားသည်။**

## ယခုသီတင်းပတ်အတွက် မြောက်အမေရိကန်မှာ ဝင်ငွေအကောင်းဆုံးရုပ်ရှင် "Deadpool"

မြောက်အမေရိကန်မှာရှိတဲ့ လက်မှတ်အရောင်းဌာနတွေက ပေးပို့တဲ့စာရင်းတွေအရ ယခုသီတင်းပတ်အတွင်းရုံတင်ပြသလျက်ရှိတဲ့ ရုပ်ရှင်တွေထဲမှာ တိုက်ခိုက်ရေးအမျိုးအစားရုပ်ရှင်"Deadpool " ဟာ စုစုပေါင်းလက်မှတ်ရောင်းရငွေ အမေရိကန်ဒေါ်လာ ၁၃၅သန်း ရရှိခဲ့ပြီး ယခုသီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နေကြောင်း ယူပီအိုင်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်ဟာ လူစွမ်းကောင်းတွေ အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်ထားတဲ့ ရုပ်ရှင်ကားတစ်ကားဖြစ်ကာ မာဗယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးက တာဝန်ယူထုတ်လုပ်ပေးတာ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ မင်းသားရှိုင်ယန်ဟေးနော့ဒ်က အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးထားတာ ဖြစ်ပါတယ်။

ယခုသီတင်းပတ်အတွက် ရောင်းအားအကောင်းဆုံးသောရုပ်ရှင်တွေရဲ့ နံပါတ်နှစ်နေရာမှာ ရပ်တည်နေတဲ့ရုပ်ရှင်ကတော့ ပန်ဒါလေး"ပို" ပါဝင်တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Kung Fu Panda 3" ဖြစ်ကာ သူ့ရဲ့ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇ သန်းပါ။ တတိယနေရာမှာတော့ "How to Be Single" ရုပ်ရှင်က ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈ သန်းနဲ့ ရပ်တည်နေပါတယ်။

အခြားဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဆယ်ကားစာရင်းဝင်ခဲ့တဲ့ရုပ်ရှင်တွေကတော့ "Zoolander 2"၊ "The Revenant "၊ " Hail, Caesar "၊ "Star Wars: The Force Awakens"၊ "Ride Along 2" နဲ့ "The Boy"တို့ပဲ ဖြစ်ကြပါတယ်။



## ရာသီကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်မရလျှင် မန်ယူအတွက်ကြီးမားသည့် ဆုံးရှုံးမှုပင်ဖြစ်ကြောင်း ဗန်ဟားလ်အား မိုယက်စ်သတိပေး

မန်ယူနည်းပြ ဗန်ဟားလ်အနေဖြင့် မန်ယူအား ယခုနှစ်ရာသီကုန် ချန်ပီယံလိဂ်ဝင်ခွင့် ( ထိပ်ဆုံးလေးနေရာ) ရရှိအောင်စွမ်းဆောင်ပေးနိုင်ခြင်းမရှိလျှင် ကြီးမားသည့် ဆုံးရှုံးမှုကြုံတွေ့ရခြင်းပင်ဖြစ်ကြောင်း မန်ယူနည်းပြဟောင်း မိုယက်စ်က သတိပေးစကားဆိုလိုက်သည်။ ဆန်းဒါးလန်းအား ရှုံးနိမ့်ပြီးနောက် မန်ယူအတွက် ယူရိုပါလိဂ် ဝင်ခွင့်တစ်နေရာရရှိအောင် စွမ်းဆောင်နိုင်ခြင်းက အလွယ်ကူဆုံး နည်းလမ်းတစ်ရပ်ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း မကြာသေးမီကာလကပင် ဗန်ဟားလ်က ပြောကြားလိုက်သည်။

မိုယက်စ်မှာ ဖာဂူဆန် အနားယူပြီးနောက် မန်ယူအား ရှစ်လတာ တာဝန်ယူကိုင်တွယ်ခဲ့သော်လည်း ရလဒ်ဆိုးများကြောင့် ယာယီနည်းပြ ရိုင်ယန်ဂစ်ဖြင့် အစားထိုးခံခဲ့ရသူဖြစ်သည်။ မိုယက်စ်က ချန်ပီယံလိဂ်ဝင်ခွင့်ကပင်လျှင် မန်ယူအတွက် အနိမ့်ဆုံး မျှော်မှန်းချက်ဖြစ်ကြောင်း၊ မန်ယူ၏ အင်္ဂလန်ကလပ်များတွင် အောင်မြင်မှုအရှိဆုံးဆိုသော အဆင့်အတန်းအရ ယူရိုပါလိဂ်ဝင်ခွင့်ဖြင့် မည်သူမျှ ကျေနပ်နိုင်မည်မဟုတ်ကြောင်း၊ မန်ယူနည်းပြ ဗန်ဟားလ်မှာ လက်ရှိအချိန်တွင် အများ၏အာရုံစိုက်မှုခံနေရကြောင်း၊ ၎င်းထုတ်ပယ်ခံခဲ့ရချိန်တွင် မီဒီယာများနှင့် အခြားပုဂ္ဂိုလ်များက ဗန်ဟားလ်အား ချီးကျူးစကားဆိုခဲ့သော်လည်း ယခုအချိန်တွင် အပြစ်သာ တင်နေကြတော့ကြောင်း၊ ယင်းကိစ္စရပ်မှာ မန်ယူ၏ သမိုင်းအစဉ်အလာကြောင့် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## လက်စတာအား အနိုင်ရရှိခြင်းက စိတ်ပိုင်းဆိုင်ရာ စမ်းသပ်မှု အောင်မြင်ခြင်းပင် ဖြစ်ဟု နည်းပြဝင်းဂါးရှမြင်





အာဆင်နယ်အနေဖြင့် လက်စတာအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြနိုင်ခဲ့ခြင်းမှာ စိတ်ပိုင်းဆိုင်ရာ စမ်းသပ်မှုကိုအောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့ခြင်းပင် ဖြစ်သည်ဟု အာဆင်နယ်နည်းပြ ဝင်းဂါးက သုံးသပ်လိုက်သည်။ ဂျေမီဗာဒီမှာ မွန်ရီယယ်၏ ခြေထောက်နှင့် အနည်းငယ်ချိတ်မိခဲ့ခြင်းအား အငြင်းပွားဖွယ်ရာ ပင်နယ်တီရယူခဲ့ခြင်းကြောင့် အာဆင်နယ်မှာ ရှုံးကန်ခဲ့ရသေးသည်။

အာဆင်နယ်သည် ပွဲကစားချိန် ၄၅ မိနစ်တွင် ယင်းပင်နယ်တီဂိုးအား ခွင့်ပြုခဲ့ရသော်လည်း ဝဲလ်ကော့က ချေပဂိုးသွင်းယူခဲ့ပြီးနောက် ပွဲချိန်မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ငါးမိနစ်အရောက်တွင် အိုဇေးလ်၏ အလွတ်တည်ကန်ဘောမှ တစ်ဆင့် ဝဲလ်ဘတ်က အဖိုးတန်အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ရာ အာဆင်နယ်ပရိသတ်များအတွက် ကျေနပ်စရာ အခိုက်အတန့် ဖြစ်ခဲ့သည်။

ဝင်းဂါးက“ ကျွန်တော်တို့အသင်းက နောက်တန်းခံစစ် အင်မတန်တောင့်တင်းတဲ့ အသင်းကို တစ်ဂိုးရှုံးနိမ့်နေခဲ့ရာကနေ အခုလို အနိုင်ရရှိအောင် စွမ်းဆောင်ပြနိုင်ခဲ့တာကိုက အင်မတန်ကြီးမားတဲ့ အောင်မြင်မှုကို ဖော်ဆောင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါက စိတ်ပိုင်းဆိုင်ရာ စမ်းသပ်မှုကို အောင်မြင်အောင် ကျော်ဖြတ်နိုင်ခဲ့တာပါ။ ကျွန်တော်တို့အသင်းက အခုထိ လမ်းကြောင်းမှန်ပေါ်မှာ ရှိနေဆဲဖြစ်ပြီး တိုက်ပွဲဝင်စိတ်ဓာတ်နဲ့ ချန်ပီယံဆုဖလားကို စိန်ခေါ်နိုင်ဖို့ အားထုတ်သွားမှာဖြစ်ပါတယ်” ဟု ရှင်းလင်းပြောကြားလိုက်သည်။

ဒူးဒဏ်ရာကြောင့် ၁၀ လတာ အနားယူနေခဲ့ရာမှ ပြန်လည်ကစားနိုင်ခဲ့သည့် ဝဲလ်ဘတ်မှာ အနိုင်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုပွဲ၏ သူရဲကောင်းဖြစ်ခဲ့ရသည်။ သို့သော် လက်စတာနည်းပြ ရာနီရေရီက ဒိုင်လူကြီး မာတင်အက်ကင်ဆန်မှာ လက်စတာအား ပင်နယ်တီဂိုးအား ခွင့်ပြုခဲ့ပြီးနောက် အာဆင်နယ်ပရိသတ်များ၏ ဖိအားပေးမှုကို ခံရကာ စင်ပ်ဆန်အား နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခဲ့ကြောင်း၊ စင်ပ်ဆန်၏ ပြစ်ဒဏ်ကျူးလွန်မှုမှာ ပုံမှန်အနေအထားပင်ဖြစ်ကြောင်း၊ ယင်းသို့ လူတစ်ယောက် လျော့အနေအထားက အရာအားလုံးကို ပြောင်းလဲသွားစေခဲ့ကြောင်း၊ လက်စတာမှာ ယခုထိ အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက် ရပ်တည်နေဆဲဖြစ်သည်ကို မည်သူကမျှ မမေ့သင့်ကြောင်း တုံ့ပြန်စကားဆိုလိုက်သည်။



## စပါးအားရှုံးနိမ့်ခဲ့သော်လည်း ချန်ပီယံဆုအတွက် လက်လျှော့မည်မဟုတ်ဟု ကွန်ပနီ ဆို

ဖေဖော်ဝါရီ၁၄ရက်ညက ယှဉ်ပြိုင်ကစားခဲ့သည့် မန်စီးတီးနှင့် စပါးတို့ပွဲစဉ်တွင် မန်စီးတီးမှာ အိမ်ကွင်းမှာပင် နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သော်လည်း ချန်ပီယံဆုအတွက် လက်လျှော့မည်မဟုတ်ကြောင်း အသင်းခေါင်းဆောင်ကွန်ပနီက ထုတ်ဖော်ပြောကြားလိုက်သည်။ မန်စီးတီးအသင်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်က ယှဉ်ပြိုင်ကစားခဲ့သည့် လက်စတာနှင့် ပွဲစဉ်တွင်လည်း အရေးနိမ့်ခဲ့သေးရာ နှစ်ပွဲဆက်တိုက်ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

မန်စီးတီးသည် ရီဟာမ်စတာလင်း၏ လက်ထိဘောကြောင့် စပါးအသင်းအား ပင်နယ်တီပေးခဲ့ရပြီးနောက် ယင်းပင်နယ်တီကို ဟယ်ရီကိန်းက ဦးဆောင်ဂိုးအဖြစ် သွင်းယူသွားခဲ့သည်။ ယင်းနောက် မန်စီးတီးက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၈၃မိနစ်တွင် စပါးမှ အဲရစ်ဆန်က အနိုင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် မန်စီးတီးအသင်း ရှုံးပွဲ ကြုံခဲ့ရခြင်းဖြစ်သည်။

မန်စီးတီးသည် ပြီးခဲ့သည့် ဘောလုံးရာသီလေးရာသီအတွင်း ပရီမီယာလိဂ်ချန်ပီယံအဖြစ် နှစ်ကြိမ်တိုင်အောင်ပွဲခံနိုင်ခဲ့ရာ ယခုနှစ်တွင်လည်း ချန်ပီယံဆုကို ရရှိရန် မျှော်မှန်းနေခြင်းဖြစ်သည်။

ထို့ပြင် မန်စီးတီးတောင်ပံတိုက်စစ်မှူး စတာလင်းမှာ စပါးမှဒန်နီရို့စ်၏ ဖြတ်တင်ဘောကို ကျော့ဖြင့်သာ ထိမိခဲ့ခြင်းဖြစ်သော်လည်း စပါးအသင်းအား ပင်နယ်တီ လက်ဆောင်ပေးခဲ့သည့် ဒိုင်လူကြီး မာ့ခ်ကလက်တန်ဘာ့ဂ်၏ ဆုံးဖြတ်ချက်အတွက် စိတ်ပျက်မိကြောင်းလည်း မန်စီးတီးနည်းပြ ပယ်လီဂရီနီက ပွဲအပြီးတွင် ပြောကြားလိုက်သည်။

ပယ်လီဂရီနီက “ စပါးနဲ့ ပထမပွဲမှာ ကစားတုန်းကလည်း ရှင်းရှင်းလင်းလင်း ဖြစ်နေတဲ့ လူကျွံဘောအနေအထားကနေပြီးတော့ ပေးဂိုးနှစ်ဂိုးကို ပေးခဲ့ရပြီး ကျွန်တော်တို့အသင်းရှုံးနိမ့်ခဲ့ရတယ်။ ဒုတိယအကျော့မှာလည်း ဒိုင်လူကြီးကိုပဲ ပြန်တာဝန်ချပြီး ပင်နယ်တီဂိုးပေးခဲ့ရပြန်တယ်။

ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ချန်ပီယံဆုအတွက် ကျွန်တော်တို့အသင်းအရှုံးပေးမှာ မဟုတ်ပါဘူး။ နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့ပေမယ့် ထိပ်ဆုံးက အသင်းနဲ့ ခြောက်မှတ်ပဲ ကွာဟသေးတာကြောင့် ဘာမဆိုဖြစ်သွားနိုင်ပါသေးတယ်”ဟု ဆိုလိုက်သည်။

ဖေဖော်ဝါရီ၁၄ရက်တွင် ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးလေးသင်း ထိပ်တိုက်တွေ့ဆုံသည့် ပွဲစဉ်နှစ်ပွဲတွင် မြောက်လန်ဒန်အခြေစိုက် အသင်းနှစ်သင်းဖြစ်သည့် စပါးနှင့် အာဆင်နယ်နှစ်သင်းစလုံး အနိုင်ရခဲ့ကြပြီး အမှတ်ပေးဇယားထိပ်မှ လက်စတာနှင့် နှစ်မှတ်သာ ကွာဟတော့သည့် အနေအထားကို ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

မန်စီးတီးအသင်းမှာ နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့သော်လည်း လက်စတာအသင်းက အာဆင်နယ်အားနှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ဇယားထိပ်ဆုံးရှိအသင်းနှင့် ခြောက်မှတ်သာ ကွာဟသေးသည့် အခြေအနေကို ဆက်လက်ထိန်းထားနိုင်ဆဲပင်ဖြစ်သည်။

မေလဲ့သင်း - စုစည်းရေးသားသည်



## မန်ချီနီ၏ အနာဂတ်အတွက် အာမခံချက် အပြည့်ရှိဆဲဖြစ်ကြောင်း သိုဟီးဖွင့်ဟ

အင်တာမီလန်အသင်း ဥက္ကဋ္ဌအဲရစ်သိုဟီးက အင်တာမီလန်အသင်းမှာ ဖီအိုရင်တီးနားအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သော်လည်း ကလပ်အသင်းနည်းပြ မန်ချီနီ၏ အနာဂတ်အတွက် ယခုထိ အာမခံချက်အပြည့်ပေးနိုင်ဆဲဖြစ်ကြောင်း ကောလာဟလများနှင့် ပတ်သက်၍ တုံ့ပြန်စကားဆိုလိုက်သည်။ အင်တာမီလန်အသင်းသည် ရာသီအစရလဒ်များ ကောင်းမွန်ခဲ့သော်လည်း ယခုလက်ရှိတွင် အမှတ်ပေးဇယားထိပ်ရှိ ဂျူဗင်တပ်အောက် ၁၂ မှတ်လျော့နည်းကာ အမှတ်ပေးဇယားအဆင့်(၅)နေရာသို့ရောက်ရှိနေသည်။ ထို့ကြောင့် မန်ချီနီ၏ အနာဂတ်မှာ မရေရာမှုများ ရှိလာခဲ့ပြီဟု သတင်းများထွက်ပေါ်လာရာ သိုဟီးက ယခုကဲ့သို့ ပြန်လည်ရှင်းလင်းလိုက်ခြင်းဖြစ်သည်။ သိုဟီးသည် အင်တာမီလန်နှင့် ဖီအိုရင်တီးနားတို့၏ ပွဲစဉ်အားကြည့်ရှုရန် အင်ဒိုနီးရှားနိုင်ငံမှ ပြန်လာခဲ့ခြင်းဖြစ်သည်။

သိုဟီးက“ကျွန်တော်မီဒီယာတွေရော အားလုံးကိုရော အသိပေးချင်တာက မန်ချီနီရဲ့ အနာဂတ်က အသင်းနဲ့ ခိုင်ခိုင်မာမာ ရှိနေတုန်းပါပဲ။ ကျွန်တော်တို့က တစ်ဦးနဲ့ တစ်ဦး အပြန်အလှန်လေးစားမှုရှိကြသူတွေပါ။ ဒါ့ကြောင့် ဇန်နဝါရီ ဈေးကွက်မှာ ကစားသမားအင်အားကိုထပ်ဖြည့်ပေးပြီးဖြစ်သလို ရာသီကုန်ကျရင် ပရိသတ်အတွက်တစ်ခုခုကျန်အောင် ကျွန်တော်တို့ စွမ်းဆောင်ပေးနိုင်မယ်လို့ ယုံကြည်ထားပါတယ်” ဟု ဆိုလိုက်သည်။

## ဗီလာအသင်းတွင် တိုက်ပွဲဝင်စိတ်ဓာတ် ပျောက်ဆုံးနေသည်ဟု ဂရာဒီဝန်ခံ

အက်စတွန်ဗီလာနည်းပြဂရာဒီက လီဗာပူးအား ခြောက်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဗီလာအသင်းသားများတွင် တိုက်ပွဲဝင်စိတ်ရှိမရှိ ဆိုသည်ကို သူ့အနေဖြင့်ပင် သေချာမသိတော့ကြောင်း ဆိုလိုက်သည်။

ဗီလာအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်အမှတ်ပေးဇယား အောက်ဆုံးတွင် ရပ်တည်နေပြီး ပုံမှန်တိုးတက်မှု အခြေအနေတစ်ရပ်ကို ယခုထိ ဖော်ဆောင်နိုင်ခြင်း မရှိသေးပေ။

ဂရာဒီက လီဗာပူးနှင့် ဗီလာတို့၏ ကစားသမား တစ်ဦးချင်းစွမ်းရည်မှာ ကွာခြားလွန်းနေသည့် အနေအထားဖြင့် ရှုံးနိမ့်ခဲ့ခြင်းကို မကျေနပ်နိုင်ကြောင်း၊ ကစားသမားများမှာ ယခုထိ ပိုမိုကောင်းအောင်ကစားနိုင်ကြမည်ဟု မျှော်လင့်ခဲ့သော်လည်း ထင်သလိုဖြစ်မလာခဲ့ကြောင်း၊ ထို့ကြောင့် ကစားသမားများ၏ တိုက်ပွဲဝင်စိတ် ရှိ၊ မရှိ ဆိုသည့် အနေအထားအပေါ် မေးခွန်းထုတ်ရတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

# ဒီဇယ်၊ ဓာတ်ဆီ တရားမဝင်ရောင်းချရာမှ မီးလောင်မှုဖြစ်ပွား



**ဘားအံ ဖေဖော်ဝါရီ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့ လှာကာကျေးရွာအုပ်စု ဇရပ်ဖြူကျေးရွာ၌ တန်(၄၀၀၀) ဘီလပ်မြေစက်ရုံ အဝင်လမ်းရှိ လေးခန်းတွဲဆိုင်ခန်းတွင် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ဓာတ်ဆီရောင်းချလျက်ရှိသော လူနေအိမ်ဆိုင်ခန်းတွင် ဆီရောင်းချနေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းရခြင်းနှင့်ပတ်သက်၍မြိုင်ကလေးရဲကင်းစခန်းမှူးရဲအုပ်ဝင်းနိုင်ကစစ်ဆေးခဲ့ရာ ရန်အောင်(ခ) မဲကြီး၏ မိသားစုနှင့်အတူနေထိုင်သည့်(၁၀×၂၀)ပေရှိ လူနေဈေးဆိုင်ခန်းတွင် ရောင်းချရန်ထားရှိသော ဓာတ်ဆီတိုင်ကီထဲမှ ဓာတ်ဆီအား ပလတ်စတစ်ပုံးအတွင်း ပြောင်းထည့်စဉ်ရုတ်တရက်မီးထလောင်၍အနီးရှိ ဓာတ်ဆီတိုင်ကီသုံးလုံးနှင့် နေအိမ်ဆိုင်ခန်းအား စတင်မီးစွဲလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဆိုင်ခန်းဝဲဘက်ရှိ ကုန်စုံဆိုင် တစ်ဆိုင်၊ ယာဘက်ကပ်လျက်ရှိသည့်သွပ်မိုး၊ ကွန်ကရစ်ခင်း လူနေထိုင်ခြင်းမရှိသော ဆိုင်ခန်းသုံးခန်းနှင့် (၁၀×၁၅)ပေခန့်ရှိရုံးခန်းတို့အား မီးကူးစက်လောင်ကျွမ်းခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရန်အောင်(ခ) မဲကြီးအား ဘားအံမြို့မရဲစခန်းက အမှုဖွင့်လှစ်ထားကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

# ကွမ်းသီးအိတ်များတင်ဆောင်လာသောယာဉ် ကုန်းအဆင်း၌ အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝကားလမ်း မိုင်တိုင်အမှတ်(၄၉/၅)အနီးတွင် ဖေဖော်ဝါရီ ၁၂ ရက် ည ၉ နာရီ ၄၅ မိနစ်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ လာဘ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မုံရွာဘက်မှ ကလေးဝဘက်သို့ ကွမ်းသီးအိတ် ၁၅၀ တင်ဆောင်ကာ မုံရွာမြို့ မြဝတီရပ်ကွက်နေ ထွန်းဦး(၃၉)နှစ်မောင်းနှင်ပြီး မော်လိုက်မြို့ တပ်ကုန်းရပ်ကွက်နေ စိုးစံ(၂၀)နှစ် လိုက်ပါလာသော 8J/×××× TOYOTA CANTER ယာဉ်မှာ မိုင်တိုင်အမှတ် (၄၉/၅)အနီး တောင်ကုန်းအဆင်းလမ်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက် ပေ ၁၀၀ ခန့်အနက်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ထွန်းဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ကနီမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# မသင်္ကာဖွယ်စုဝေးရောက်ရှိနေသူများထံမှ ဓားလက်နက်များ သိမ်းဆည်းရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁ နာရီခန့်တွင် ရွှေပြည်သာမြို့နယ် အမှတ်(၁၉/၄၈)ရပ်ကွက် ဝက်မွှာပတ်လမ်းရှိ နေအိမ်၌ လူငယ်များ မသင်္ကာဖွယ်ရာ စုဝေးရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါနေအိမ်တွင် ရွှေပြည်သာမြို့နယ်နေ ကုလားမ(ခ)သက်ပိုင်စိုး(၂၂)နှစ်၊ ကျော်စိုး (ခ)ကျော်စိုးလွင် (၂၅)နှစ်၊ ပြည်သိန်း(၂၀)နှစ်၊ ကိုဖြိုး(ခ)ရဲလင်းထက် (၂၆)နှစ်တို့လေးဦးအား တွေ့ရှိရပြီး ၎င်းတို့ထံမှ အရိုးအသွား (၃၃)လက်မခန့်ရှိ ကင်ဒိုဓား တစ်ချောင်း၊ အရိုးအသွား (၂၈)လက်မခန့်ရှိ ဓားမ တစ်ချောင်း၊ အရိုးအသွား(၁၃)လက်မခန့်ရှိ ဓားဦးချွန် ဓားမြှောင် တစ်ချောင်း၊ အရိုးအသွား (၁၂)လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်း၊ အရိုးအသွား (၉)လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်း၊ အရိုးအသွား(၇)လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်း၊ လေးခွ တစ်လက်နှင့် လက်ကိုင်ဖုန်းမျိုးစုံ ခုနစ်လုံးတို့အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။



ယင်းသို့ ဓားလက်နက်များ တွေ့ရှိသိမ်းဆည်းရမိသဖြင့် ကုလားမ(ခ) သက်ပိုင်စိုးပါ လေးဦးတို့အား ရွှေပြည်သာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**


## လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ပခုက္ကူမြို့နေ ဦးသိန်းထွန်း-ဒေါ်ခင်စန်းဝင်းတို့၏ သားငယ်၊
ဒေါက်တာသန်းနိုင်-ဒေါက်တာခင်မြင့်မြင့်စိုးတို့၏ တူ

**ဗိုလ်ကြီးမိုးဇော်မင်း**

B.Sc (Maths), D.S.A,ME (Computer Science), MITT, Russia

နှင့်

ရန်ကုန်မြို့နေ ဦးဝင်းထိန်(ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဝန်ကြီးဌာန)-ဒေါ်ခင်ခင်ဝင်းတို့၏ တစ်ဦးတည်းသောသမီး

**မအိမွန်ခင်**

B.E,M.E,(Chemical)

တို့၏ ၁၄-၂-၂၀၁၆ရက်တွင် NOVOTEL Yangon Max Hotel (Yangon Ballroom)၌ ကျင်းပပြုလုပ်သည့် ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) သီရိပျံချီဦးမြင့်စိုးနှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်အသီးသီးမှ လူကြီးမင်းများနှင့် ဇနီးများ၊ ၉-၂-၂၀၁၆ရက်တွင် Sedona Hotel(Inya Room)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်ဟန်၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ၁၀-၂-၂၀၁၆ရက်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မိုးကုတ်ဆွမ်းစားဆောင်၊ သီရိရတနာကမ္ဘာအေးကုန်းမြေ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဗိုလ်သင်တန်းအမှတ်စဉ်(၅၈)မှ သူငယ်ချင်းများနှင့် ဇနီးများ၊ ဘူမိဗေဒဌာနမှ ဆရာ၊ ဆရာမများ သူငယ်ချင်းများနှင့် ဇနီးများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါပေး ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဧည့်ခံပေးပါသော ရီရီသန့်-နှင်းရီသန့်တေးဂီတအဖွဲ့၊ တက်ရောက်ချီးမြှင့်ပြီး တေးသံသာများဖြင့် သီဆိုပေးပါသော အကယ်ဒမီများရှင် ရန်အောင်၊ အကယ်ဒမီများရှင် မို့မို့မြင့်အောင်၊ မင်္ဂလာပန်းကြဲပေးပါသော ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် နေအဥ္ဇရာ၊ မင်္ဂလာပန်းကုံးဗန်းကိုင် မခင်ကောင်းထက်၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မသက်ဝါဆို၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးတင့်နိုင်ဌေး၊ ဗိုလ်ကြီးသက်ထူးအောင်နှင့် မင်္ဂလာသတို့သမီးအရံ မမေမြသက်၊ ဒေါက်တာအေးသူခိုင်တို့အားလည်းကောင်း၊ ရတနာများဆင်မြန်းပေးပါသော ပါဝါစိန်ရွှေရတနာဆိုင်မှ ဦးထွန်းအောင်ကျော်နှင့် ဒေါ်အေးအေးတင်အားလည်းကောင်း၊ မိတ်ကပ်ဆံပင်အလှဖန်တီးပေးပါသော ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော"Focus Daily"ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့တို့အားလည်းကောင်း၊ ၁၅-၂-၂၀၁၆ရက်တွင် Mya Yeik Nyo Hotel ၌ ကျင်းပသည့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသည့် နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟ ပုဂ္ဂိုလ်များအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးမိုးဇော်မင်း-မအိမွန်ခင်**



# မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်



## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၁/၂)၊ အမှတ်(၂)လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ အစိုးရပိုင် မြေဧရိယာ(၁၂. ၅၃၄)ဧကတွင် အငှားအိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ဒါခေါ်ယူတည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ ပေါ်ထွက်လာမည့် အိမ်ခန်း(၁၂၀၀)ကို လျှပ်စစ်ဓာတ်အားပေးရေး(အဆောက်အဦပြင်ပအပိုင်း)အတွက် လုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် အောက်ပါ အဆိုပြုလွှာများကို သီးခြားစာအိတ်များဖြင့် ထည့်သွင်း၍ တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **ကျွမ်းကျင်မှုနည်းပညာဆိုင်ရာအဆိုပြုလွှာ**တွင် လုပ်ငန်းဒီဇိုင်း၊ တည်ဆောက်မှုကြီးကြပ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်၊ အဆင့်အလိုက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ အလားတူလုပ်ငန်းအတွေ့အကြုံနှင့် စာချုပ်ချုပ်ဆိုခဲ့မှုများ ဖော်ပြပါရှိရမည်။

(ခ) **ငွေကြေးဆိုင်ရာအဆိုပြုလွှာ**တွင် ကုမ္ပဏီ၏ ငွေကြေးပိုင်ဆိုင်မှု၊ ယခုဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားပေးရေး(အဆောက်အဦပြင်ပအပိုင်း) အတွက် ကုန်ကျမည့် အဆိုပြုတန်ဖိုးကို ဖော်ပြရမည်။ ထို့အပြင် တင်ဒါတင်သွင်းသူ၏ လွန်ခဲ့သော (၃)နှစ်အတွက် စာရင်းစစ်ဆေးပြီး ငွေကြေးအစီရင်ခံစာ၊ လုပ်ငန်းအတွက် ငွေကြေးအရင်းအမြစ်တို့ ဖော်ပြပါရှိရမည်။

၂။ တင်ဒါတင်သွင်းသူများအနေဖြင့် ၁၁-၃-၂၀၁၆ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် မှတ်ပုံတင်ပြီး တင်ဒါပုံးတွင် တင်ဒါအဆိုပြုလွှာများကို ချိပ်ပိတ်တင်သွင်းရပါမည်။

၃။ တင်ဒါဖွင့်ဖောက်စိစစ်မည့်နေ့ရက်ကို ဆက်သွယ်အကြောင်းကြားပါမည်။

၄။ တင်ဒါလျှောက်လွှာကို ၁၅-၂-၂၀၁၆ရက်မှစ၍ (၁)စုံလျှင် (၁၅၀၀၀ိ/-)(ကျပ်တစ်သောင်းငါးထောင်တိတိ)ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှုအာမခံဖြင့် (၁၀၀၀၀၀၀၀ိ/-) (ကျပ်သိန်းတစ်ထောင်)ကို မြန်မာ့စီးပွားရေးဘဏ်တွင် ကြိုတင်ပေးသွင်းရမည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**



## ပုဂ္ဂလိကပိုင်အသေးစားစက်မှုဥယျာဉ် (Light Industrial Park) တည်ထောင်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မလစ်ကျေးရွာအုပ်စု၊ ထောင်တလုတ်ကျေးရွာ၊ မစိုကွင်း၊ ကွင်းအမှတ်(၄၈၂)နှင့် မလစ်ကျေးရွာ၊ ကြာနီကန်ကွင်း၊ ကွင်းအမှတ်(၁၁၀၇-က) နှင့် (၁၁၀၇-ခ)ရှိ မြေဧရိယာများ၏ တစ်စိတ်တစ်ဒေသတွင် ပါဝင်သည့် မြေဧရိယာ ဧက (၅၅၀) ခန့်ပေါ်တွင် ပုဂ္ဂလိကပိုင်အသေးစားစက်မှုဥယျာဉ် (Light Industrial Park) တည်ထောင်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီ /အဖွဲ့အစည်းများအနေဖြင့် အောက်ပါအဆိုပြုလွှာများကို သီးခြားစာအိတ်များဖြင့် ထည့်သွင်း၍ တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **ကျွမ်းကျင်မှုနည်းပညာဆိုင်ရာအဆိုပြုလွှာ**တွင် လုပ်ငန်းဒီဇိုင်း၊ တည်ဆောက်မှုကြီးကြပ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်၊ အဆင့်အလိုက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းလည်ပတ်လုပ်ကိုင်ခြင်း၊ လုပ်ငန်းထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ အချက်အလက်များ၊ အလားတူလုပ်ငန်းအတွေ့အကြုံနှင့် စာချုပ်ချုပ်ဆိုခဲ့မှုများ ဖော်ပြပါရှိရမည်။

(ခ) **ငွေကြေးဆိုင်ရာအဆိုပြုလွှာ**တွင် လုပ်ငန်းအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ၊ လုပ်ငန်းအဆင့်အလိုက် ကုန်ကျမည့် ရင်းနှီးမြှုပ်နှံမှုပမာဏ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကုမ္ပဏီ/အဖွဲ့အစည်းတို့အကြား နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ အဆိုပြုတင်ပြချက်တို့ကို ဖော်ပြရမည်။ ထို့အပြင် တင်ဒါတင်သွင်းသူ၏ လွန်ခဲ့သော (၃) နှစ်အတွက် စာရင်းစစ်ဆေးပြီး ငွေကြေးအစီရင်ခံစာ၊ လုပ်ငန်းအတွက် ငွေကြေးအရင်းအမြစ်တို့ ဖော်ပြပါရှိရမည်။

၂။ တင်ဒါတင်သွင်းသူများအနေဖြင့် ၁၁-၃-၂၀၁၆ ရက် ၁၆:၃၀နာရီနောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် မှတ်ပုံတင်ပြီး တင်ဒါပုံးတွင် တင်ဒါအဆိုပြုလွှာများကို ချိပ်ပိတ်တင်သွင်းရပါမည်။

၃။ တင်ဒါဖွင့်ဖောက်စိစစ်မည့်နေ့ရက်ကို ဆက်သွယ်အကြောင်းကြားပါမည်။

၄။ တင်ဒါလျှောက်လွှာကို ၁၅-၂-၂၀၁၆ ရက်မှစ၍ (၁)စုံလျှင် (၅၀၀၀၀ိ/-) (ကျပ်ငါးသောင်းတိတိ)ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှုအာမခံအဖြစ် (၁၀၀၀၀၀၀၀၀ိ/-) (ကျပ်သိန်းတစ်ထောင်)ကို မြန်မာ့စီးပွားရေးဘဏ်တွင် ကြိုတင်ပေးသွင်းရမည်။

၆။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်းများအနက် အများပိုင်ကုမ္ပဏီ (Public Company)ကို ဦးစားပေးရွေးချယ်ပါမည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**





## မြတ်ဗုဒ္ဓ၏ ဓမ္မနီတိ

ဥက္ကလာဝင်းကြည်၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ပန်းချီကံကောင်းက သရုပ်ဖော်ရေးဆွဲထားသည့် မြတ်ဗုဒ္ဓ၏ ဓမ္မနီတိ ပုံပြစာအုပ်ထွက်လာသည်။

မြတ်စွာဘုရားရှင် ၄၅ဝါတိုင်တိုင် ဟောကြားတော်မူခဲ့သော တရားတော်ပေါင်းမြောက်မြားစွာထဲမှ သတ္တဝါများ လောကီ၊ လောကုတ္တရာနှစ်ဖြာအတွက် အကျိုးစီးပွားအလို့ငှာ ကြီးပွားချမ်းသာခြင်းကို ဖြစ်စေတတ်သော မကောင်းမှုဘေးအန္တရာယ်အလုံးစုံကို ပယ်ဖျောက်စေတတ်သော သုံးဆယ့်ရှစ်ဖြာမင်္ဂလာ တရားတော်ကို အခြေခံထားကာ ရေးသားထားသည်။

ငယ်ငယ်ရွယ်ရွယ်ပျိုပျိုလတ်လတ် သားသားမီးမီး တူသားမောင်မယ် အပေါင်း လွယ်ကူစွာ သိရှိမှတ်သားခံစား လိုက်နာကြစေရန် ရည်ရွယ်၍ သာဓက၊ ဥပမာ၊ အထောက်အထားဇာတ်လမ်းများဖြင့် စိတ်ဝင်စားစေရန် ပန်းချီ၊ ရုပ်ပြ၊ ကာတွန်းများဖြင့် တန်ဆာဆင်ကာရေးဆွဲထားသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအတွက် ကောင်းမြတ် သည့် လမ်းပေါ်သို့ ရောက်ရှိနိုင်ရန် စာရေးသူက ရည်ရွယ်သည်။

စာအုပ်ကို ယဉ်မျိုးစာပေ ဖုန်း - ၀၉-၇၃၂၀၁၅၈၆ အမှတ် (၂၇၄) လမ်း (၄၀) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။





## တောင်တွင်းဌာနေမှ တို့ဆရာတွေ

ကျွန်ုပ်တို့ဇာတ် တောင်တွင်းကြီးမြို့တွင် ပညာမင်းကြီး ဦးကောင်းမှစ၍ တာဝန်ထမ်းဆောင်ခဲ့သော မိမိတို့ဆရာများအကြောင်းကို တပည့်များ စုပေါင်းရေးသည့်စာအုပ်ဖြစ်သည်။

ကျေးဇူးသဘောကျောင်းဆရာအဖွင့်ကဗျာနှင့်ဆောင်းပါး ၃၃ပုဒ် ပါဝင်သည်။ ၂၀၁၅ခုနှစ် ဒီဇင်ဘာလအတွင်း ပထမအကြိမ်ထုတ်ဝေသော စာအုပ်ဖြစ်သည်။

ရန်ကုန်ပညာတန်တော်မဂ္ဂဇင်းတိုက် ဖုန်း - ၅၃၉၇၃၈၊ တောင်တွင်းကြီး တိုးကိုထွေး(ပညာရေး) ဖုန်း ၀၉-၃၃၂၄၇၄၁ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိသည်။




## ဟန်ကျပန်ကျနေနည်း အတွေးအမြင်ကဗျာ၊ဆောင်းပါး စုစည်းမှု(၁)

ကလောင်စုံပါဝင်ရေးသားထားသည့်ဟန်ကျ ပန်ကျနေနည်း အတွေးအမြင်၊ ကဗျာ၊ဆောင်းပါးစုစည်းမှု(၁) စာအုပ်တွင် ရန်အောင်၊ ကံမြင့်၊ ဘိုကြီး၊ မောင်မြို့ပြ၊ မောင်ဘဂျမ်း၊အယ်ဒီတာတစ်ဦး၊ မောင်လှဖေ (ရန်ကင်း)၊ မောင်ဝန်(ဥပဒေ)၊ ဦးအေးမောင်၊ လှတိုး(စိတ်ပညာ)တို့ ပါဝင်ရေးသားထားသည်။

ဆရာရန်အောင်၏ အလုပ်ဟူသည် နေရာတိုင်းတွင်ရှိ၏ဟူသော ဆောင်းပါးတွင် အလုပ်ဟူသည် ပျင်းစရာမဟုတ်၊ ပျော်စရာသာဖြစ်၏။ အလုပ်လုပ်ရ၍ ပျင်းလှသည်ဟု ညဉ်းညူကြသူများမှာ အလုပ်ကို စိတ်မဝင်စား၍ဖြစ်သည်။ တစ်ခုတည်းသောအလုပ်ကို တစ်မျိုးတည်းသော နည်းဖြင့် အစဉ်အမြဲ လုပ်ကိုင်နေရသည့်အတွက် ပျင်းရိ ငြီးငွေ့ခြင်းကား ဖြစ်တတ်၏။ ထိုအခါ မိမိ၏ လုပ်ငန်းကို ထွင်ခြင်း၊ သစ်ဆန်းအောင်ကြံခြင်း၊ တိုးတက်အောင် ဖန်တီးခြင်းများကို ပြုခြင်းအားဖြင့်ပျင်းရိခြင်းကို ဖြေဖျောက်နိုင်ကြောင်း ဖော်ပြထားသည်။

စာအုပ်ကို ရန်အောင်စာပေ(ဖုန်း ၀၉ - ၅၁၇၉၃၉၈၊ ၀၉ - ၇၃၂၄၃၈၅၁) တိုက် ၁၇၊ အခန်း ၂၃ ရွှေအုန်းပင်အိမ်ရာ အနောက်ရန်ကင်း ရန်ကင်းမြို့နယ်မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ထုတ်ဝေသည်။




## ရွှေမိနှင့် အင်္ဂလိပ်စာ

ကာတွန်းမောင်ရစ်၏ ရွှေမိနှင့်အင်္ဂလိပ်စာ စာအုပ်မှာ နေ့စဉ် အင်္ဂလိပ်စကားပြောအသုံးများထဲမှ အလင်္ကာသုံး၊ ခေတ်ပေါ် ဗန်းစကား၊ အသုံးများကို အင်္ဂလိပ်စကားပြောဝါသနာရှင်၊ လေ့လာသူကလေး/လူငယ်ပရိသတ် အတွက် ရွှေမိဆိုသည့် ကာတွန်းဇာတ်ကောင်လေးမှတစ်ဆင့် ကာတွန်းပုံပြင်အဖြစ် ဖော်ပြထားသည်။

အင်္ဂလိပ်ဘာသာစကား လေ့လာလိုသူများအတွက်အကျိုးရှိမည့်စာအုပ်တစ်အုပ်ဖြစ်သည်။ အကယ်ဒမစ် အပတ်စဉ် ပညာရေးဂျာနယ်တွင် ၂၀၁၄ခုနှစ်ဆန်းမှ ၂၀၁၅ ခုနှစ်ကုန်အထိ ဖော်ပြခဲ့သည့် တစ်မျက်နှာကာတွန်းများကို တစုတစည်းတည်း ဖော်ပြထားသည်။

စာအုပ်ကို ရန်အောင်စာပေ (ဖုန်း ၀၉-၅၁၇၉၃၉၈၊ ၀၉-၇၃၂၄၃၈၅၁) တိုက် ၁၇ အခန်း ၂၃ ရွှေအုန်းပင်အိမ်ရာ အနောက်ရန်ကင်းမြို့နယ်ရန်ကင်းမြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့်ထုတ်ဝေသည်။




## ဘဝသစ္စာနှင့် အလှူတရား

ဘိက္ခုဃောသက(သန္တိသုခ)(မြတ်ဘုန်းကျော်) ရေးသားပြုစုသော "ဘဝ သစ္စာနှင့် အလှူတရား"စာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်တွင် စာပေနယ်မှ သစ္စာရှင်များသို့ဟု အစချီထားပြီး စာပေကပေးသောဓမ္မအသိများဖြင့် ကျင့်ကြံ ပွားများအားထုတ်ကြပါလျှင် ချမ်းသာခြင်းအစစ်အမှန်ကို ရရှိစေနိုင်ကြောင်းတို့ကို မျှဝေထားသည်။ ဘာသာရေးကိုအကြောင်းခံ၍ လောကကြီးအတွင်းမှ ကောင်းမှု၊ မကောင်းမှုတို့ကို မှန်မှန်ကန်ကန် ပိုင်းခြားဝေဖန်သိမြင်ပြီး စိတ်ချမ်းသာမှုနှင့် ဘဝသစ္စာကို ရယူပိုင်ဆိုင်နိုင်အောင် ဓမ္မဒေသနာများပေးဝေထားသည်။ ကျမ်းငယ်တစ်ဆူအသွင်ရှိပြီး သတိပေးချင်တယ်။ ခန္တီမေတ္တာအသိပါရင် ဘဝသစ္စာနှင့်အလှူတရား၊ ဘုရားအလှူငွေဟိုတယ်မှာ ပေးချေရတယ်။ သေခြင်းသဘောရှိသောခန္ဓာ၊ အောင်မြင်ကြီးပွား လူ့စွမ်းအား၊ ဓမ္မသံဝေယူတတ်စေ စသည့် အခန်းကဏ္ဍများ ဖြင့်ကျယ်ကျယ်ပြန့်ပြန့် တင်ပြထားသည်။


စာအုပ်ကို ဘိက္ခုဃောသက (မြက်ဘုန်းကျော်ခေါင်)၏ ရွှေရတုဓမ္မလက်ဆောင်အဖြစ် ရန်ကုန်မြို့ မျိုးဆက်သစ်စာပေမှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။




## မြန်မာ့ရိုးရာစကားထာများ

ကြည်ဦးရေးသားသော မြန်မာ့ရိုးရာစကားထာများ စာအုပ်ထွက်ရှိလာသည်။ သားငယ်၊ သမီးငယ်များ ကျောင်းပြင်ပ ဗဟုသုတများ လေ့လာနိုင်ရန်အတွက် မြန်မာ့ရိုးရာစစ်စစ် စကားထာများကို စီစဉ်ပေးထားသည်။ စာအုပ်ကို လေ့လာခြင်းဖြင့် အပျင်းလည်းပြေ၊ ပညာလည်းရ၊ ဉာဏ်လည်းရွှင်၊ စုပေါင်းဆွေးနွေးကစားကြလိုသော စိတ်ဓာတ်များ ပေါ်ပေါက်လာစေရန် ရည်ရွယ်သည်။ စကားထာ၊ စကားလိမ်၊ စကားဝှက်၊ သင်္ချာစကားထာ၊ ပုစ္ဆာစကားထာ၊ ပုံပြင်စကားထာ အစရှိသည်တို့သည် စာကြည့်တိုက်တိုင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အထူ ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်သည်။


စာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၃၉၂၈၃၅မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိထားသည်။




## လက်တွေ့လုပ်ငန်းသုံးBusiness Interview English

ဦးဖြိုးကြွယ်မြင့်ရေးသားသော Business Interview English စာအုပ်ထွက်ရှိလာသည်။ ဈေးကွက်စီးပွားရေးခေတ်တွင် မရှိမဖြစ်ကိုင်စွဲထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ စာအုပ်တွင် မိမိကိုယ်ကိုဆန်းစစ် လေ့လာခြင်း၊ အလုပ်အကိုင်ရှာဖွေခြင်း၊ အလုပ်လျှောက်လွှာရေးသားခြင်း၊ CV ကိုယ်ရေးအကျဉ်းရေးသားခြင်း၊ Interview အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ Sample Cover Letter၊ 50 Tough Interview Question အစရှိသည့် စီးပွားရေးလုပ်ကိုင်သူများ၊ အလုပ်လျှောက်ထားသူများအတွက် ကောင်းနိုးရာရာများကို ဖော်ပြထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ) ၃၉လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၉-၅၀၅၆၈၄၃မှ တန်ဖိုး ငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။




## လူတွေကြားက လူအောင်ဆန်း

စာရေးဆရာ ဝင်းအောင်ကြီး၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်းများကို စုစည်းဖော်ပြထားသော လူတွေကြားက လူအောင်ဆန်းစာအုပ်ထွက်ရှိလာသည်။

စာရေးသူ၏ဘဝတစ်လျှောက် နှစ် ၆၀ ကျော်အတွင်း ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းဖတ်ခဲ့၊ သိခဲ့၊ လေ့လာခဲ့ သော အကြောင်းအရာများကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။

"လူကို လူလိုမြင်၊ လူလိုတန်ဖိုးထားတဲ့ လူသားစိတ်ထား(Humanism) ရှိသူ လူအောင်ဆန်းကို အားကျကြိုးစားပါက အမျိုးသားခေါင်းဆောင်ကြီးဖြစ်မလာတောင် သင့်ပတ်ဝန်းကျင်ရှိလူတွေနှင့် ဆက်သွယ်ရေးလမ်းကြောင်း (Line of Communication) ပီပြင် ထိရောက်စေရန်ရည်ရွယ်ပြီး "လူတွေကြားက လူအောင်ဆန်း" အကြောင်းကို ရေးသားခြင်းဖြစ်ကြောင်း" စာရေးသူက ဆိုထားသည်။

အဆိုပါစာအုပ်တွင် ကိုအောင်ဆန်းရဲ့ သင်္ကေတ တကသ၊ကိုအောင်ဆန်းကို လူတွေ မသိကိစ္စမရှိ၊ အောင်ဆန်း ကပြောတဲ့သမိုင်း၊ အောင်ဆန်းကို ဘယ်သူကမှမလွှမ်းနိုင်၊ အောင်ဆန်းမသေ လူတွေကြားမှာနေစသည်ဖြင့် ဆောင်းပါး ပေါင်း ၃၂ပုဒ်ကို စုစည်းဖော်ပြထားသည်။

စာအုပ်ကို ဘဝတက္ကသိုလ် စာပေ အမှတ် ၁၄၉၊ ၃၇လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၇၄၁ ကတစ်အုပ်လျှင်ကျပ် ၂၀၀၀နှုန်းဖြင့် ဖြန့်ချိထားသည်။

ဆောင်းပါး

# ‘ချင်းတောင်တန်းမှ ပင်လုံသူရဲကောင်းများ’

à ကိုသောင်း(ပညာရေး)

မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့တောတောင်များနှင့် ကမ်းရိုးတန်းဒေသများတွင် မှီတင်းအခြေချနေထိုင် ကြကုန်သော တိုင်းရင်းသားမိဘပြည်သူအပေါင်းတို့သည် ရှေးနှစ်ပေါင်း အတိတ်ကာလမှစ၍ ချစ်ကြည်ရင်းနှီးစွာ အေးအတူပူအမျှ ဉမကွဲသိုက်မပျက် လက်ချင်းချိတ် နေထိုင်လာခဲ့ကြပေသည်။ ဗြိတိသျှနယ်ချဲ့တို့က ၁၈၂၄၊ ၁၈၅၂ နှင့် ၁၈၈၅ ခုနှစ်တို့၌ မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲခဲ့ကြသည်။ ဤကျူးကျော် စစ်များကို မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးတို့က သွေးစည်းညီညွတ်စွာ ကျားကုတ်ကျားခဲ တုံ့ပြန် တိုက်ခိုက်ခဲ့ကြပေသည်။ သို့သော် ခေတ်မမီသော လက်နက်အင်အားနှင့် စစ်ရေးစစ်ရာ နည်းပညာကွာဟမှုတို့ကြောင့် အရှုံးနှင့် ရင်ဆိုင်ခဲ့ရပြီး နယ်ချဲ့တို့၏ မအပ်မရာ သိမ်းပိုက်ခြင်းကို ခံခဲ့ရသည်။

နယ်ချဲ့တို့သည် မြန်မာတစ်နိုင်ငံလုံးကို သုတ်သုတ်ပါအောင် သိမ်းပိုက်ခဲ့ပြီးနောက် ပြည်မနှင့် တောင်တန်းဒေသများကို ခွဲခြားအုပ်ချုပ်ခဲ့သည့်အပြင် မြန်မာနှင့် တိုင်းရင်းသားများအကြား သွေးခွဲစနစ် ကျင့်သုံးခဲ့သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဟိုယိမ်းဒီယိမ်းဖြစ်ခဲ့ရသည်။ ၁၉၂၃ခုနှစ်တွင် ဗြိတိသျှတို့က မြန်မာပြည်မကို ပေးအပ်ခဲ့သည့် ဒိုင်အာခီခေါ် ပူးတွဲတာဝန်ခံအုပ်ချုပ်ရေးကိုလည်းကောင်း၊ ၁၉၃၇ခုနှစ် မြန်မာပြည်မ၌ ကျင့်သုံးခဲ့သည့် ၉၁ ဌာနအုပ်ချုပ်ရေးကိုလည်းကောင်း၊ တောင်တန်းဒေသများ ခံစားခွင့် မရရှိခဲ့ကြပေ။ တောင်တန်း ဒေသများသည် ပဒေသရာဇ်စနစ်အတွင်း၌သာ ကျင်လည်နေခဲ့ကြ ရသည်။ သို့အတွက် ပြည်မနှင့် တောင်တန်းဒေသများအကြား နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုအမြင်များ ကွာဟချက်ကြီးမားလာခဲ့ရသည်။

၁၉၃၉ခုနှစ် ဒုတိယကမ္ဘာစစ်မီးတောက်လောင်ချိန်၌ ဗြိတိသျှတို့ စစ်ဒဏ်ကို အလူးအလဲခံနေရရာ မြန်မာမျိုးချစ်လူငယ်တို့သည် မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်၏ အကူအညီကို ရယူကာ အင်္ဂလိပ်တို့ကို မြန်မာ့မြေပေါ်မှ အလဲလဲအပြိုပြိုဖြစ်အောင် တိုက်ထုတ်ခဲ့သည်။ သို့သော် ဖက်ဆစ်တို့က မြန်မာတို့အား နိုင်ငံရေးအရ ဖိနှိပ် အုပ်ချုပ်ခြင်း၊ စီးပွားရေးအရ သွေးစုပ်ခြင်း၊ လူမှုရေးအရ ချိုးနှိမ်ခြင်းများကြောင့် မဟာမိတ်တို့နှင့် ဆက်သွယ်ကာ ၁၉၄၅ခု မတ်လ ၂၇ ရက်မှစ၍ ဖက်ဆစ်ဂျပန်တို့ကို အမြစ်ပြတ်ပြိုလဲအောင် တော်လှန် တိုက်ထုတ်ခဲ့ရပြန်သည်။

ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၅ခု မေလ ၃ ရက်နေ့တွင် ဗြိတိသျှတပ်များက ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် စစ်အုပ်ချုပ်ရေးဖြင့် ပြန်လည်အုပ်ချုပ်ခဲ့သည်။ မြန်မာနိုင်ငံကို ဖက်ဆစ်ဂျပန်လက်အောက်မှ လွတ်မြောက်ရန် ဦးစီးရှေ့ဆောင်ခဲ့သည့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) သည် မြန်မာ့လွတ် လပ်ရေးရရှိရေးအတွက် ဆက်လက်ထမ်းဆောင်ခဲ့ရာ ဗြိတိသျှတို့က မြန်မာ့လွတ်လပ်ရေးကို မဖြစ်မနေ ပေးရတော့မည့် ပကတိအခြေအနေသို့ ဆိုက်ရောက်လာခဲ့သည်။ ဗြိတိသျှအစိုးရက ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်သို့ ဖိတ်ခေါ်ဆွေးနွေးပြီး ၁၉၄၇ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုခဲ့ရာ တောင်တန်းဒေသများ အရေးနှင့်စပ်လျဉ်း၍ ပင်လုံညီလာခံတွင်ဖြစ်စေ၊ အခြားညီလာခံတစ်ရပ်တွင်ဖြစ်စေ၊ တောင်တန်းဒေသ ခေါင်းဆောင်များ(ဝါ) ကိုယ်စားလှယ်များအား ပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေး ရယူလိုသည့် ဆန္ဒရှိမရှိ သဘောထားခံယူရမည်ဟု ပါရှိခဲ့သည်။

ရှမ်းပြည်နယ်တွင် ကျင်းပသော ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော မြန်မာကိုယ်စားလှယ်တို့နှင့် တိုင်းရင်းသား ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးရာမှ ပေါ်ထွက်လာသည့် ရလဒ်ကား ဗြိတိသျှတို့ ကြိုတင်တွက်ကိန်း ချထားသလိုမဟုတ်ဘဲ တောင်တန်းသားတို့သည် မြန်မာပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေးရယူမည်ဟူသည့် သမိုင်းတွင်မည့် ပင်လုံစာချုပ်ကြီးကို ၁၉၄၇ ဖေဖော်ဝါရီလ ၁၂ ရက်တွင် အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ပင်လုံစာချုပ် ချုပ်ဆိုရာတွင် ပါဝင်လက်မှတ်ရေးထိုးသူ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ပုဂ္ဂိုလ် ၂၃ ဦးအား ပြည်ထောင်စု မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ဗိသုကာများ(ဝါ) ပင်လုံသူရဲကောင်းများအဖြစ် တင်စားထိုက်သူများဖြစ်ကြောင်း မော်ကွန်းတင် ဂုဏ်ပြုခဲ့ကြပါသည်။

အဆိုပါ ပင်လုံသူရဲကောင်း ၂၃ ဦးအနက် ချင်းတောင်တန်း (တောင်ဇလပ်မြေ) မှ ပင်လုံသူရဲကောင်း သုံးဦးအကြောင်းကို မိဘပြည်သူများ သိရှိနိုင်ကြစေရန် မှတ်တမ်းတင်ဂုဏ်ပြု ရေးသားလိုက်ရပေသည်။



**ဦးလှူရ်မှုန် (ဖလမ်း)**
U Hlur Hmung (Falam)

ဦးလှူရ်မှုန်ကို အဘဦးနိတ်ဝုန် (U Naih Vum) နှင့် အမိဒေါ်ဇွန်ဘွဲ့ (Daw Zum Bawi) တို့မှ (၅-၁၀-၁၈၉၅) ရက်နေ့တွင် ဖလမ်းမြို့နယ် လုမ်းဘန် (Lumbang) ရွာ၌ မွေးဖွားခဲ့သည်။ ချင်းလူမျိုးဖြစ်ပြီး ဘက်ပတစ် ခရစ်ယာန်ဘာသာကို ကိုးကွယ်သည်။ ၁၉၀၄ ခုနှစ်တွင် ဖလမ်းမြို့ အစိုးရအလယ်တန်းကျောင်း၌ စတင်ပညာသင်ကြားခဲ့ပြီး ၁၉၁၂တွင် အလယ်တန်းပညာကို သင်ကြားအောင်မြင်ပြီးနောက် ကျောင်းမှ နှုတ်ထွက်ခဲ့သည်။

၁၉၁၄ တွင် ဖခင်၏ အရိုက်အရာတိုက်သူကြီးရာထူးကို ဆက်ခံ၍ ရွာပေါင်း ၂၂ ရွာကို အုပ်ချုပ်ခဲ့သည်။ နောင်တွင် တိုက်သူကြီးရာထူးကို စွန့်လွှတ်ခဲ့ပြီးသော်လည်း လူထုက ပြန်လည်ရွေးချယ်သဖြင့် တိုက်နယ်ကောင်စီ ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၁၇ တွင် ဗြိတိသျှအစိုးရ၏ တာဝန်ပေးစေခိုင်းမှုအရ မိမိအုပ်ချုပ်သော တိုက်နယ်မှ တပ်သား ၁၅၀ကို ဦးစီး၍ ပြင်သစ် စစ်မြေပြင်သို့ သွားကာ နှစ်နှစ်နီးပါးမျှ ဝင်ရောက်တိုက်ခိုက်ပေးခဲ့သည်။ ပထမကမ္ဘာစစ်ကြီးအပြီး ၁၉၁၉တွင် မိမိဦးဆောင်သော တပ်ဖွဲ့နှင့်အတူ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ထို့နောက် စစ်တပ်မှနုတ်ထွက်ပြီး မူလတိုက်သူကြီး တာဝန်ကိုသာ ထမ်းဆောင်ခဲ့သည်။ ဂျပန်ခေတ် (၁၉၄၂-၁၉၄၅) တွင် မိမိတာဝန်ယူ အုပ်ချုပ်ရသည့် ကျေးရွာ ၂၂ ရွာ၌ အိမ်စောင့်တပ် (Home Guard) ဖွဲ့စည်း၍ ဂျပန်တို့၏ရန်ကို ကာကွယ်ခဲ့သည်။

ပင်လုံမြို့တွင် ၁၉၄၆ခုနှစ် မတ်လ ၂၀မှ ၂၈ ရက်နေ့အထိ ကျင်းပသည့် ပထမအကြိမ် ပင်လုံညီလာခံသို့ ဖလမ်းမြို့မှ ချင်းအမျိုးသားကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၄၇တွင် ဒုတိယအကြိမ် ပင်လုံညီလာခံသို့ တက်ရောက်ရန် ထပ်မံတာဝန်ပေးခြင်း ခံရသည်။ ၁၉၄၇ ဖေဖော်ဝါရီလ ၁၁ရက်နေ့တွင် ဖွဲ့စည်းခဲ့သော တောင်တန်းသားများ စည်းလုံးညီညွတ်ရေး ဦးစီးအမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၄၇ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သမိုင်းမော်ကွန်းဝင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

၁၉၄၇ခုနှစ် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲတွင် ဖလမ်းမြို့နယ်မှ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး တစ်နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် အင်္ဂလိပ်အလံကိုချ၍ ပြည်ထောင်စုမြန်မာနိုင်ငံ အလံတော်ကို လွှင့်ထူလျက် လွတ်လပ်ရေးပေးအပ် ကြေညာသည့် အခမ်းအနားတွင် ကိုယ်တိုင်ပါဝင်ခဲ့သည်။ ဒေါ်ဆောင်နွမ် (Daw Cong Nuan) နှင့် လက်ထပ်ခဲ့ပြီး သမီး လေးဦးနှင့် သား သုံးဦး ထွန်းကားခဲ့သည်။ ဦးလှူရ်မှုန်သည် ၁၉၇၉ခု ဇွန်လ ၂၆ ရက်တွင် ဖလမ်းမြို့၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။

**စာမျက်နှာ ၁၇ သို့**

## တောင်ဇလပ်ပန်းနှင့် ချယ်ရီပန်းများ ဖူးပွင့်ဝေဆာသည့် ချင်းပြည်နယ်



**ဖလမ်း ဖေဖော်ဝါရီ ၁၅**

ချင်းပြည်နယ်၏သင်္ကေတပြု ချယ်ရီပန်းနှင့် တောင်ဇလပ်ပန်းများသည် ပြည်နယ်ကျက်သရေကိုဖော်ဆောင်သည့် တော်ဝင်ပန်းများဖြစ်ကြပြီး ချယ်ရီပန်းသည် ဆောင်းရာသီအချိန်ကာလပတ်လုံး ဝေဝေဆာဆာ ဖူးပွင့်လျက် ချင်းပြည်နယ်ကိုအလှဆင်ကြပြီးနောက် တောင်ဇလပ်ပန်းများသည် နွေဦးကာလမှ စတင်ဖူးပွင့်လာကာ ယခုအချိန်အခါတွင် တစ်ပင်လုံးနီနီရဲရဲဖြင့် အပြိုင်အဆိုင်ဝေဝေဆာဆာဖူးပွင့်လျက် ချင်းပြည်နယ်ကို အလှဆင်ကြပြန်သည်။

ချယ်ရီပန်းသည်မွှေးရနံ့မရှိဘဲ လူတိုင်းကြိုက်နှစ်သက်ကြသည်မှာ ထူးခြားသော ဂုဏ်အင်တစ်ခုဖြစ်ပြီးအလွန် လှပသောချယ်ရီပန်းကိုသာမက ကော်ဖီသီးနှင့်တူသော ချယ်ရီသီးကိုလည်း ကော်ဖီသီးကဲ့သို့အစုလိုက်အပြုံလိုက်သီးသောကြောင့် ကော်ဖီသီးများကို ချယ်ရီကော်ဖီ (Cherry Coffee)ဟု တင်စားခေါ်ဆိုကြကာ ချယ်ရီသီးကို ဝိုင်နှင့် ချယ်ရီသီးသနပ်၊ အချဉ်ရည်စသည်ဖြင့် ပြုလုပ်စားသုံးနိုင်သည့်အပြင် ချယ်ရီပင်၏အခေါက်မှာလည်း ဆေးဖက်ဝင်တစ်မျိုးဖြစ်ကြောင်း သိရပြီး ဖလမ်းချင်းလူမျိုးများက ချယ်ရီပန်းကို ‘ဖိုင်ဇောင်ပါရ်’ ဟု ခေါ်ဆိုကြသည်။

တောင်ဇလပ်ပန်းသည် ဖလမ်းချင်းလူမျိုးများက ‘ချော့လှယ်ပါရ်’ ဟု ခေါ်ကြကာ ရုက္ခဗေဒအခေါ်အားဖြင့် ‘ရိုက်ရှားတိုမင်တိုစား’ ဟုခေါ်သည့် တောင်ဇလပ်ပန်းသည် ဝတ်ရည်ချိုလျက် ဝတ်ရည်သောက်လျှင် အားပြည့်သည်ဟုချင်းလူမျိုးများက အယူအဆရှိသည့်အပြင် အပွင့်သည်လည်း ဆေးဖက်ဝင်ကြောင်း သိရပြီး တောင်ဇလပ်ပင်၏ အခေါက်နှင့် အမြစ်သည် အဆိပ်ရှိသောသတ္တဝါများကိုက်လျှင် အဆိပ်ဖြေဆေးအဖြစ် အသုံးပြုကြကာ အရွက်သည် မဲနယ်ရောင်ဆိုးဆေးတစ်မျိုးထွက်ပြီး အစေ့ကိုလည်း စားနိုင်သည်။



တောင်ဇလပ်ပင်များသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ပေ ၆၂၅၀ မြင့်သော ကနေဒီတောင်ခြေ တောင်ကုန်းများပေါ်တွင် အများဆုံးပေါက်ရောက်ကာ ချင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အတွေ့ရများပြီး မြောက်ပိုင်းတွင်ပေါက်သည့် အပင်များတွင် အပွင့်အနီရောင်ပွင့်လျက် တောင်ပိုင်းတွင်ပေါက်သည့် အပင်များတွင် အပွင့် အဖြူရောင်များလည်းပွင့်ကြကြောင်း တွေ့ရသည်။

အဆိုပါ ချင်းပြည်နယ်၏ သင်္ကေတပြု ပြည်နယ်ကျက်သရေဆောင် တော်ဝင်ပန်းများကိုစည်းကမ်းမဲ့ခုတ်ထွင်နေမှုမှ ကာကွယ်ရန် ကနေဒီတောင်စိမ်းလန်းစိုပြည်ရေးအဖွဲ့ Green Kenedy Group က ချင်းတောင်ဒေသသို့ သွားလာနေကြသော ခရီးသည်များနှင့် ကျေးလက်နေပြည်သူများအား တောင်ဇလပ်ပန်းနှင့် ချယ်ရီပန်းများကို မြတ်နိုးတွယ်တာ ထိန်းသိမ်းလို စိတ် အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်လျက် ချင်းတောင်မြေ၏ အထိမ်းအမှတ် သင်္ကေတပန်းများ ထိန်းသိမ်းရေး လှုပ်ရှားမှုအစီအစဉ်များကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုချိန်တွင် အပင်နည်းလာပြီး အပွင့်ကျဲလာပြီဖြစ်သော တော်ဝင်ပန်းတောင်ဇလပ်ပင်များနှင့် ချယ်ရီပင်များအား ရေရှည်ရှင်သန်နိုင်ကြရေးအတွက် တောင်ပေါ်နေ ချင်းတိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တာဝန်ကိုယ်စီ တာဝန်ရှိကြသည်။

**ဂျိုးနက်**

## ကျောက်ကြီးမြို့နယ်တွင် ဘက်စုံမူးယစ်ခင်းကျင်းဆင်းရေး ဟောပြောပညာပေး

**ကျောက်ကြီး ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက သိမ်တန်းရပ်ကွက် အ-ထ-က ကျောင်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ယစ်မျိုးဥပဒေနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးရေးဆိုင်ရာဟောပြောပွဲများအား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးစံဝေနှင့် ရဲတပ်ဖွဲ့ဝင်များ ရပ်ကွက်တာဝန်ရှိသူများ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ စိတ်ပါဝင်စားသူပြည်သူများ စုစုပေါင်းအင်အား ၁၆၀ ခန့် တက်ရောက်ခဲ့ကြပြီး အခမ်းအနားအား အစီအစဉ် (၉) ရပ်ဖြင့် ကျင်းပခဲ့ရာ ရှေးဦးစွာမြို့နယ်ရဲတပ်ဖွဲ့မှူးမှ မူးခင်းကျ ဆင်းရေးပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ဒုရဲမှူးစိုးစိုးဦးမှ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်များအား ရှင်းလင်းပြောကြားခဲ့ပြီး နောက်ရဲအုပ်ဝင်းနိုင်က ပြည်သူများပူးပေါင်းဆောင်ရွက်သော ရဲလုပ်ငန်းစနစ် ယစ်မျိုးဥပဒေနှင့် ယာဉ်/လမ်းစည်းကမ်းလိုက်နာမှု အရေးယူမှုများအား ရှင်းလင်းဟောပြောခဲ့ရာ ဟောပြောချက်များအပေါ် တက်ရောက် လာသူများက ပြန်လည်မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## ချင်းတောင်တန်းမှ ပင်လုံ ...

စာမျက်နှာ ၁၆ မှ

**ဆုတံဆိပ်ရရှိမှု**

၁။ ဗြိတိသျှအစိုးရက (၂၆-၇-၁၉၁၉) ရက်နေ့တွင် ချီးမြှင့်သော IDSM (The Title of Indian Distinguished Service Medal) ဘွဲ့တံဆိပ်

၂။ ၁၉၂၀ပြည့်နှစ် အမှုထမ်းကောင်း တံဆိပ်ရမင်း (Ahmudanguang Tazeikya Min ) A.T.M ဘွဲ့တံဆိပ်နှင့် နှစ်လုံးပြူးသေနတ်တစ်လက်

၃။ ၁၉၃၅ခုနှစ် ပဉ္စမမြောက် ဂျော့ဘုရင်၏ ငွေရတုသဘင် အထိမ်းအမှတ်တံဆိပ်

၄။ ဗြိတိသျှအစိုးရက ၁၉၄၄ခုနှစ်တွင် M.B.E (Member of the Order of the British Empire) တံဆိပ်

၅။ ၁၉၄၇ ခုနှစ်တွင် ဖလမ်းခရိုင်ဝန်က ချီးမြှင့်သော လုပ်ရည်ကိုင်ရည်၊ အကျင့်စာရိတ္တနှင့် အစိုးရအပေါ် သစ္စာရှိစွာ အမှုထမ်းဆောင်ပေးသည့်အတွက် ခြောက်လုံးပြူး သေနတ်တစ်လက်ဆု

၆။ (၄-၁-၁၉၅၇)ရက်နေ့တွင် ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခြင်းခံရသည်။



**ဦးထောင်းဇာခုပ် (တီးတိန်)**

Thaung Za Khup (Tiddim)

ဦးထောင်းဇာခုပ်ကို အဖဦးဒိုထွာလ် (U Do Tual) နှင့် အမိဒေါ်ပုမ်ခေါ်မန်း (Daw Pum Khaw Maan) တို့မှ (၁၅-၃-၁၉၀၇) ရက်နေ့တွင် တီးတိန်မြို့နယ် ဆိုင်းဇန်ရွာ၌ မွေးဖွားခဲ့သည်။ ချင်းလူမျိုးဖြစ်ပြီး နတ်ကိုးကွယ်သည်။ ၁၉၁၈မှ ၁၉၂၁အထိ တီးတိန်မြို့ မူလတန်းကျောင်း တွင်နေခဲ့ပြီး စတုတ္ထတန်းအောင်မြင်ခဲ့သည်။ ၁၉၂၂မှ ၁၉၂၄ အထိ မော်လိုက်မြို့ အစိုးရအလယ်တန်းကျောင်းမှ အင်္ဂလိပ်မြန်မာ ခုနစ်တန်းအောင်သည်။

ဖခင်ကွယ်လွန်ပြီးနောက် ၁၉၂၈ ဧပြီလတွင် တိုက်သူကြီးရာထူးကို ဆက်ခံခဲ့သည်။ ထို့နောက် တိုက်သူကြီးအုပ်ချုပ်ရေးစနစ်ကို အစားထိုးသည့် အုပ်ချုပ်ရေးတွင် တိုက်နယ်ကောင်စီဥက္ကဋ္ဌအဖြစ် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း မိမိနယ်မြေ ကာကွယ်ရေးအတွက် ချင်းလဲဗီးတပ် (Chin Levy) တွင် တပ်ခွဲမှူးအဖြစ် တာဝန်ယူတိုက်ခိုက်ခဲ့သည်။ ၁၉၄၅ခုနှစ် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် စုက္ကတေးလွတ်မြောက်ရေးတပ် (Sukte Independence Army) ဖွဲ့စည်း၍ မြေအောက် တော်လှန်ရေးခေါင်းဆောင်အဖြစ် ဂျပန်တို့ကို တိုက်ထုတ်ခဲ့သည်။

၁၉၄၇ တွင် တီးတိန်မြို့မှ ချင်းအမျိုးသားကိုယ်စားလှယ်တစ်ဦးအဖြစ် ပင်လုံညီလာခံသို့ တက်ရောက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက် နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံဆွေးနွေးရာတွင် တောင်တန်းသားများကိုယ်စား ဦးဆောင်ဆွေးနွေးရန် ဖွဲ့စည်းသည့် ဆပ်ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သမိုင်းမော်ကွန်းဝင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ဒေါ်တဲလ်ဇကိုင်း (Daw Tel Za Kai) နှင့် လက်ထပ်ခဲ့ပြီး သားသုံးဦး၊ သမီးသုံးဦး ထွန်းကားခဲ့သည်။ ဦးထောင်းဇာခုပ်သည် ၁၆၉၉ခု မေလ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ဆုတံဆိပ်ရရှိခဲ့မှု**

၁။ ဗြိတိသျှအစိုးရက ၁၉၄၇ခုတွင် ပေးအပ်သည့် (Ahmudangaung Tazeikya MIn) A.T.M ဘွဲ့ ချီးမြှင့် ခြင်းခံရသည်။

### ကျူးကျော်စစ်များကို မြန်မာနိုင်ငံရှိ တိုင်းရင်းသား အားလုံးတို့က သွေးစည်းညီညွတ်စွာ ကျားကုတ်ကျားခဲ . . .



**ဦးကီယိုမန်း (ဟားခါး)**

U Kio Mang (Haka)

ဦးကီယိုမန်းကို အဘ ဦးမန်ကျဲအိုး (U Man Kyai O) နှင့် အမိဒေါ်နီတလဲမ်း (ဒေါ်ရွှေမင်း) (Daw Nitalam) တို့မှ (၁၀-၃-၁၉၁၂) ရက်နေ့တွင် ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်၌ မွေးဖွားခဲ့သည်။ ချင်းလူမျိုး ဖြစ်ပြီး ခရစ်ယာန်ဘာသာနှင့် နတ်ဘာသာကိုးကွယ်သည်။ ၁၉၂၁ တွင် ဟားခါးမြို့ (American Baptist Mission) ကျောင်း၌ မူလတန်းပညာသင်ကြားခဲ့သည်။ ၁၉၂၅တွင် ဟားခါးမြို့ (Anglo Vernacular) ကျောင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၃၀ တွင် သတ္တမတန်းအောင်မြင်ခဲ့သည်။

ဖခင်ကွယ်လွန်ပြီးနောက် ၁၉၃၆တွင် ဖခင်၏အရိုက်အရာဖြစ်သော မိအေနယ်စော်ဘွားအဖြစ် ထမ်းဆောင်ခဲ့သည်။ ဂျပန်ခေတ်တွင် မိမိအုပ်ချုပ်သော မိအေဒေသကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ခဲ့သည်။ ပင်လုံမြို့တွင် ၁၉၄၆ မတ် ၂၀မှ ၂၈ထိ ကျင်းပသည့် ပထမအကြိမ် ပင်လုံညီလာခံသို့ ဟားခါးမြို့မှ ချင်းအမျိုးသားကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၄၇ တွင် ဒုတိယအကြိမ် ပင်လုံညီလာခံသို့ ဟားခါးမြို့နယ် ချင်းအမျိုးသားကိုယ်စားလှယ်အဖြစ် ထပ်မံတက်ရောက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက ဦးကီယိုမန်းအား သျှောင်ထုံးနှင့် ဂုဏ်ကျက်သရေရှိကြောင်း၊ ဥပဓိရုပ်ခန့်ညားကြောင်း၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသင့်ကြောင်း ပြောဆို၍ ချီးကျူးဂုဏ်ပြုခြင်းခံခဲ့ရသည်။ ဦးကီယိုမန်းသည် ဗိုလ်ချုပ်စကားအတိုင်း ချင်းရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကာ ကွယ်လွန်သည်အထိ သျှောင်ထုံးနှင့် နေခဲ့လေသည်။

၁၉၄၇ ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီး အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၄၇ ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် သမိုင်းမော်ကွန်း ဝင်သည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၄၇-၁၉၄၈ တိုင်းပြုပြည်ပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ၁၉၄၃ တွင် ဒေါ်တီးလ်ကြားနှင့် လက်ထပ်ခဲ့ပြီး သားနှစ်ဦး၊ သမီး နှစ်ဦး ထွန်းကားခဲ့သည်။ ဦးကီယိုမန်းသည် ၁၉၈၂ ဇန်နဝါရီ ၉ ရက်တွင် ဟားခါးမြို့နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**ဆုတံဆိပ်ရရှိမှု**

၁။ ၁၉၃၇တွင် နာမည်ကောင်းတံဆိပ်နှင့် ဆဋ္ဌမမြောက် ဂျော့ဘုရင်နန်းတက်တံဆိပ် (King George VI Coro-Nation)

၂။ ၁၉၄၇တွင် နှစ်လုံးပြူးသေနတ်နှင့် နာမည်ကောင်း တံဆိပ်

၃။ ၁၉၄၇တွင် (A.T.M) အမှုထမ်းကောင်းတံဆိပ်

၄။ ၁၉၅၀တွင်နိုင်ငံတော်သမ္မတချီးမြှင့်သောသီရိပျံချီဘွဲ့

၅။ ၁၉၈၀ တွင် ပြည်ထဲရေးဝန်ကြီး၏ ချစ်ကြည်ရေးမေတ္တာလက်ဆောင် တစ်လုံးပြူးသေနတ်ဆု

၆။ ၁၉၈၀တွင် နိုင်ငံတော်မှ ချီးမြှင့်သည့် နိုင်ငံဂုဏ်ရည် (ပထမအဆင့်)ဘွဲ့ ချီးမြှင့်ခြင်းခံရသည်။

ယခုဖော်ပြပါ ဆောင်းပါးအားဖတ်ရှုပြီး တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပြည်ထောင်စု စိတ်ဓာတ်များ တိုးပွားလာမည်ဆိုပါက ရေးသားရကျိုးနပ်သည်ဟု စာရေးသူက ယူဆမိပါတော့သည်။

**ကျမ်းကိုး - ပင်လုံရုပ်ပုံလွှာ**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြို့တွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅**

မြစ်ကြီးနားမြို့တွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးရန် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ရှေးဦးစွာ စီတာပူရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း (စီတာပူ) ကျောင်းဝင်းအတွင်း RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ယင်းနောက် ဇရာရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်းအတွင်း၌ ဆောက်လုပ်လျက်ရှိသည့် အထပ်မြင့် မြို့နယ်စုပေါင်းရုံး ဆောက်လုပ်နေမှု၊ ထိုမှတစ်ဆင့် ဗလမင်းထင်တံတားအောက်မှ ရှမ်းစုမြောက်ရပ်ကွက်အထိ စုစုပေါင်း အလျား ၂၅၇၅ ပေ အရှည်ရှိကျောက်စီနံရံနှင့် ကျောက်စီတမံခင်းခြင်း လုပ်ငန်းတွင် ဇရာရပ်ကွက်၊ မင်းရပ်ရပ်ကွက်၊ ရှမ်းစုမြောက်ရပ်ကွက်တို့၌ ကမ်းနားလမ်းတစ်လျှောက် လုပ်ငန်းများဆောင်ရွက်နေမှု၊ လယ်ကုန်းရပ်ကွက်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ရုံးနှင့် ခရိုင်ရုံးများ ဆောက်လုပ်နေမှု၊ ပမ္မတီးကျေးရွာ စက်လှေ ဆိပ်၌ Steel Basket အခြေပြု ကျောက်စီမြေထိန်းနံရံဆောက်လုပ်ပြီးစီးမှုနှင့် ပမ္မတီး-ရွှေအိုက်-ဘုမွှာ-ရွက်လုမြိုင်-နန်းကွေလမ်း (၃ ဒသမ ၉၇)မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်ပြီးစီးရေးနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ယင်းနောက် ရွှေပြည်သာရပ်ကွက်၌ ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ လီဆူတိုင်းရင်းသားတို့၏ ရိုးရာခေါ့ရှိနှစ်သစ်ကူးပွဲတော် ကျင်းပမည့် လီဆူရိုးရာကွင်းအတွင်း လီဆူတိုင်းရင်းသားများနှင့် တွေ့ဆုံ နှုတ်ဆက်စကားပြောကြားကာ ပွဲတော်ကျင်းပရေးအတွက် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီး ရိုးရာအကကမည့်ကွင်းအတွင်း လီဆူတိုင်းရင်းသားတို့၏ အထိမ်းအမှတ် ဒူးလေးကျောက်တိုင် ဆောက်လုပ်ထားရှိမှု၊ လီဆူတိုင်းရင်းသားရိုးရာဓလေ့ပြပွဲ၊ ပြခန်းများ၊ ဇာတ်ရုံများနှင့် ဈေးဆိုင်ခန်းများ ခင်းကျင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ပြည်နယ်ပြန်/ဆက်**

## ကျွန်းသစ်နှင့်သစ်မာများ ဖမ်းဆီးရမိ

**ကျွန်းလှ ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရွာသီ(အရှေ့)ကျေးရွာအနီး ကားလမ်းပေါ်တွင် ဖေဖော်ဝါရီ ၁၂ ရက် ည ၁၀ နာရီခွဲက တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ်နှင့် သစ်မာများ ဖမ်းဆီးရမိကြောင်း သိရသည်။

ကျွန်းလှမြို့မ ရဲစခန်းမှ ရဲအုပ်ကျော်ထွန်းဦးနှင့် တပ်ဖွဲ့ဝင်များသည် မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ဦးဝင်းတင့်နှင့် ဝန်ထမ်းများ၊ သက်သေများ ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်များ သယ်ဆောင်လာကြောင်း သတင်းအရ ရွာသီကျေးရွာအဝင် ကားလမ်းပေါ်တွင် ဇော်မင်းအောင် မောင်းနှင်ပြီး မောင်စိုးလိုက်ပါသည့် CANTER 3B/------ အဖြူနီကြားကားပေါ်မှ ကျွန်းသစ် (သုည ဒသမ ၄၇၂၅)တန်နှင့်သစ်မာ (၁ ဒသမ ၇၉၇၂)တန် စုစုပေါင်း (၂ ဒသမ ၂၆၉၇) တန် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါတရားမဝင်သစ်များ သယ်ဆောင်လာသူ ယာဉ်မောင်းဇော်မင်းအောင်(၃၆)နှစ်(ဘ) ဦးပိုင် လွတ်တိုက်ကျေးရွာနှင့် ယာဉ်နောက်လိုက်မောင်စိုး(၄၂) နှစ် (ဘ) ဦးအုန်းမောင် အောင်ယာရွာ ကျွန်းလှမြို့နယ်နေသူတို့အား (ပ)၁၀/၁၆ ပြည်သူပိုင်ပုဒ်မ၆(၁)ဖြင့် အမြန်တရားစွဲတင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ဟဲနုချောင်းအာရ်စီကွန်ကရစ်တံတားတည်ဆောက် ရေဝင်ရေထွက် ရေလမ်းပိတ်ဆို့မှုများ ဖြစ်ပွားနိုင်သဖြင့် ကျေးရွာမှ ဒေသခံများက စိုးရိမ်နေကြ



**မော်လူး ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအုပ်စု ဟဲနုရွာ ဟဲနုချောင်းကူး အာရ်စီကွန်ကရစ်တံတားတည်ဆောက်နေမှုသည် ရေကြမ်းပြင်မှ ရေဝင်ရေထွက်ကျဉ်းမြောင်းနေသဖြင့် မိုးတွင်းကာလတွင် ရေလမ်းပိတ်ဆို့မှုဖြစ်ပွားနိုင်သည့်အတွက် ဒေသခံများက စိုးရိမ်လျက်ရှိရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟဲနုချောင်း အာရ်စီကွန်ကရစ်တံတားသည် အလျားပေ ၁၂၀၊ အကျယ် ၃၁ ပေ၊ အမြင့် ၁၃ ပေရှိပြီး မော်လူးနှင့် တစ်မိုင်ခန့်အကွာ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားအမှတ် ၅/၁၆၃ တွင်တည်ရှိပြီး အထက်မြန်မာပြည်၏ အဓိက ကုန်စည်စီးဆင်းဖြတ်သန်းရာအတွက် အရေးပါသောတံတားတစ်စင်းတွင်ပါဝင်ကြောင်း သိရသည်။

အဆိုပါတံတားမှာ ယခင်နှစ် ဇူလိုင် ၂၄ ရက်က ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် ချောင်းရေနှင့်အတူ မျောပါပျက်စီးကာ ဟဲနုရွာ ရွှေဘိုမြစ်ကြီးနားမီးရထားရေဘောက် သံပေါင်ဘေလီတံတားတွင် ကပ်ငြိနေသဖြင့် ဟဲနုရွာချောင်းကမ်းနံဘေးရှိ အိမ်ခြေ ၆ လုံးမှာ ရေစီးနှင့်အတူ မျောပါပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရကြောင်း၊ အဆိုပါတံတားကို ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့(၄)မှ ကြီးကြပ်ကာ ထိုက်စင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟဲနုရွာချောင်းကူး အာစီကွန်ကရစ်တံတားတည်ဆောက်နေမှုကို ဟဲနုရွာဒေသခံတစ်ဦးက "ကျွန်တော်တို့ရွာ ဟဲနုချောင်းကူးတံတားဟာ မနှစ်ကရေကြီးလို့ ဒီတံတားဟာပျက်စီးပြီး ရေထဲမျောပါခဲ့သလို လူနေအိမ်ခြောက်လုံးလည်း ရေနဲ့အတူ မျောပါပျက်စီးခဲ့ရပါတယ်။ အခုဒီတံတားကိုတံတားအထူးအဖွဲ့(၄)က တာဝန်ယူပြီး အာရ်စီကွန်ကရစ်တံတားအဖြစ်တည်ဆောက်နေပါတယ်။ အခုလိုတည်ဆောက်နေတာသိရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဒီချောင်းဟာ မိုးတွင်းမှာ ရေကြီးရေလျှံမှုဒဏ်ခံနိုင်ဖို့၊ စံချိန်စံညွှန်းကိုက်ညီတဲ့တံတားဖြစ်ဖို့၊ ရေလမ်းလွတ်ကင်းမှုရှိအောင် ဆောက်လုပ်ဖို့လိုအပ်ပါတယ်" ဟု ပြောသည်။

အဆိုပါ ဟဲနုအာရ်စီကွန်ကရစ်တံတားဆောက်လုပ်နေမှုကို အင်းတော်မြို့နယ် လ.ဝ. ကဦးစီးမှူး ဦးစိုင်းမြစိုးလှိုင်၊ တံတားအထူးအဖွဲ့(၄)မှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ မော်လူးအုပ်စု အုပ်ချုပ်ရေးမှူးတို့က တံတားဆောက်လုပ်နေမှုအခြေအနေနှင့် ရေဝင်ရေထွက်ကင်းလွတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ယင်းတံတားတည်ဆောက်ပြီးစီးမှုမှာ ၇၅ ရာခိုင်နှုန်းထိရောက်ရှိပြီဖြစ်ကြောင်း သိရသည်။ **နီတိုး**

## ဆောင်းရာသီစိုက် မတ်ပဲများနုတ်သိမ်းနေ၍ လယ်ယာလုပ်သားများ ဝင်ငွေကောင်း

**ဖြူး ဖေဖော်ဝါရီ ၁၅**

ယခုအချိန်တွင် မိုးစပါးများ ရိတ်သိမ်းခြွေလှေ့ ပြီးစီးသွားကြပြီး စပါးဈေးနှင့် ဆန်ဈေးများမှာ ယခင်နှစ်များနှင့်မတူဘဲ ဆယ်နှစ်အတွင်း ဈေးအမြင့်ဆုံးရောင်းချခဲ့ကြရသဖြင့် တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ လယ်သမားများမှာလည်း အထိုက်အလျောက် အဆင်ပြေခဲ့ကြသည်။ ယခုအခါ မတ်ပဲများကိုလည်း စတင်နုတ်သိမ်းနေကြပြီဖြစ်သည်။

မတ်ပဲများမှာ တစ်မြို့နယ်လုံး ရင့်မှည့်နေကြပြီဖြစ်၍ သူထက်ငါအပြိုင် နုတ်သိမ်းလျက်ရှိနေကြသဖြင့် လယ်ယာလုပ်သားရှားပါးမှုများဖြစ်ပေါ်ကာ နေရာဒေသအလိုက် မတ်ပဲနုတ်သိမ်းခ တစ်နေ့ကျပ် ၄၀၀၀ မှ ကျပ် ၆၀၀၀ အထိပေး၍ နုတ်သိမ်းနေကြရသည်။

"ဒီနှစ်က မိုးစပါးရိတ်သိမ်းချိန်နှင့် မတ်ပဲများနုတ်သိမ်းချိန်မှာ လယ်ယာလုပ်သားရှားမှုပြဿနာ ကြုံကြရပါတယ်။ အခုလို ဈေးကြီးပေးပြီး နုတ်သိမ်းနေကြရတော့ လယ်ယာလုပ်သားတွေလည်း ဝင်ငွေကောင်းကြပါတယ်။ မတ်ပဲဈေးက ယခင်နှစ်ကနဲ့မတူဘဲ တက်ရိပ်ရှိနေတော့ တောင်သူတွေလည်း ဈေးကောင်းနဲ့ရောင်းချကြရမှာဖြစ်လို့ လယ်သမားများနှင့် လယ်ယာလုပ်သားများပါ နှစ်ဦးနှစ်ဖက်အကျိုးရှိကြမယ်ထင်ပါတယ်" ဟု ဖြူးအနောက်ဘက်ထန်းပင်ကုန်းရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် တောင်ငူခရိုင်ခြောက်မြို့နယ်အတွင်း မိုးစပါးနှင့် ဆောင်းရာသီပဲမျိုးစုံကို အများဆုံးစိုက်ပျိုးခဲ့သောမြို့နယ်တစ်ခုဖြစ်ပြီး မိုးစပါးဧက တစ်သိန်းခွဲကျော်နှင့် မတ်ပဲစိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးခဲ့ကြသည်။

**မြင့်ဦး(ဖြူး)**

## ဒေသခံပြည်သူများအသိပညာဗဟုသုတတိုးပွားစေရေး စာကြည့်တိုက်ဖွင့်လှစ်

**ဘောဂလိ ဖေဖော်ဝါရီ ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့ သပြေညွန့်ကျေးရွာအုပ်စု ဇင်းတိုင်ကျေးရွာဒေသခံပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တာကပေါ်စာကြည့်တိုက်ကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

စာကြည့်တိုက် အဆောက်အအုံအား သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်း၊ သပြေညွန့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းနှင့် ဇင်းတိုင်ကျေးရွာ ရပ်မိရပ်ဖတစ်ဦးတို့က ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးကအမှာစကားပြောကြားပြီး ဘောဂလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီလာအေးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ကျေးရွာစာကြည့်တိုက် ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာများအကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ကျေးရွာဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတ တိုးပွားစေရန်အတွက် ဘောဂလိမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသ စာပေများ၊ မဂ္ဂဇင်းများနှင့် စာစောင်များအား Mobile Library ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တာကပေါ်စာကြည့်တိုက်အား ၂၀၁၅-၂၀၁၆ ခုနှစ်ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၃၀ ဖြင့် အလျား ၃၆ ပေ၊ အနံ ၂၄ ပေ၊ သွပ်မိုး၊ ပျဉ်ကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဘောဂလိ(ပြန်/ဆက်)**

# ငါ့သရောက်မြို့နယ်တွင် တစ်ပိုင်တစ်နိုင် ခုံဖိနပ်လုပ်ငန်း မိသားစုအတွက် အကျိုးဖြစ်ထွန်း



**ငါ့သရောက် ဖေဖော်ဝါရီ ၁၅**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ဆည်ကျေးရွာတွင် လက်မှုပညာတစ်မျိုးဖြစ်သည့် ခုံဖိနပ်လုပ်ငန်းကို မိသားစုဝင်ငွေရရှိရေးအတွက် တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူ ၂၀ ခန့်ရှိကြောင်း သိရသည်။

ခုံဖိနပ်လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း တစ်ရက်လျှင် ခုံဖိနပ်ဆိုဒ်စုံ ၁၈ ရန်မှ ၂၅ ရန်အထိ ပြုလုပ်နိုင်သည့်ပြင် ပြုလုပ်ပြီးခုံဖိနပ်များကိုလည်း ဖောက်သည်လာရောက်ဝယ်ယူခြင်းများ ရှိနေသည့်အတွက် ငါ့သရောက်မြို့ ဆည်ကျေးရွာမတွင် ခုံဖိနပ်လုပ်ငန်းလုပ်ကိုင်ကြသူများ နေ့စဉ်ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း ခုံဖိနပ်လုပ်ငန်းလုပ်ကိုင်ကြသူများထံမှ သိရသည်။

ငါ့သရောက်မြို့နယ် ဆည်ကျေးရွာတွင် ခုံဖိနပ်လုပ်ငန်းလုပ်ကိုင်ကြသူများမှာ ခုံဖိနပ်များပြုလုပ်ရာတွင် လူကြီး၊ လူငယ်နှင့် ကလေးစီးဖိနပ် ဆိုဒ်စုံပြုလုပ်ရောင်းချပေးနေကြောင်း သိရသည်။ ခုံဖိနပ်ပြုလုပ်ရန်အတွက် အသုံးပြုသည့်သစ်သားများမှာ တလုတ်မကျီးသား၊ ကုက္ကိုသား၊ သရက်သားနှင့် ဇီးသားများကို အများဆုံးအသုံးပြုကြလေ့ရှိကြောင်း၊ ပြုလုပ်သည့်ခုံဖိနပ်များမှာ ဦးဝိုင်းခုံဖိနပ်နှင့် ပုံခေါက်ခုံဖိနပ်ဟူ၍ နှစ်မျိုးနှစ်စားပြုလုပ်ကြောင်းနှင့် တစ်ရက်လျှင် ခုံဖိနပ် ၂၅ ရန်ခန့်ထိ ပြုလုပ်နိုင်သည်။

ယင်းအပြင် ပြုလုပ်ပြီးခုံဖိနပ်အမျိုးမျိုးကိုလည်း အိမ်အထိ လာရောက်ဝယ်ယူသူများကို ခုံဖိနပ်တစ်ရန်ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချရသည့်အပြင် ညောင်ဦးမြို့နှင့် ပခုက္ကူမြို့များသို့လည်း ကားဖြင့်တင်ပို့ရောင်းချနေရခြင်းကြောင့် တစ်ပိုင်တစ်နိုင်လုပ်ကိုင်သည့် ခုံဖိနပ်လုပ်ငန်းမှာ မိသားစုစားဝတ်နေရေးအတွက် တစ်ရက်လျှင် ငွေကျပ် ၈၀၀၀၊ ၁၀၀၀၀ ခန့်အထိရရှိကာ အဆင်ပြေနေကြောင်း တစ်ပိုင်တစ်နိုင် ခုံဖိနပ်လုပ်ငန်းလုပ်ကိုင်သည့် ဦးမင်းခိုင်က ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကျေးလက်ရုံးတွင်ဖွင့်လှစ်သော ပေါင်းစည်း လယ်ယာနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သင်တန်းသားများ လေ့လာ

**ဘားအံ ဖေဖော်ဝါရီ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့ ကျေးလက်ရုံးတွင်ဖွင့်လှစ်သော ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသားများသည် ဘားအံမြို့နယ်အတွင်းရှိ တိုးတက်အောင်မြင်လျက်ရှိသော ပေါင်းစည်းလယ်ယာနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက လက်တွေ့ကွင်းဆင်း လေ့လာခဲ့ကြကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ မှ သင်တန်းသား၊ သင်တန်းသူ ၃၆ ဦးအား ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို လျာကမြင်ကွက်သစ်ရှိ ကျေးလက်ဦးစီးဌာနရုံးတွင် ဖွင့်လှစ်သင်ကြားပေးရာတွင် မွေးမြူရေး၊ စိုက်ပျိုးရေးကဏ္ဍများ၊ ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် စီမံချက်ရေးဆွဲနိုင်ရန် ကျေးလက်ဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများအား စာတွေ့သင်ကြားပို့ချပေးခဲ့ပြီးနောက် လက်တွေ့ကွင်းဆင်းလေ့လာ ဆောင်ရွက်ကြခြင်းဖြစ်သည်။

ယင်းသို့ကွင်းဆင်းရာတွင် ဘားအံ-မော်လမြိုင်-အဖြောင့်လမ်းပေါ်ရှိ တောင်သူကုန်းကျေးရွာအုပ်စု၊ ခြံကလေးကျေးရွာရှိ တောင်သူဦးဝင်းနိုင်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပေါင်းစည်းလယ်ယာအားလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ငါးမွေးမြူရေးကန်များအားလည်းကောင်း၊ ဘားကပ်စိုက်ပျိုးရေးခြံနှင့် လျာကာပြောင်းစိုက်ခင်းများအားလည်းကောင်း သွားရောက်ကာလက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြသည်။

အဆိုပါကွင်းဆင်းလေ့လာရေးအဖွဲ့အား သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကိုရှင်းလင်း ပြောကြားပေးခဲ့ကြကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

# ကျေးလက်ဆည်ရေအကျိုးကြောင့်ဆောင်းသီးနှံစိုက်ပျိုး၍ ပတ်ဝန်းကျင် ကျေးလက်နေသူများ ဝင်ငွေတိုးနေ

**ဝန်းသို ဖေဖော်ဝါရီ ၁၅**

ဝန်းသိုမြို့နယ်တွင် လက်ပံကြီးတောရရေလွှဲဆည်(နန်းလှိုင်း) ရှိသည်။ လက်ပံကြီး တောရရေလွှဲဆည် (နန်းလှိုင်း) သည် နန်းလှိုင်းချောင်းကိုပိတ်၍ ဆည်ထားသော ကျေးရွာ လက်လုပ်ဆည်ဖြစ်သည်။ နန်းလှိုင်းချောင်းသည် ဝန်းသိုမြို့နယ် မိုင်းသုံတောင်မှ ချောင်းဖျားခံ၍ စီးဆင်းနေသော ချောင်းဖြစ်သည်။ နန်းလှိုင်းချောင်းသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး စီးဆင်းနေပြီး မိုးရာသီကုန်အထိ ရေစီးဆင်းနေသောချောင်းဖြစ်သည်။

နန်းလှိုင်းချောင်းသည် ဝန်းသိုလက်ပံကြီးတောရအုပ်စု ဇီးဖြူပင်ကျေးရွာ၏ အနောက်မြောက်ဘက်တစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ နန်းလှိုင်းချောင်းရေကို ၁၉၅၅ ခုနှစ်က လက်ပံတောအုပ်ရှိ ကျေးရွာများဖြစ်သော ဇီးဖြူပင်၊ ငွေးကြီး၊ လက်ပံကြီးတော၊ အုပ်ဖို၊ သရက်တိုက်၊ ရှမ်းစုနှင့် စိန်လည်ကျေးရွာများရှိ တောင်သူလယ်သမားများသည် စပါးစိုက်ပျိုးရန်အတွက် ချောင်းကို ကျောက်ကြီးများပစ်ချ၍ သစ်လုံးများဖြင့်ချုပ် လက်လုပ်ဆည်တည်ဆောက်ထားသဖြင့် ခိုင်ခံ့မှုမရှိခြင်း၊ တစ်နှစ်တစ်ခါ ပြန်လည်ပြုပြင်ရခြင်းများ ရှိခဲ့သည်။

ကျေးရွာလုထု အသိပညာဖြင့် တည်ဆောက်ထားသော လက်လုပ်ဆည်ဖြစ်သဖြင့် စနစ်မကျခြင်း၊ ခိုင်ခံ့မှုမရှိခြင်း၊ အချိုးအစားမကျခြင်း၊ ရေမလုံခြင်း၊ စိုက်ပျိုးရေအပြည့်အဝမရခြင်း၊ တစ်နှစ်တစ်ခါ ပြန်လည်ပြုပြင်ရသဖြင့် ငွေကုန်လူပန်းဖြစ်ခြင်းများဖြင့် ကြုံတွေ့နေကြရသည်။ နန်းလှိုင်ချောင်းမှာ အကျယ်ပေ ၉၀၊ အနက် ခုနစ်ပေရှိသည်။ ဤနန်းလှိုင်းလက်လုပ်ဆည်အား ရေပေးဝေမှု အဆင်ပြေစေရန်နှင့် ခိုင်ခန့်စေရန်အတွက် ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဆည်မြောင်းဌာနမှ ကွင်းဆင်းလေ့လာပြီး ကျောက်ကြီးများဖြင့် စံနစ်တကျ ဒီဇိုင်းပုံဆွဲ၍ ပြုပြင်ရန် ဆုံးဖြတ်ခဲ့သည်။

ဆည်မြောင်းဦးစီးဌာနက နန်းလှိုင်ချောင်းအား ၂၀၁၃ ခုနှစ်က အလျားပေ ၁၅၀၊ အနံ ၈၆ ပေ၊ အမြင့် ခုနစ်ပေရှိ ကျောက်စီပန်းရန် ရေလွှဲဆည်နှင့် အကျယ်ခြောက်ပေ၊ အမြင့်ကိုးပေ ရေထိန်းအဆောက်အအုံတစ်ခု ထည့်သွင်း၍ သိန်းပေါင်း ၁၁၀၅ သိန်း အကုန်အကျခံကာ တည်ဆောက်ပေးခဲ့သည်။ ဆောက်လုပ်ပြီး နန်းလှိုင်းရေလွှဲဆည်အား ကျေးရွာအုပ်စု ဆည်ကော်မတီသို့ ပြန်လည်အပ်နှံခဲ့သည်။ နန်းလှိုင်းကျေးလက်ဆည်အား ပြန်လည်ပြုပြင်ပြီးနောက်ဆည်မှာ ရေလုံခြင်း၊ စိုက်ပျိုးရေအပြည့်အဝပေးနိုင်ခြင်း၊ ပြန်လည်မပြုပြင်ရခြင်း မိုးစပါး ဖြည့်စွက်ရေအပြည့်အဝရရှိသဖြင့် လယ်ဧက ၇၈၀ မှာ နှစ်စဉ်စိုက်ပျိုးနေသည်။

ထို့အပြင် နန်းလှိုင်းကျေးလက်ဆည် ပြုပြင်ပေးပြီး ရေပေးမြောင်းများ၊ လက်တံမြောင်းများ သွယ်ပေးထားသဖြင့် ဝန်းသိုမြို့နယ် လက်ပံကြီးတောအုပ်စုရှိ ဇီးဖြူပင်၊ ငွေးကြီး၊ လက်ပံကြီးတော၊ အုပ်ဖို၊ သရက်အိုင်၊ ရှမ်းစုနှင့် စိန်လည်ကျေးရွာရှိ တောင်သူလယ်သမား ၂၀၀၀ ကျော်တို့မှာ မိုးစပါးအပြင် ဆောင်းသီးနှံများဖြစ်သော မေမြို့ပန်း၊ ပြောင်းဖူး၊ သစ္စာပန်း၊ ဂေါ်ဖီ၊ ပန်းမုံလာ၊ ကြက်သွန်၊ ငရုတ်၊ နေကြာ စသည့်သီးနှံများကို ရေမပြတ်ရရှိသဖြင့် တစ်နှစ်ပတ်လုံး အလှည့်ကျစိုက်ပျိုးအောင်မြင်နေသဖြင့် တောင်သူလယ်သမားများမှာ ဆင်းရဲနွမ်းပါးမှုလျော့ကျပြီး ဆောင်းသီးနှံမှ ဝင်ငွေတိုးနေသဖြင့် စီးပွားရေးအခွင့်အလမ်းများ တိုးတက်နေသည်။

နန်းလှိုင်ကျေးလက်ဆည် ပြန်လည်ပြုပြင်ပေးသဖြင့် နန်းလှိုင်းဆည်ရေဖြင့် ကောလင်းမြို့နယ်တစ်မြို့လုံး သောက်ရေသုံးရေ၊ မီးရေး၊ ထင်းရေး၊ ကာလမကန်၊ မီးရထားကန်များတွင် ရေလုံလောက်စွာရရှိနေသဖြင့် ကျေးရွာများသာမက ကောလင်းမြို့ လူထုအတွက်ပါ အကျိုးပြုနေသော ကျေးလက်ဆည်ဖြစ်သည်။ နန်းလှိုင်ဆည်ရေ အကျိုးကျေးဇူးကြောင့် တောင်သူလယ်သမားများ ဆောင်းသီးနှံများ သီးထပ်၊ သီးညှပ်စိုက်ပျိုး၍ ဝင်ငွေတိုးကာ ရရှိသဖြင့် ကျေးလက်ပြည်သူများ ဝမ်းသာပျော်ရွှင်နေကြသည်။

**တင်လှိုင်**

# မြေပဲပေါ်ချိန် ဈေးအနည်းငယ်ကျသော်လည်း တောင်သူနှင့် နေ့စားအလုပ်သမားများ ဝင်ငွေရွှင်

**မြင်းမူ ဖေဖော်ဝါရီ ၁၅**

ပြာသို၊ တပို့တွဲလသည် တောင်သူတို့ ဆောင်းမြေပဲပေါ်ချိန်ဖြစ်ရာ မြေပဲပေါ်သည်နှင့် မြေပဲနုတ်အလုပ်သမားများတစ်နေ့လျှင် ငွေကျပ် ၅၀၀၀ ရရှိပြီး မြေပဲဆွတ် အမျိုးသမီးအလုပ်သမားများ တစ်ရက်လျှင် ငွေကျပ် ၁၅၀၀ နှုန်း ရရှိကြကြောင်း သိရသည်။

မြေပဲပေါ်ချိန်တွင် မြေယာမဲ့အလုပ်သမားတို့ ဝင်ငွေအဆင်ပြေချိန်ဖြစ်ပြီး မြေပဲစိုက် တောင်သူတို့အနေဖြင့်လည်း မြန်မြန်နုတ်မြန်မြန်ဆွတ်စနစ်ဖြင့်ရရှိလာသော မြေပဲများကို အတောင့်လိုက် တင်းချစနစ်ဖြင့် ရောင်းကြသည်။ အချို့က အဆံခွာ၍ ဆီကြိတ်ရန်အတွက် ကတ္တားချိန်ဖြင့် ပွဲရုံအရောက်တင်ပို့ရောင်းချကြသည်။ ဤသို့ဖြင့် သယ်ယူပို့ဆောင်သော ယာဉ်ပိုင်ရှင်များနှင့် ပွဲရုံရှိ အလုပ်သမားတို့ အတင်၊ အချဝန်ဆောင်မှုဖြင့် ဝင်ငွေရွှင်ကြသည်။ ပွဲရုံရှိ လုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေးတောင်သူတို့လည်း ဤလုပ်ငန်းပေါ်မှ အကျိုးအမြတ်များ ခံစားကြရသည်။



ကျွန်တော်တို့ပွဲရုံက ဖေဖော်ဝါရီ ၂ ရက်ကစပြီး မြေပဲဆန်တစ်ပိဿာကို ၂၄၂၅ ကျပ်ကနေ ကျပ် ၂၄၅၀ ကျပ်ထိဝယ်ခဲ့ရတယ်။ ဒီနေ့ ဖေဖော်ဝါရီ ၁၃ ရက်မှာ ၂၃၂၅ ကျပ်နဲ့ပဲ ဝယ်တော့တယ်။ တရုတ်နှစ်သစ်ကူးအပြီး မန္တလေးပွဲရုံတွေကမဝယ်သေးဘူး။ ဒါကြောင့်တစ်ပိဿာ တစ်ရာလျော့နည်းသွားတာ မနှစ်က ဒီအချိန်တစ်ပိဿာ ကျပ် ၂၀၅၀ ပဲ ရှိခဲ့တာပါ။ အခုမြင်နေတဲ့ အမျိုးသမီးခြောက်ယောက်ကိုငှားပြီး မြေပဲဆန်၊ အပွဲ၊အရွဲ့၊ အရောင်ပျက်၊ အခွံကျွတ်၊ ကျောက်ခဲ၊ ဒါတွေရွေးဆယ်နေတာ တစ်ပိဿာ ၂၅ ကျပ်နှုန်းပေးရတယ်။ ရွေးဆယ်ထားတဲ့ မြေပဲဆန်တွေကို တစ်ပိဿာ ကျပ် ၁၈၅၀ နဲ့ဆီကြိတ်စက်တွေကဝယ်ယူပါတယ်” ဟု ထွန်းပွဲရုံပိုင်ရှင်က ပြောသည်။

**ကြေးမုံ**

# ငါန်းဇွန်မြို့၌ (၆၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် နွားလှည်းအကျော့မောင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ငါန်းဇွန် ဖော်ဖော်ဝါရီ ၁၅**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နွားလှည်းအကျော့မောင်းပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ ရှင်ပင်မိုးကောင်းဘုရားကွင်းတွင် ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပခဲ့ရာ ဖေဖော်ဝါရီ ၁၂ ရက်တွင် ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ နွားလှည်းအကျော့မောင်းပြိုင်ပွဲတွင် အငယ်တန်းပြိုင်ပွဲ၌ ငါန်းဇွန်မြို့နယ် ကျောက်တလုံးကျေးရွာမှ ‘လွှမ်းပိုင်’ နွားလှည်းဂျော်ကီ ဦးအောင်မိုးက ပထမ၊ မြောင်မြို့နယ်မှ ‘ကမ္ဘာ့ကျည်ဆံ’ နွားလှည်းဂျော်ကီ ဦးခွန်ရဲက ဒုတိယနှင့် ငါန်းဇွန်မြို့နယ် သံကုန်းကျေးရွာမှ ‘ရွှေဒေါင်းသူ’ နွားလှည်းဂျော်ကီ ဦးမြင့်ရီက တတိယ၊ နှစ်ချောင်းစိုက်ပြိုင်ပွဲ၌ ငါန်းဇွန်မြို့နယ် ညောင်ချင်းကျေးရွာမှ ‘စွမ်းမောင်မောင်’ နွားလှည်းဂျော်ကီက ပထမ၊ ဆပ်ပြာကျင်းကျေးရွာမှ ‘ဒိန်းရှင်း’ နွားလှည်းဂျော်ကီ ဦးသောင်းအေးက ဒုတိယ၊ စစ်ကိုင်းမြို့နယ် ကိုင်းပြင်ကျေးရွာမှ ‘ရာဇာမင်း’ နွားလှည်းဂျော်ကီ ဦးအေးကိုကတတိယ ရရှိခဲ့သည်။

လေးချောင်းစိုက်ပြိုင်ပွဲ၌ စစ်ကိုင်းမြို့နယ် ငါ့တရော်ကျေးရွာမှ ‘သူ့ထက်ကျော်’ နွားလှည်းဂျော်ကီ ဦးကျော်ဇေယျက ပထမ၊ ငါန်းဇွန်မြို့နယ် ဆင်တပ်ကျေးရွာမှ ‘ကျော်ကြား’ နွားလှည်းဂျော်ကီ ဦးနုက ဒုတိယ၊ ခေါင်းဘိုကျေးရွာမှ ‘ဒေါပုံ’နွားလှည်းဂျော်ကီ ဦးအောင်သွင်က တတိယ၊ ခြောက်ချောင်းစိုက်ပြိုင်ပွဲ၌ ငါန်းဇွန်မြို့ အမှတ်(၄)ရပ်ကွက်မှ ‘သားကျောက်စိမ်း’နွားလှည်းဂျော်ကီ ချန်ဒူးဝမ်က ပထမ၊ ငါန်းဇွန်မြို့နယ် တောင်လယ်တောကျေးရွာမှ ‘ဘဲတော’ နွားလှည်းဂျော်ကီ ဦးဗိုလ်လေးက ဒုတိယနှင့် ‘မဟာပေါက်ကျိုင်း’ နွားလှည်းဂျော်ကီ ဦးမင်းနိုင်က တတိယနှင့် အကြီးတန်းပြိုင်ပွဲ၌ တောင်လယ်တောကျေးရွာမှ ‘မဟာပေါက်ကျိုင်း’ နွားလှည်းဂျော်ကီက ပထမ၊ မြင်းမူမြို့နယ်မှ ‘ဂျင်တပ်ဗိုလ်’ နွားလှည်းဂျော်ကီ ဦးစိုးနိုင်ကဒုတိယ၊ ငါန်းဇွန်မြို့နယ် ငါန်းလွှန့်ကျေးရွာမှ ‘သိန်းတစ်ရာ’နွားလှည်းဂျော်ကီ ဦးထွန်းအေးက တတိယရရှိခဲ့သည်။

ဆက်လက်၍ ဆုရရှိသော နွားလှည်းဂျော်ကီများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ မြို့နယ်ပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူး ဦးမြတ်သူနှင့် တွဲဘက်အတွင်းရေးမှူး ဦးကို၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးအေးကိုကိုနှင့် သစ်တောရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိုက်တို့က ဆုများချီးမြှင့်ခဲ့ကြသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# လှိုင်းချောင်းကူး ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ် ရေကျော်တံတားသစ် လွှဲပြောင်းပေးအပ်



**ပုလဲ ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ ချင်ပြစ်-လည်ငေါက်လမ်းပိုင်းရှိ လှိုင်းချောင်းပေါ်တွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ရွှေကျင်တောင် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တစိန္တိတာဘိဝံသာ၏ မတည်လှူဒါန်းမှုနှင့် အတူ အလှူရှင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ ထည့်ဝင် လှူဒါန်းငွေများဖြင့် ငွေကျပ်သိန်း ၁၃၀ ကျော် အကုန်အကျခံ ၍တည်ဆောက်ပြီးစီးခဲ့သည့် ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ် ရေကျော်တံတားသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါတံတားပေါ်၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ဆရာတော်ဘဒ္ဒန္တစိန္တိတာဘိဝံသာနှင့် ဆရာတော်များ ပုလဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်နှင့် ဝန်ထမ်းများ၊ အလှူရှင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာနေ ဦးအောင်နိုင်ထွန်းက ‘ချင်ပြစ်-လည်ငေါက် ကားလမ်းမပေါ်ရှိ လှိုင်းချောင်းဟာ နွေရာသီနှင့် ဆောင်းရာသီများတွင် ဖြတ်သန်းသွားလာမှုအတွက် အခက်အခဲမရှိသော်လည်း မိုးရာသီတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုများကို အဟန့်အတားတစ်ခုသဖွယ် ဖြစ်ပေါ်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ရွှေကျင်တောင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တစိန္တိတာဘိဝံသာ၏ မတည်လှူဒါန်းငွေကျပ် သိန်း ၅၀၊ အလှူရှင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၈၀၁၃၅၀၀ စုစုပေါင်း ငွေကျပ် သိန်း ၁၃၀ ကျော်ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၆ ရက်က စတင်၍ ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ် ရေကျော်တံတားသစ်ကို တည်ဆောက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှာ ပြီးစီးခဲ့ပြီဖြစ်သောကြောင့် တံတားကြီးရေရှည်တည်တံ့ရေးနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

အဆိုပါ လှိုင်းချောင်းကူး ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ် ရေကျော်တံတားသစ်သည် အရှည်ပေ ၁၃၅ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ၄ ပေရှိသည့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး ပုလဲမြို့နယ်၊ ချင်ပြစ်ကျေးရွာအနီးရှိ ကျေးရွာ ၁၄ ရွာရှိ ဒေသခံ ပြည်သူများအနေဖြင့် ရာသီမရွေး ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# ကျေးရွာပေါင်း ၁၉ ရွာခန့် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်တော့မည်

**ညောင်တုန်း ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီးအဝင် ညောင်တုန်းမြို့နယ် မဲဇလီဒေသအပါအဝင်အရှဲကျေးရွာအုပ်စုမှ ဇီးဖြူကျွန်းကျေးရွာအုပ်စု ညောင်ဝိုင်းကြီးကျေးရွာအထိ ဓာတ်အားလိုင်း(၇)မိုင်၊ မဲဇလီလမ်းဆုံမှ ငှက်ပျောကျွန်း၊ ကျွန်းဦး၊ ခတ္တိယ ကျေးရွာဒေသများ အားလုံးထိ ၁၁ ကေဗွီ ဓာတ်အားလိုင်း(၁၀)မိုင်အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဖေဖော်ဝါရီ ၁၃ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ ၃၃/၁၁ ဗွီ ၅ ကေဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ကျေးရွာ ၁၉ ရွာ လျှပ်စစ်အသုံးပြုနိုင်တော့မည်ဖြစ်သည်။

**ထွန်းကျော်(ညောင်တုန်း)**

ဆောင်းပါး

# အယ်လ်နီညိုဆိုတာဘာလဲ

**à ပန်းတောင်းသန်းကြွယ်**

ပထဝီဝင်၏ သဘာဝအခြေခံများအရ နေရာဒေသတစ်ခု၏ ရာသီဥတုဖြစ်ပေါ်ပြောင်းလဲမှုကို ချုပ်ကိုင်ဖန်တီးပေးနိုင်သော အကြောင်းအချက်များစွာရှိသည်။ အီကွေတာနှင့် နီးခြင်း၊ ဝေးခြင်း၊ မြေမျက်နှာပြင် အနိမ့်အမြင့်၊ တောင်တန်းနှင့်သစ်တောများ ရှိခြင်း၊ မရှိခြင်း၊ ပင်လယ်သမုဒ္ဒရာနှင့်နီးခြင်း၊ ဝေးခြင်း၊ သမုဒ္ဒရာရေစီးကြောင်းများ၏ ရိုက်ခတ်မှုရှိခြင်း၊ မရှိခြင်း၊ လေထု၏ အပူချိန်ကွာခြားခြင်း၊ လေထု၏ဖိအားနှင့် တိုက်လေများ မတူညီခြင်း စသည်တို့မှာ အဓိကကျသော အကြောင်းအချက်များပင်ဖြစ်သည်။

အယ်လ်နီညိုမှာ သမုဒ္ဒရာရေစီးကြောင်းများတွင် ပါဝင်သော ရေပူစီးကြောင်းဖြစ်သည်။ စပိန်ဘာသာစကားဖြင့် အယ်လ်နီညိုဟုခေါ်ခြင်း ဖြစ်သည်။

ပင်လယ်ရေများတွင် သိပ်သည်းမှုကွာခြားခြင်းကြောင့် အထက်အောက်လှည့်လည် ရေစီးကြောင်းများ ဖြစ်ပေါ်လာရသည်။ ယင်းကဲ့သို့ဖြစ်ရခြင်းသည် အပူပိုင်းဒေသများ၊ ဝင်ရိုးစွန်းဒေသများ၏ အပူအအေးကွာခြားမှုကြောင့်ဟု တစ်စိတ်တစ်ဒေသအားဖြင့် ပြောဆိုနိုင်သော်လည်း ပင်လယ်ရေအငန်မတူခြင်းကြောင့် အဓိကဖြစ်ရပေသည်။ ပင်လယ်တွင်းသို့ မြစ်ရေများစီးဝင်ခြင်း၊ ရေခဲမြစ်များ အရည်ပျော်ခြင်း၊ မိုးရွာကျခြင်း စသည်တို့က ပင်လယ်ရေအငန်ကို ပေါ့စေသည်။ ပင်လယ်ရေများအငွေ့ပြန်ခြင်းကမူ ပင်လယ်ရေကို ပိုမို၍ငန်စေသည်။

မြေထဲပင်လယ်တွင် အငွေ့ပြန်ခြင်းသည် မြေထဲပင်လယ်၏ ရေမျက်နှာပြင်ကို နိမ့်ကျစေရုံသာမက ယင်းရှိရေ၏ အငန်နှင့် သိပ်သည်းမှုကိုလည်း ပိုမိုများပြားလာစေသည်။ ထို့ကြောင့် မျက်နှာပြင်ရေစီးကြောင်းများသည် မြစ်ရေများ ပိုမိုရရှိသော မာမိုရာပင်လယ် (Sea of Marmora)၊ ပင်လယ်နက်တို့မှ ဒါဒယ်နယ် (Dardanelles) ရေလက်ကြားကိုဖြတ်၍ မြေထဲပင်လယ်အတွင်းသို့ စီးဝင်ကြသည်။ အတ္တလန္တိတ်သမုဒ္ဒရာမှ မျက်နှာပြင်ရေစီးကြောင်းများသည်လည်း ဂျီကရော်တာ (Gikraltar) ရေလက်ကြားကိုဖြတ်၍ မြေထဲပင်လယ်သို့ စီးဝင်လာသည်။ မြေထဲပင်လယ်မှ ပိုငန်သောပင်လယ်ရေများသည် အထက်ပါ ပင်လယ်သမုဒ္ဒရာများသို့ ရေအောက်ရေစီးကြောင်းအဖြစ် စီးထွက်သွားလေသည်။

အိန္ဒိယသမုဒ္ဒရာနှင့် အလွန်ဆားငန်သော ပင်လယ်နီတို့မှ ဆားငန်ရေစီးကြောင်းများ (Salinity Current) သည် အထက်ဖော်ပြပါနည်းအတိုင်း အပြန်အလှန်စီးဝင်နေကြသည်။

အငန်ပိုပေါ့သော ဘောလ်တစ်ပင်လယ်နှင့် မြောက်ပင်လယ်တို့တွင်လည်း အငန်မတူခြင်းကြောင့် ရေအလဲအလှယ်ရှိပြီး ရေစီးကြောင်းများ အပြန်အလှန်စီးဝင်နေကြသည်။ အငန်ဓာတ်နည်း၍ ပိုပေါ့သော ပင်လယ်ရေများသည် အငန်ဓာတ်များ၍ ပိုလေးသောပင်လယ်ရေများအပေါ်မှ စီးဆင်းတတ်သောကြောင့် မျက်နှာပြင်ရေစီးကြောင်းများအားလုံးလိုလိုပင် ပို၍ငန်သော ပင်လယ်များသို့ စီးဝင်ကြသည်။ ထိုပင်လယ်များမှ ပို၍ငန်သောရေများသည် ရေအောက်ရေစီးကြောင်းအဖြစ်ဖြင့် ပို၍အငန်ပေါ့သော ပင်လယ်တွင်းသို့ ပြန်၍စီးဝင်ကြလေသည်။

အမြဲတိုက်ခတ်သောလေများနှင့် တိုက်ကြီးများ၏ ပုံသဏ္ဌာန်များကလည်း အပေါ်ယံ သမုဒ္ဒရာရေစီးကြောင်းကြီးများ၏ လမ်းကြောင်းကို သတ်မှတ်ပေးသည်။ ဤရေစီးကြောင်းကြီးများ၏သတ္တိမှာ ရာသီဥတု၊ အပင်များနှင့် ပိုးမွှားတိရစ္ဆာန်စသည်များ၏ ဂေဟစနစ်အခြေအနေများကို အကျိုးသက်ရောက်စေသည်။ ကုန်းမြေအနီး၌ ဖြစ်ပေါ်သော ရေစီးကြောင်းများသည် လေများကြောင့် ရေလှိုင်းလှုပ်ရှားမှုကို ဖြစ်ပေါ်စေပြီး ကမ်းရိုးတန်းဖြစ်စဉ်များအပေါ်တွင် များစွာအကျိုးသက်ရောက်လေသည်။ ဤသည်တို့မှာ ပထဝီဝင်သဘာဝအခြေခံ သဘောတရားများပင်။

သဘာဝအခြေခံများအရ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသော သမုဒ္ဒရာရေစီးကြောင်းများမှ အယ်လ်နီညိုရေနွေးစီးကြောင်းသည် ယင်း၏ကြီးမားသော အဖျက်စွမ်းရည်များကြောင့် တဖြည်းဖြည်းနာမည်ကြီးလာရလေသည်။ ပုံမှန်သဘာဝဖြစ်စဉ်မှ ကျော်လွန်၍ ထူးကဲစွာဖြစ်ပေါ်လာသော ရေနွေးစီးကြောင်းများကို အယ်လ်နီညိုဟု သတ်မှတ်ခေါ်ဝေါ်ခဲ့ရာမှ အယ်လ်နီညိုဖြစ်ပေါ်လာနိုင်သည့်နှစ်ကို အယ်လ်နီညိုနှစ်ဟုပင် ခေါ်ဝေါ်လာခဲ့သည်။ မိုးလေဝသနှင့် ဇလဗေဒပညာရှင်များက အယ်လ်နီညိုဖြစ်နိုင်သည့်နှစ်နှင့် ကာလအပိုင်းအခြားကို အနီးစပ်ဆုံးတွက်ချက်၍ ကြိုတင်ဟောကိန်းများ ထုတ်နိုင်ကြလေသည်။ ကျေးဇူးတင်ဖွယ်ကောင်းလှသည်။

၁၉၈၀ ပြည့်နှစ်မတိုင်မီက အယ်လ်နီညိုသည် ငါးနှစ်မှ ခုနစ်နှစ်အကြား တစ်ခါသာဖြစ်ပေါ်လေ့ရှိသည့် ပုံမှန်သဘာဝဖြစ်စဉ်တစ်ခုသာဖြစ်သည်။ ၁၅၅၀ ခုနှစ်ခန့်ကစပြီး ရေလုပ်သားများက ဤဖြစ်စဉ်ကို သတိပြုလာခဲ့ကြသည်။ ရေနွေးစီးကြောင်းများ ရောက်လာချိန်တွင် ငါးများရှားပါးသွားသည်ကို သတိထားမိရာမှ အယ်လ်နီညိုဖြစ်စဉ်ကို သိရှိလာခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က အယ်လ်နီညိုသည် ငါးများကိုရှားပါးစေသော သက်ရောက်မှုရှိသည့် သာမန်ဖြစ်စဉ်တစ်ရပ်ဟုသာ သိထားခဲ့ကြသည်။ အထူးသဖြင့် ကမ္ဘာ့ရာသီဥတု ထိခိုက်ပျက်ပြားစေမှုကို ၁၉၈၂ ခုနှစ်တွင်မှ လူများသတိပြုသိရှိ လာခဲ့ကြသည်။

၁၉၈၂-၁၉၈၃ မှာ ဖြစ်ပေါ်ခဲ့သည့် အယ်လ်နီညိုသည် အင်အားပြင်းထန်ခဲ့ပြီး ရေပြင်၌သာမက အထက်လေထု ဖြစ်စဉ်များအပေါ်၌ပင် အကျိုးသက်ရောက်မှုများဖြစ်ပွားစေခဲ့သည်။ ဒေါင်လိုက်ရေစီးကြောင်းများမှ တစ်ဆင့် လွန်ကဲပြင်းထန်သည့် ရာသီဥတုဖောက်ပြန်မှုများကို ထိတ်လန့်ဖွယ်ရာ တွေ့ကြုံခံစားကြရပြီး လေထု၊ ရေထုတို့၏ အပြန်အလှန်တုံ့ပြန်အကျိုးသက်ရောက်မှုကိုလည်း ပညာရှင်တို့ ကျယ်ကျယ်ပြန့်ပြန့် စတင်သတိပြုလာခဲ့ကြသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့ရာသီဥတု ပုံမှန်မဟုတ်တော့ဘဲ ဖောက်လွဲဖောက်ပြန် ဖြစ်ပေါ်တတ်သည်။ အယ်လ်နီညိုဖြစ်စဉ်ကာလသည် အများအားဖြင့် တစ်နှစ်ခန့်ကြာမြင့်တတ်သည်။ မိုးလျော့ခြင်း၊ အပူချိန်တိုးခြင်း၊ မိုးခေါင်တတ်ခြင်း၊ မုတ်သုံအဝင်နောက်ကျခြင်း၊ မုတ်သုံအထွက်စောခြင်း၊ မုတ်သုန်မိုးနည်းခြင်း၊ မိုးလယ်ကာလမိုးရေချိန်နည်းခြင်း၊ မိုးရွာစေသောမုန်တိုင်းများ ပုံမှန်ခန့်သာရှိခြင်း စသည့်ရာသီဥတုပုံမှန်မဟုတ်သော ဖြစ်ရပ်များနှင့် ကြုံတွေ့ရတတ်သည်။

အယ်လ်နီညိုနှင့်ပတ်သက်၍ ကမ္ဘာ့မှတ်တမ်းသမိုင်းဝင် အဆိုးရွားအပြင်းထန်ဆုံး ၁၂ နှစ်ရှိခဲ့ရာ ၁၁ နှစ်မှာ ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်း ဖြစ်ပေါ်ခဲ့သည်။ ၁၉၉၇-၁၉၉၈ အယ်လ်နီညိုနှစ်မှာ အဆိုးရွားဆုံးအဖြစ် စံချိန်တင်ခဲ့သည်။ အထွေထွေအရပ်ရပ် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံကျော်ခဲ့သည်။ သေဆုံးသူပေါင်း ၂၄၀၀၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၃၃၀၀၀၊ ရွှေ့ပြောင်းရသူပေါင်း ၆ သန်း၊ ထိခိုက်သောမြေဧကပေါင်း ၅၆ သန်းအထိရှိခဲ့သည်။

၁၉၉၇-၉၈ ခုနှစ် အယ်လ်နီညိုကြောင့် မြန်မာနိုင်ငံမြို့ကြီး ၁၈ မြို့တွင် အပူချိန်စံချိန်တင် မြင့်မားခဲ့ပြီး ၁၅ မြို့တွင် မိုးရေချိန်အနည်းဆုံး စံချိန်သစ်များတင်ခဲ့သည်။ ငွေကျပ်ဘီလီယံပေါင်းများစွာ ထိခိုက်ဆုံးရှုံးခဲ့ရသည်။ ထိုနှစ်အယ်လ်နီညိုက မုတ်သုံရာသီဥတုကိုလည်း ထိခိုက်စေခဲ့သည်။ ၁၉၉၇ ခုနှစ်ဇွန်လမှ ၁၉၉၈ ခုနှစ် မေလအထိ ၁၂ လခန့်ကြာမြင့်ခဲ့သည်။ ၁၉၉၇-၉၈ နှစ်နှစ်လုံးအပူချိန်ဖြစ်မြဲထက်မြင့်တက်ခြင်း၊ မိုးရေချိန်ရွာသွန်းမြဲအောက်လျော့နည်းခြင်း၊ အချို့ဒေသများတွင် မိုးခေါင်ခြင်း၊ မိုးရွာစေသော မုန်တိုင်းများဖြစ်ပေါ်မှု လျော့နည်းသွားခြင်း၊ မုတ်သုံအဝင်နောက်ကျခြင်း၊ အထွက်စောခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ မိုးရာသီမှာတိုတောင်းသွားခဲ့သည်။ အယ်လ်နီညိုသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသော ရာသီဥတုဖောက်ပြန်စေသည့် ဖြစ်စဉ်ကြီးတစ်ရပ်ပင်ဖြစ်သည်။

ထိုနှစ် အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံ၌ အပူဆုံးနှင့်အခြောက်သွေ့ဆုံးဖြစ်ခဲ့ရာ မြို့တိုင်းလိုလိုမှာ အမြင့်ဆုံးအပူချိန်များနှင့် အပူဒဏ်ကို အလူးအလဲခံစားကြရသည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍပေါင်းစုံတွင် ထိခိုက်မှုများစွာဖြစ်ပေါ်စေခဲ့သည်။ ရာသီဥတုဆိုးရွားပြင်းထန်သော နှစ်တစ်နှစ်အဖြစ် မြန်မာ့သမိုင်းတွင် မှတ်တမ်းဝင်သောနှစ်ဖြစ်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဆိုးရွားသော ရေကြီးမှုဒဏ်ကိုခံစားရသည်။ ရေကြီးရာတွင် နောက်ကျိသောရေများ ရွှံ့ညွန်နှင့် အမှိုက်များ ရောနှောပါဝင်သည့် ရေများဖုံးလွှမ်းခြင်းကို ခံခဲ့ရသည်။ ရေကျသွားသော်လည်း နုန်းများ၊ သဲများ၊ အမှိုက်များသည် လူခါးတစ်စောင်းမှ လူတစ်ရပ်ခန့်အထိ တင်ကျန်ရစ်သည်။ သောက်သုံးရေ သယံဇာတများပျက်စီးကာ ရေရှားပါးမှုဒဏ်ကိုခံစားကြရသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ဖေဖော်ဝါရီလကုန်အထိ ကြာသည့် အေးမြခြောက်သွေ့သောကာလ၊ ယခု ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်မှ ဧပြီလကုန်အထိ ကြာမည့် ပူပြင်းခြောက်သွေ့သောကာလ၊ ပေါင်းခြောက်သွေ့ကာလ ငါးလခန့်ကြာဦးမည်ဖြစ်ရာ သောက်သုံးရေရှားပါးမှုကို ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်သည်။

အယ်လ်နီညို ရေနွေးစီးကြောင်းများ ပိုမိုပြင်းထန်လာခြင်း၊ ဖြစ်ပေါ်သည့်ကာလ စိပ်လာခြင်းတို့မှာ Global Wanning ခေါ် ကမ္ဘာမြေပူနွေးလာမှုနှင့် ဆက်နွယ်လျက်ရှိသည်။ ပိုမိုပူပြင်းလာမှုကြောင့် ပင်လယ်သမုဒ္ဒရာရေများ အငွေ့ပြန်နှုန်းမြင့်မားလာခြင်း၊ အငွေ့ပြန်နှုန်းများမှုကြောင့် ပင်လယ်ရေအငန်ဓာတ်ပိုမိုမြင့်မားလာခြင်း၊ ကမ္ဘာမြေပူနွေးလာမှုကြောင့် ပင်လယ်သမုဒ္ဒရာရေများ အပူအအေးကွာခြားမှုကိုပါ မြင့်မားစေခြင်း စသည်တို့ကြောင့် သမုဒ္ဒရာရေစီးကြောင်းများ လှည့်ပတ်ရွေ့လျားရာတွင် ပိုမိုပြင်းထန်စေသဖြင့် အယ်လ်နီညိုရေနွေးစီးကြောင်းများ ငါးနှစ်၊ ခုနစ်နှစ် မခြားတော့ဘဲ သုံးနှစ်၊ လေးနှစ်တစ်ကြိမ်ဆိုသလို ခပ်စိတ်စိတ်ဖြစ်ပေါ်ကာ ဆိုးရွာပြင်းထန်သော ရာသီဥတုများကို ဖန်တီးကြခြင်းဖြစ်လေသည်။

တိုးပွားလာသော လူဦးရေ သန်း ၇၀၀၀ခန့်သည် ကုန်ထုတ်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာကြခြင်းနှင့်အတူ လူနေမှုစနစ် (Life Style) မှာလည်း အကြီးအကျယ်ပြောင်းလဲခဲ့သည်။ ကာဗွန်နိုင်အောက်ဆိုက်ဓာတ်ငွေ့ထွက်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို အလုံးအရင်းနှင့် ထုတ်ယူသုံးစွဲခြင်း၊ (CFC) ဓာတ်ငွေ့ထွက်သောလူ့အသုံးအဆောင် ဖိမ်ခံပစ္စည်းများအသုံးများလာခြင်း၊ သစ်တောများ ဖြုန်းတီးခြင်းစသည်တို့ကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့များ (Greenhouse Gases) စုဖွဲ့ကာ ကမ္ဘာမြေပေါ်မှ ထွက်ခွာသွားနိုင်သော အပူငွေ့များကို စုပ်ယူထိန်းသိမ်းထားကြသည့်အတွက် ကမ္ဘာမြေမျက်နှာပြင် အပူချိန်တိုးကာ ကမ္ဘာကြီးပူနွေးလာရခြင်းဖြစ်သည်။ ယင်း၏အကျိုးဆက်အဖြစ် ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲလာကာ သဘာဝဘေးများ ပြင်းထန်စွာ ခံစားကြရသည်။ ထိုသဘာဝဘေးဒဏ်များကြောင့် ကမ္ဘာ့နိုင်ငံများသည် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများကို ရင်ဆိုင်ကြုံတွေ့ရတော့သည်။

ကမ္ဘာ့နိုင်ငံများသည် သဘာဝဘေးကျရောက်မှသာ ဖြေရှင်းဆောင်ရွက်ခြင်း ပြုလုပ်၍မရတော့ဘဲ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်တွန်းလှန်ရန်အတွက် နည်းပညာများဖော်ထုတ်ခြင်း၊ နည်းလမ်းများတီထွင်ခြင်းတို့ဖြင့် ကြိုတင်ပြင်ဆင်မှုကို အလေးပေးဆောင်ရွက်လာကြသည်။ မိမိတို့နိုင်ငံ၏ အစီအရင်ဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း ပူးပေါင်း၍လည်းကောင်း၊ သဘာဝဘေးဒဏ်လျှော့ချရေး၊ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုစဉ်ဆက်မပြတ်လုပ်ဆောင်လာကြသည်။

ဘေးအန္တရာယ်ကင်းဝေးရေး၊ စိမ်းလန်းသာယာသော ကမ္ဘာမြေဖြစ်ပေါ်လာရေး၊ စွမ်းအင်ခွန်အားများ ပြည့်ဝသည့် ကမ္ဘာကြီးဖြစ်ပေါ်လာရေး၊ တည်တံ့ခိုင်မြဲသော ကမ္ဘာကြီး၏ အနာဂတ်ဘဝလုံခြုံရေးတို့မှာ ကမ္ဘာ့လူသားတိုင်းက ဖြစ်ပေါ်စေချင်သော ဆန္ဒပင်ဖြစ်သည်။ လူသားတိုင်းနှင့်သက်ဆိုင်၍ လူသားတိုင်းက ပါဝင်၍တာဝန်ယူကြရမည့် မျက်မှောက်အခြေအနေလည်းဖြစ်သည်။

မိမိတို့ တတ်နိုင်သလောက် ပါဝင်ကြစေချင်ပါသည်။ သစ်ပင်များများစိုက်ပါ။ ကာဗွန်ဒိုင်အောက်ဆိုက်ဒ်တွေ လျှော့ချပါ။ ဂေဟစနစ်ကိုစောင့်ထိန်းပါ။ ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားပါ။ ကမ္ဘာကြီးကိုချစ်ပါဟု ပြောချင်ပါသည်။

# အရာတော်သနပ်ခါးပျိုးပင်များနှင့် မျိုးစေ့များ အပူပိုင်းဒေသအတွင်းရှိ မြို့နယ်များသို့ဖြန့်ဝေရောင်းချ

**အရာတော် ဖေဖော်ဝါရီ ၁၅**

အရာတော်မြို့နယ်အတွင်း အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသော သနပ်ခါးပျိုးပင်များကို အပူပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသာမက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များအတွင်းရှိ ကျေးရွာများအထိ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"သနပ်ခါးပင်က အပူပိုင်းဒေသတွေမှာ အဖြစ်များတယ်။ အပင်ပေါက် ၄၅ ရက်ဆိုရင် မြေမှာချစိုက်လို့ရတယ်။ စိုက်ပြီးငါးနှစ်ကနေ ခုနစ်နှစ်အတွင်းမှာ ဈေးကွက်မှာရောင်းလို့ရတယ်။ ဟိုတုန်းကတော့ အရာတော်သနပ်ခါးမျိုးက မြို့နယ်အတွင်းမှာပဲ အစိုက်များတယ်။ ပြီးခဲ့တဲ့ ခုနစ်နှစ်၊ ရှစ်နှစ်လောက်ကစပြီး တခြားမြို့တွေက သနပ်ခါးအပင်ပေါက်တွေ၊ အစေ့တွေဝယ်ပြီး စိုက်လာကြတာ အခုဆို တိုင်းဒေသကြီးသုံးခုလောက်ကို ပြန့်နေပြီ။ သနပ်ခါးပင်ပေါက်က တစ်ပင်ကို ငွေကျပ် ၂၀၀ ဈေးရှိတယ်။ အစေ့ဆိုရင်လည်း နို့ဆီဘူးတစ်ဘူးကို ငွေကျပ်တစ်သောင်းကနေ ငါးသောင်းလောက်အထိရှိတယ်။ အစေ့ကို နှစ်စဉ်ဝါဆိုလဆိုရင် အသီးမှည့်ရင်ရောင်းတယ်။ အဝေးကဆိုရင် အစေ့မှာတာများတယ်။ အပင်ပေါက်တွေကို ငါးလပိုင်းကနေ ၁၀ လပိုင်းလောက်အထိ စိုက်ပျိုးနိုင်တယ်။ ရေရမယ်ဆိုရင်တော့ ၁၂ လပိုင်းအထိ စိုက်နိုင်ပါတယ်။ သနပ်ခါးစိုက်တဲ့ တောင်သူတွေကိုလည်း ကျွန်တော်တို့စိုက်နည်းစနစ်တွေပေးတယ်။ ဒေသအရောက်လိုက်ပြီး စိုက်ပေးဆိုရင်လည်း စိုက်ပေးပါတယ်" ဟု အရာတော်မြို့နယ်မှ သနပ်ခါးစိုက်တောင်သူ ဦးစိန်မင်းက ပြောသည်။

သနပ်ခါးစိုက်ပျိုးရေးသည်ယခင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အရာတော်မြို့နယ်၊ ရွှေဘိုမြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေစကြိုမြို့နယ်များတွင် အစိုက်များခဲ့ပြီး ယခုနောက်ပိုင်းတွင် အရာတော်မြို့နယ် အတွင်းမှ သနပ်ခါးမျိုးများမှာ စိုက်ပျိုးအောင်မြင်ပြီး ဈေးကွက်များကျယ်ပြန့်လာသဖြင့် ၎င်းမြို့နယ်များအပြင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အရာတော်မြို့နယ်အတွင်းမှ သနပ်ခါးမျိုးများကို ဝယ်ယူပြီး တိုးချဲ့စိုက်ပျိုးလာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အရာတော်မြို့နယ်အတွင်းမှ သနပ်ခါးမျိုးများကို ကသာ၊ ထီးချိုင့်၊ ဘော၊ ဇင်း၊ သပိတ်ကျင်း၊ စဥ့်ကူး၊ ပခုက္ကူ၊ မြင်းခြံ၊ မိတ္ထီလာ၊ ငါန်းဇွန်၊ တံတားဦး စသည့်မြို့နယ်များရှိ စိုက်ပျိုးမြေများတွင်သာမက ကျောက်ကုန်းမြေများတွင် အရာတော်သနပ်ခါးမျိုးများကို မှာယူစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**






NOW!
Not So Far
to "Korea"

**MARCH-2016**

8DAY/7NIGHT
23~30 -USD-1850
4DAY/5NIGHT
26~30 -USD-1400

Alliance with... **တိုး ဒီ နဲ့ GO ပြီ**

Contact :
#109, 1st.Floor, Sint-Oh-Dan Street,
Lathar Township, Yangon, Myanmar.
Tel : 01-250 734, 378 127, 378 503
Viber - 09779999146, 09779999147
www.facebook.com/TourDeMyanmar/

"ကိုရီးယား"သို့
သင်္ကြန်ခရီးစဉ်များ
အတွက်
ကြိုတင်စာရင်း
ပေးသွင်းနိုင်ပါပြီ...




**YANGON TO JEJU- DIRECT FLY... တိုး ဒီ နဲ့ GO ပြီ**

- ကိုရီးယား(9D/8N) April-12~20 USD-2100
- ဩစတြေးလျ(10D/9N) April-12~21 USD-4200
- ဥရောပ (14D/13N) April-12~25 USD-4400
- ဂျပန် (9D/8N) USD-2800 April-12~20
- ဒူဘိုင်း USD-1950 April-11~16 (6D/5N)
- ကမ္ဘောဒီးယား + ဗီယက်နမ်(8D/7N) April-12~19 USD-1280
- ဗီယက်နမ် (6D/5N) April-11~16 USD-850
- ရန်ကုန်– ဗန်ကောက်(6D/5N) April-13~18 USD-650
- မန္တလေး– ဗန်ကောက်(6D/5N) April-13~18 USD-800
- ကူမင်း – ပေကျင်း – ရှန်ဟိုင်း(8D/7N) April-11~18 USD-1650
- ပတာယာ – ယောင်ကောင် (6D/5N) April-10~15 USD-1400
- ကွာလာလမ်ပူ – ပတာယာ – ယောင်ကောင် (8D/7N) April-12~19 USD-1600
- ဖူးခက် + ဗန်ကောက်(6D/5N) April-11~16 USD-880
- ရန်ကုန် – စင်ကာပူ(5D/4N) April-12~16 USD-990
- မန္တလေး – စင်ကာပူ(5D/4N) April-12~16 USD-1150
- ဘာလီ + စင်ကာပူ(8D/7N) April-11~18 USD-1500
- စင်ကာပူ+မလေးရှား(7D/6N) April-11~17 USD-1350

သင်္ကြန်ခရီးစဉ်များအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ...

**အမှတ်(၁၀၉)၊ (ပ)ထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ 01-378 503, 378 127, 250 734, Viber - 09779999146, 09779999147**

**သမဝါယမအသင်းပိုင် ဆိုင်ခန်း ငှားရမ်းထားခြင်းအား ရပ်ဆိုင်းပါကြောင်း ငှားရမ်းသူ ဒေါ်ညိုညိုဝင်း၊ ဒေါ်ဖြူဖြူဝင်းနှင့်အများသိစေရန်ကြေညာခြင်း**

ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်းသမဝါယမအသင်းစုချုပ်လီမိတက် တောင်ကြီးမြို့မှ ဥက္ကဋ္ဌဖြစ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်းသမဝါယမအသင်းစုချုပ်လီမိတက်က ပိုင်ဆိုင်သည့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်ရှိ ဆိုင်ခန်းအမှတ်(၃-၄)ကို ဒေါ်ညိုညိုဝင်း[၁၃/ တကန(နိုင်)၁၂၂၆၅၇]သို့လည်းကောင်း၊ ဆိုင်ခန်းအမှတ်(၄- ၄)ကို ဒေါ်ဖြူဖြူဝင်း[၁၃/တကန(နိုင်)၁၄၅၈၄၈]သို့လည်းကောင်း၊ ၁-၄-၂၀၁၄ရက်မှ ၃၁-၃-၂၀၁၅ရက်အထိ စာချုပ်ချုပ်ဆို ငှားရမ်းခဲ့ပြီး ဆိုင်ခန်းများထပ်မံငှားရမ်းခြင်း စာချုပ်ချုပ်ဆိုရန် ၂၆-၃-၂၀၁၅ရက်တွင် ဖိတ်ကြားခဲ့သော်လည်း ဒေါ်ညိုညိုဝင်းနှင့် ဒေါ်ဖြူဖြူဝင်းတို့သည် လာရောက်ခဲ့ခြင်းမရှိကြောင်း သိရှိရပါသည်။ အထက်ပါ ဆိုင်ခန်း(၂)ခန်းနှင့်ပတ်သက်၍ ဒေါ်ဖြူဖြူဝင်းနှင့်ဒေါ်ညိုညိုဝင်းတို့ကိုယ်တိုင်မဟုတ်ဘဲ ၎င်းတို့၏ မိခင်ဒေါ်ဟာဝါဘီက ငှားရမ်းခွင့်ပြုရန် လျှောက်ထားချက်နှင့်ပတ်သက်၍ သမဝါယမအသင်းစု၏ ၃၁-၃-၂၀၁၅ရက်စွဲ အစည်းအဝေးဆုံးဖြတ်ချက်အရ ဆိုင်ခန်းငှားရမ်းခြင်းကိစ္စကို မူလငှားရမ်းသူ ဒေါ်ဖြူဖြူဝင်းနှင့်ဒေါ်ညိုညိုဝင်းတို့ကိုယ်တိုင် သို့မဟုတ်ယင်း၏ အခွင့်ရကိုယ်စားလှယ်တို့က ဆက်လက်ငှားရမ်းရန် တင်ပြခြင်းမရှိသဖြင့် ဆိုင်ခန်းငှားရမ်းမှုကို ရပ်ဆိုင်းကြောင်း၊ ၎င်းဆိုင်ခန်း(၂)ခန်းကို အသင်းပိုင်အရောင်းဆိုင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်ဟု သိရှိရပါသည်။

ဒေါ်ဖြူဖြူဝင်းနှင့်ဒေါ်ညိုညိုဝင်းတို့သည် မိမိတို့ငှားရမ်းသည့်ဆိုင်ခန်းအား ငှားရမ်းခြင်း ရက်ကုန်ဆုံးခြင်းမတိုင်မီကပင် သော့ခတ်ပိတ်ထားသည်မှာ ယနေ့ထက်တိုင်ဖြစ်သည် ဟုသိရှိရပါသည်။ ၎င်းအပြင် ဒေါ်ဖြူဖြူဝင်းနှင့်ဒေါ်ညိုညိုဝင်းတို့သည် ယခင်နေထိုင်ရာလိပ်စာတွင် နေထိုင်ခြင်း မရှိတော့ကြောင်း သိရှိရပါသည်။ ထို့ကြောင့် အဆိုပါဆိုင်ခန်း(၂)ခန်းအား သမအသင်းစုချုပ်က ဆက်လက်ငှားရမ်းလိုခြင်းမရှိတော့သဖြင့် ဒေါ်ဖြူဖြူဝင်းနှင့်ဒေါ်ညိုညိုဝင်းတို့သည် ဆိုင်ခန်းများအား သမအသင်းစုချုပ်သို့ ဤကြေညာပါရှိပြီး (၇)ရက်အတွင်း အခန်းအား အလွတ်လက်ရောက် ပြန်လည်အပ်နှံပါရန်နှင့် အပ်နှံခဲ့ခြင်းမရှိပါက တရားဥပဒေနှင့်အညီ ဆက်လက် အရေးယူ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဒေါ်ဖြူဖြူဝင်း၊ ဒေါ်ညိုညိုဝင်းနှင့်အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ထွေး(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၂၂/၁၃-၁၀-၉၈)**
**အမှတ်(၃၁-ဃ)၊ နယ်မြေ(၇)၊ ဝန်ကြီးလမ်းခွဲ(၂)၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့။**

**House For Sale in Insein. 230000 US$**
**Opposite of KweKaBaw Hospital,**
**Min Gyi Road, 261, Also for Sale**
**very Old Furniture's**
**Ph : 09 421163498, 09 423711909.**

## ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊ (၆)လမ်း၊ (၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)
ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၁

**101 ဆံပင်ပေါက်ဆေး ၊ ခေါင်းလျှော်ရည် ၊ ဝက်ခြံပျောက်ဆေး 101**


**(၉)ရက်အတွင်း** ဆံပင်ကျွတ်သက်သာသွားမည်။
101 Shampoo "အစိမ်း" ဖြင့် ခေါင်းလျှော်ပါ။
101 ဆံပင်ပေါက်ဆေး "အဝါ" နေ့စဉ် (၂) ကြိမ်သုံးပါ။

**(၉)ရက်အတွင်း** ဗောက် လုံးဝပျောက်သွားမည်။
101 Shampoo "အပြာ" ဖြင့် ခေါင်းလျှော်ပါ။
101 ဆံပင်ပေါက်ဆေး "အဝါ" နေ့စဉ် (၁) ကြိမ်သုံးပါ။


**(၉)ရက်အတွင်း** ဝက်ခြံ လုံးဝပျောက်သွားမည်။
101-E ဝက်ခြံပျောက်ဆေးကို နေ့စဉ်(၃)ကြိမ်သုံးပါ။

Only City Mart
Promotion (1.2.16 to 29.2.16)

*Before*




*After*



➧ စိန်ဂေဟာ၊ ဂမုန်းပွင့် ၊Orange ၊ Super Market များ၊
➧ ရွှေအိုး နှင့် ဆေးဆိုင်၊ စတိုးဆိုင်များတွင်ဝယ်ယူနိုင်ပါသည်၊
Ygn: 01-518088,518311, Mdy: 02-62253

ကြော်ငြာ




ဆရာအေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
**နွေ(၃)လနှင့် ပုံမှန်တန်းခွဲများ**
ကျောင်းသားများ Letter, Essay, Character ၃၅ မှတ်ဖိုး အလွတ်ကျက်ဖြေခြင်းမှ လွတ်အောင် မတက်မဖြစ်တက်ပါ။ တွေးနည်း/ရေးနည်းကို မူပိုင်နည်းသစ် စာအုပ်ဖြင့် သင်သည်။ အရွယ်မရွေး တက်နိုင်သည်။
၄ တန်းမှ ၆ တန်းထိ နှင့် ၇၊ ၈၊ ၉၊ ၁၀ တန်းများ
နွေ-March 7,9 စမည် ရှုကြီး-March 5,7 စမည် Guide များ အိမ်လိုက်သင်သည်
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ပန်းချီသင်တန်း**
❖ နွေပန်းချီသင်တန်းများ ❖ လစဉ်ပုံမှန်သင်တန်းများ ❖ အိမ်အရောက် ဝန်ဆောင်မှု သင်ကြားပေးခြင်းများ
၀၉-၇၃၂၅၃၇၀၃
အမှတ် (၃၀၁)၊ တိုက် (၆၂)၊ မင်္ဂလာသုခလမ်း၊ (၅) ရပ်ကွက်၊ ဟံသာရိပ်မွန်၊ ကမာရွတ်မြို့နယ်၊

**OHSAMA Japanese Restaurant**
***(Hot Pot, B.B.Q, Japanese Food)***
(ဖေဖော်ဝါရီလ တစ်လလုံးအထူး Promotion အစီအစဉ်)
မီးသွေးမီးဖိုဖြင့် B.B.Q စတင်ခြင်းအဖြစ်
- Japan Beef, Black Pork, Chicken and Natural Sea Foods-**20% Discount**
- တစ်လအတွင်း ဒုတိယအကြိမ်ထပ်မံလာရောက်အားပေးသော ဧည့်ပရိသတ်များအား **30% Discount** ရရှိမည်ဖြစ်ပါသည်၊
- **Special Menu**- လေးဦးနှင့်အထက်တစ်ဦးလျှင်(12000ks) ကြိုက်နှစ်သက်ရာမှာ **အဝစား**● လာရောက်အားပေးသောဧည့်ပရိသတ်အားလုံးအားDessertအဖြစ်(ကူလ်ဖီး)လက်ဆောင်ဧည့်ခံကျွေးမွေးပါမည်။

No.28/B,Pho Sein Road, Natmauk Quarter, Tamwe Ts.
Ph:01-555539, 09-31382082, 09-30224438
Lunch - 11:00 am to 3:00 pm & Dinner - 5:00 pm to 11:00 pm

Myanmar Telesis Education Services
QEAC No: K531
ကုန်ကျစရိတ်သက်သာပြီး အချိန်တိုအတွင်းရရှိမည့်အဆင့်မြင့်ပညာရေး
**Study in USA**
- ၉ တန်းအောင် နှင့် ၁၀ တန်း မအောင်မြင်သော်လည်း ရှေ့ဆက်ရန် ပညာရေးမျှော်လင့်ချက်မြင့်မြင့်မားမား ထားရှိသူများ
- ၁၀ တန်း (သို့) IGCSE အောင်မြင်ပြီး အကောင်းဆုံးတက္ကသိုလ်ကို ရွေးချယ် တက်ရောက်လိုသူများ
- International School တွင် Grade 9 , 10 တက်ရောက်နေသူများ
- ဘွဲ့ရပြီး 2nd Degree တက်ရောက်လိုသူများနှင့် Master, Ph.D တက်ရောက်လိုသူများ
- အသက်မွေးဝမ်းကျောင်းနှင့် Specialized Major ကို ရွေးချယ်ရန် အခက်အခဲ ရှိသူများ

မှန်ကန်သော ပညာရေးလမ်းကြောင်းကို ရွေးချယ်ရန် (အခမဲ့) ဆွေးနွေးနိုင်ပါသည်၊
USA ရှိ Colleges တွင် High School Completion Diploma ကိုသင်ကြားပြီး University သို့တိုက်ရိုက်တက်ရောက်နိုင်မည့် အခွင့်အလမ်း
Myanmar Telesis Call Us: 01 - 527 168 09 - 796 114 575
www.myanmartelesis.com

LUX Mundi **PES**
Intensive English Training!!
( ပထမတန်း မှ နဝမတန်း အထိ )
Registration open for Summer Classes!!!
**အခြေခံပညာကျောင်းများ မှ ကျောင်းသားများအတွက် အင်္ဂလိပ်စာ**
- English 4 skills + Vocab
- မှန်ကန်မြန်ဆန်သည့် Reading သင်ခန်းစာများ
- Writing နှင့် Speaking အတွက် လွယ်ကူသော Grammar
- English ဘာသာစကားဖြင့်သာ သင်ကြားမည့် စာသင်ခန်းငယ်များ

Enroll Now!
သင့်ကလေး၏ တိုးတက်ပြောင်းလဲမှုကို အမှန်တကယ် တွေ့ရပါမည် . . .
**Free English Assessment!**
Preparation for IELTS / TOEFL / SAT
- Precise & Analytical Reading
- Vocabulary Build-up
- Grammatical & Logical Writing

အမှတ် (၃၂၆)၊ Block (D) ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။
ဖုန်း - 09 970531958 (English) 09 253102473 ( မြန်မာ)


HONDA | NCX
WAVE 100
MAKE THE RIGHT CHOICE
မျိုးသော အရည်အသွေးတွေနဲ့
၅ မှန်ကန်တဲ့ ရွေးချယ်မှု
ကြာရှည်ခိုင်ခံ့မှုနဲ့ တစ်သက်တာပိုင်ဆိုင်မှု
စိတ်ပူပန်စရာမလိုတဲ့ ဝယ်ယူပြီးဝန်ဆောင်မှု
ပေးချေရတဲ့တန်ဖိုးထက်ပိုတဲ့ စိတ်ကျေနပ်မှု
အမြတ်အစွန်းများတဲ့ ပြန်ရောင်းဈေးနှုန်း
ယုံကြည်စိတ်ချရတဲ့ ဘေးကင်းလုံခြုံမှု
FREE
Honda Wave 100 (သို့)
Honda Wave 100S
ကို ဝယ်ယူပြီး
စတိုင်ကျလှတဲ့
ဆိုင်ကယ်ဦးထုပ်
လက်ဆောင်
ရယူလိုက်ပါ။
၁,၀၉၀,၀၀၀ ကျပ်မှ စတင်၍
(၀၁) ၂၁၈၅၂၁
မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ Honda NCX အရောင်းပြခန်းတွေမှာ
ယခုပဲမှန်မှန်ကန်ကန် ရွေးချယ်လိုက်ကြပါစို့။
NCX MYANMAR CO., LTD.
အမှတ် (၄၃၊ ၄၄၊ ၄၅)၊ အခန်းအမှတ် (A-002)၊ အင်းလမ်းနှင့် ပျဉ်းမလမ်းကြား၊
ကြည့်မြင်တိုင်ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးဟောင်းရှေ့၊ ရန်ကုန်မြို့။
(၀၁) ၂၁၈၅၂၁
NCX MYANMAR ဆိုင်ခွဲ • ရန်ကုန် ဖုန်း - (၀၁) ၅၀၈၄၇၈၊ (၀၁) ၂၁၈၅၂၁
• မန္တလေး ဖုန်း - ၀၉ ၄၀၂၆၀၆၆၄၀၊ ၀၉ ၂၅၉၁၀၀၅၉၉ • တောင်ကြီး ဖုန်း - ၀၉ ၄၀၂၆၂၉၉၅၅
• ပဲခူး ဖုန်း - (၀၅၂) ၂၃၂၆၅၊ ၀၉ ၄၀၂၅၀၇၀၃၃ • မော်လမြိုင် ဖုန်း - (၀၅၇) ၂၃၂၅၉၊ ၀၉ ၂၅၀၁၁၁၇၅၀
• ပြည် ဖုန်း - (၀၅၃) ၂၄၁၀၇ • ပုသိမ် ဖုန်း - (၀၄၂) ၂၄၂၃၄
MOBILE SERVICE
HONDA | NCX
SERVICE
NCX MYANMAR CO.,LTD.

Hot Line No-0930500100

# ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင် ဟန်လင်း ပျူမြို့ဟောင်း

သတင်းနှင့် ဓာတ်ပုံ - တိမ်တမန်




**စစ်ကိုင်း ဖေဖော်ဝါရီ ၁၅**

ထူးခြားမှုများစွာ၊ စိတ်ဝင်စားစရာများစွာရှိနေသည့်အတွက်ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည်များ လာရောက်မှုများပြားသော နေရာတစ်နေရာကိုပြပါဆိုလျှင် ဟန်လင်း ပျူယဉ်ကျေးမှုနယ်မြေကိုပြသရမည်ဖြစ်သည်။ ဟန်လင်း ပျူယဉ်ကျေးမှုနယ်မြေမှာကမ္ဘာ့အမွေအနှစ်စာရင်းဝင် နယ်မြေတစ်ခုပင်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင်တည်ရှိသည်။

ဟန်လင်းဒေသသို့ သွားရောက်လေ့လာသူများမှာ ကျေးလက်သဘာဝရသများကို ခံစားနိုင်သလို ထူးခြားသော ရေမြေသဘာဝကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။ ဖြောင့်ဖြူးသော လမ်းဘေးပတ်လည်တွင် လယ်ကွင်းများစွာကို မျက်စိတစ်ဆုံးမြင်တွေ့နိုင်သည်။ ဟန်လင်းမြို့ဟောင်းသို့ စတင်ဝင်ရောက်လိုက်သည်နှင့် ထူးခြားသော ရေပူရေအေး စိမ့်တွင်းများကိုတွေ့မြင်ရသည်။ တစ်နေရာတည်းတွင်ပင် ရေပူရေအေးတို့နီးကပ်စွာတည်ရှိနေပြီး ဒေသခံတို့ အလေးထားအသုံးပြုသည့်ရေတွင်းများပင်ဖြစ်သည်။ အေးသောရေကိုချိုးမိသမျှ မချမ်းဘဲ တုန်သည့်အတွက် မချမ်းတုံဟုခေါ်သောတွင်းနှင့်အတူ ရေပူများစွာထွက်သော ရေပူကုန်းဟူ၍နှစ်နေရာကို စတင်တွေ့မြင်ရသည်။

ထူးခြားမှုမြင်ကွင်းများမှ ရှေ့ဆက်သွားလိုက်ပါက ဒေသခံတို့ဆားပေါက်မြေမှ သဘာဝနည်းအတိုင်းဆားချက်သည့် ကုန်းတွင်းဆားချက်လုပ်ငန်းလုပ်ကိုင်နေသည်ကို စာမျက်နှာ ၇ ကော်လံ ၁ သို့


ယနေ့ **မာတိကာ**

မျက်စိရတ်တရက် မှုန်သွားပြီဆိုလျှင် စာမျက်နှာ - ၆

ကောလာဟလတွေအပေါ် တုံ့ပြန်လိုက်တဲ့ နမ်ဘိုရာ စာမျက်နှာ - ၁၂

စပါးအားရှုံးနိမ့်ခဲ့သော်လည်း ချန်ပီယံဆုအတွက် လက်လျှော့မည်မဟုတ်ဟု ကွန်ပနီဆို စာမျက်နှာ - ၁၃


# အချိန်တိုအတွင်း လူသိများလာသော ကရင်ချောင်းရေတံခွန်သို့ တစ်ခေါက်



နေ့စဉ်နှင့်အမျှ အလုပ်အကိုင်နယ်ပယ်အသီးသီးတွင်လုပ်ကိုင်နေကြသူများအဖို့ စိတ်အပန်းဖြေရန်လိုအပ်ပြီး မြန်မာနိုင်ငံဒေသအသီးသီး၌ လေ့လာလည်ပတ်စရာနေရာများစွာရှိကာ ပြည်တွင်း၊ ပြည်ပခရီးသွားများဖြင့်အမြဲလိုလိုစည်ကားနေလေ့ရှိသည်ကိုတွေ့ရသည်။

ထို့အတူပင် ယခုရက်ပိုင်း နေ့အပူချိန်မြင့်တက်လာ၍ တောင်ငူခရိုင် ရေတာရှည်မြို့နယ်၊ တောင်ငူမြို့နယ်နှင့် ကရင်ပြည်နယ်၊ သံတောင်မြို့နယ်တို့ သုံးပွင့်ဆိုင်ရာဒေသအနီး ကျောက်ဆောင်၊ကျောက်တုံးများ၊ ထူထဲလှသည့်သစ်တောများအကြားမှ ကွေ့ဝိုက်ကာစီးဆင်းနေသော ကရင်ချောင်းရေတံခွန်မှာ လွန်ခဲ့သောလေးနှစ်ခန့်မှစတင်၍ လူသိများထင်ရှားလာပြီး နေ့စဉ်လိုလိုလာရောက်လည်ပတ်သူများ ပိုမိုများပြားလာနေကြောင်း ရေတံခွန်အနီးရှိ ရေလွှဲကျေးရွာနေဒေသခံများကပြောပြသည်။

ကရင်ချောင်းရေတံခွန်သို့ ရေတာရှည်မြို့လယ်မှတစ်ဆင့် ရေတာရှည်-ကရင်ချောင်း-လိပ်သိုကားလမ်းအတိုင်းထွက်ခွာလာခဲ့ပြီး (၆)မိုင်ခန့် အရောက်၌ ကျွဲရိုင်းပြင်ကျေးရွာသို့ရောက်ရှိသည်။ ယင်းမှတစ်ဆင့် စစ်တောင်းမြစ်ယာယီတံတားကိုဖြတ်၍ တောင်သာကျေးရွာ၊ ကရင်ချောင်းကျေးရွာသို့ ဆက်လက်သွားရောက်နိုင်သည်။ လမ်းတစ်လျှောက်တွင် သဘာဝအတိုင်းဖြစ်တည်နေသော ကျောက်ဆောင်ကျောက်တုံးကြီးများ၌ လူနေအိမ်များတည်ဆောက်ကာ နေထိုင်ကြသည်ကိုလည်း တွေ့နိုင်မည်ဖြစ်သည်။ ယခင်ကတောတောင်များ ထူထဲစွာပေါက်ရောက်နေသော်လည်း လူနေအိမ်များ များပြားလာခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းနှင့်အတူ သစ်တောများကွယ်ပျောက်ကာ နေအိမ်ကွက်များခြံခတ်၍ ပြန်လည်ရောင်းချခြင်းတို့ကြောင့်လည်းကောင်း စာမျက်နှာ ၉ ကော်လံ ၁ သို့

# လက်ရှိချန်ပီယံ ရန်ကုန်နှင့် ရောဝတီတို့ နိုင်ပွဲဆက်

သတင်း - ချစ်ကိုကို

၂၀၁၆ ရာသီ *MNL* အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်း၌ ကျင်းပရာ ရန်ကုန်အသင်းနိုင်ပွဲထပ်မံရယူနိုင်ခဲ့ပြီး ဧရာဝတီအသင်း သုံးပွဲဆက်အနိုင်ရခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဧရာဝတီအသင်းက ချင်းယူနိုက်တက်အသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိပြီး သုံးပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့သည်။ ဧရာဝတီအသင်းတွင် အမာခံကစားသမားများဖြစ်သည့် ကျော်ဇေယျာဝင်း၊ သီဟဇော်နှင့် ဟန်ဆန်တို့ ပွဲပယ်ခံထားရသော်လည်း အများယွင်းမရှိဘဲ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီအသင်းအတွက် ဂိုးများကို သုံးမိနစ်တွင် တာကူမူ၊ ၃၉ မိနစ်တွင် အောင်ကျော်နိုင်၊ ၇၄ မိနစ်တွင် မင်းမင်းသူတို့က သွင်းယူခဲ့ပြီး ချင်းယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၄၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဆောင်လမန်၊ ၈၆ မိနစ်တွင် ဆာကီတို့က သွင်းယူခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့


"ဆရာကြီး ဦးသိန်းနိုင်ကိုယ်တိုင် သင်ကြားသည်"
ဂုဏ်ထူးမြန်မာစာ
နွေ သင်တန်းကြီးကို မဖြစ်မနေ တက်ကြရသည်
၂၀၁၅ မြန်မာစာအမှတ်အများဆုံး တပည့်ရင်၊ တပည့်ချစ်များ
မဟော်ဟော်ဟန် ပထမ ၈၃ မှတ် ဆလသသ ၂၇၂ (၆ ဘာသာ)
မထားအိအိလွင် ဒုတိယ ၈၂ မှတ် ဆသသတ ၄၁၂ (၅ ဘာသာ)
မမေသင်းခိုင် တတိယ ၈၁ မှတ် ဆလ ၁၇၀ (၅ ဘာသာ)
အင်ကြင်းမွေး တတိယ ၈၁ မှတ် ဆလသ ၂၂၂ (၅ ဘာသာ)
မတ်လ (၉) ရက်နေ့ ဖွင့်မည်

ဂုဏ်ထူး ဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်းကြီး နှင့် ပညာရေးအဆင့်မြင့် ဘော်ဒါ
• ရန်ကုန်မြို့၏ No.1 ဆရာများချည်းသာ သင်သည်။
• ဝါရင့် Guide များက တစ်နေ့ (၃) နာရီ လေ့ကျင့်ပေးသည်။
• စာသင်ခန်း၊ စာကျက်ခန်း၊ အိပ်ခန်းများကို အဆင့်မြင့်ဆုံး Air Con ခန်းများနှင့် ထားသည်။
• စားသောက်ရေး (MENU ပေး၍ တစ်သွေမတိမ်း) ချက်ပြုတ်သည်။
• ရန်ကုန်မြို့နယ် အသီးသီးမှ Ferry ကား ကြို/ပို့ ရှိသည်။
သူငယ်တန်းမှ ဒသမတန်းအထိ ဧပြီလ (၂၇) ရက်နေ့ ဖွင့်မည်။ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် ကျောင်းသားလက်ခံနေပါပြီ
ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)



MOSQUITO NET ( ခြင်လုံဇကာ အမျိုးမျိုး )
Roll-Up ရိုလာ ခြင်လုံဇကာ
Magnetic သံလိုက် ခြင်လုံဇကာ
Motorized Insect Screen
(Remote Control ဖြင့်ထိန်းချုပ်သောစနစ်)
MR.SCREEN
ROLLER BLIND AND MOSQUITO NET SPECIALIST
BLIND ( လိုက်ကာ အမျိုးမျိုး )
Roller Blind
Vertical Blind
Motorized Roller Blind
(Remote Control ဖြင့်ထိန်းချုပ်သောစနစ်)
Show Room : NO 001 , 8 / North , Lay Daung Kan Street, Tarmwe Lay Ward,Near ILBC and SUPER ONE Supermarket, Yangon , Myanmar , PH: 01 400434, 09 45 130 9011, 09 45 130 9012


themirror.npt@gmail.com
www.facebook.com/themirrordaily

# အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း

## မြန်မာ့လက်မှုအနုပညာအသင်း

## Myanma Arts & Crafts Association

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ၂၀၁၄ Myanma Arts & Crafts Association

**MACA**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ မှတ်ပုံတင်လိုင်စင်အမှတ်– ၁၁၈/၂၀၁၅–၂၀၁၆ (အသင်း) ဖြင့် " မြန်မာ့လက်မှုအနုပညာအသင်း" (Myanma Arts & Crafts Association )အဖြစ် ခွင့်ပြုချက်အရ တရားဝင်ဖွဲ့စည်းတည်ထောင်ထား ပြီးဖြစ်သည့်အကြောင်း သိရှိရသည့်အတွက် အောက်ပါ လုပ်ငန်းရှင်များ နှင့် အသင်းသူအသင်းသားအားလုံးမှ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

| | |
|---|---|
| - ဦးသာစု | " သီရိမြန်မာ" ရိုးရာလက်မှုအနုပညာလုပ်ငန်း |
| - ဦးမောင်မောင်အောင် | **AUNGWOOD HOME COLLECTION** |
| - ဒေါ်အိအိထွေး | **MNAC COMPANY LIMITED** |
| - ဒေါ်စန္ဒာထွန်း | **MYA THIDAR HANDICRAFT'S HOUSE** |
| - ဒေါ်ဇင်မင်းထိုက် | **GANDAMAR SEASHELL ART & PRODUCT** |
| - ဒေါ်ခင်ချိုမြ | **IDEA GEMS ART** |
| - ဦးအောင်ဇော် | ရွှေနန္ဒဝန် မြန်မာ့လက်မှုအနုပညာလုပ်ငန်း |
| - ဦးစိုးမိုးအောင် | **MYANMAR'S HEART SOUVENIRS** |
| - ဦးမြတ်ထွေး | **Golden Harp Myanamr Handicrafts & Souvenir** |
| - ဒေါ်ထားထားရီ | **GREEN HAVEN JADE** |
| - ဒေါ်စိန်စိန်မြင့် | **SU MON** မြန်မာ့လက်မှုလုပ်ငန်း |
| - ဒေါ်သီတာနိုင် | မောင်မော်ဘရားသား တူရိယာ (ဗိုလ်ချုပ်စျေး) |
| - ဒေါ်နိုင်နိုင်ဆွေ | **MACRAME** ကြိုးထိုးလုပ်ငန်း |
| - ဦးသောင်းဝင်း | **PETRIFIED WOOD** |
| - ဦးနေလင်းထွန်း | **GOOD IDEA GEMS ART & JEWELLERY** |
| - ဦးဝင်းထူး | စိန်စကြာ လွယ်အိတ်လုပ်ငန်း |
| - ဦးကျင်လမ်းမန် | ရိုးရာမေ ချည်ထည်လုပ်ငန်း |
| - ဦးဩဂတ်စတင်း | **AUGUSTINE'S SOUVENIRS SHOP** |
| - ဒေါ်နုနုရီ | မန္တလာညွန့် မန္တလေးဖိနပ် |
| - ဒေါ်သင်းသင်းရွှေ | **GOLD CLASS MYANMAR SOUVENIR HOUSE** |
| - ဒေါ်ဝေဖြူဝင့် | **AMAZING LAND OF TREASURE SOUVENIRS** |
| - ဒေါ်စပယ်ဝင်း | **CHINDITS RECLAIMED WOOD FURNITURE** |
| - ဒေါ်နန်းမေခိုင် | **MONSOON VILLAGE RATTAN FURNITURE** |
| - ဦးအောင်ကျော်ဆန်း | ပန်းကမ္ဘာ မြန်မာ့လက်မှုအနုပညာလုပ်ငန်း |
| - ဦးစန်းမောင် | မြတ်နိုးသူ တူရိယာ နှင့် ရတနာအလှဆင်လုပ်ငန်း |
| - မဟေမာန်ဦး | **NEW ZERO ART SPACE** |
| - ဦးထွန်းအောင် | လောကနတ် ရုပ်သေးလုပ်ငန်း (မန္တလေး) |

ဤအသင်းသည် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒနှင့်အညီ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုများအပေါ် အခြေခံကာ လက်မှုအနုပညာပစ္စည်းများ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ဝါသနာရှင်များအား စုစည်း ညီညွတ်စွာ ဖွဲ့စည်းထားရှိပါသည်။

**စိတ်ပါဝင်စားသည့် တိုင်းရင်းသားပြည်သူအားလုံးမှ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေရန် နွေးထွေးလှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။**

**Myanma Arts & Crafts Association**
**မြန်မာ့လက်မှုအနုပညာအသင်း** (MACA)
အခန်း (၀၂၂)၊ ဒု–ထပ်၊ Excel Treasure Hotel, Excell Tower,
ကမ္ဘာအေးဘုရားလမ်း (ရွှေဂုံတိုင်) ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
959 5112305 , 959 5002371, 959 5093102
E-mail : myanmarartsandcrafts@gmail.com

## အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တအရိယာလင်္ကာရ ဝိဇာတ၊ဝိပာက၊အဘိဓဇ...ဂုဏပူဇာ ဖိတ်ကြားလွှာ

မုံရွာမြို့ ဓမ္မပါရဂူ(ပါဠိတက္ကသိုလ်)ကျောင်းတိုက် ပဓာနနာယက၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ **အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တအရိယာလင်္ကာရ ၏ (၈၅)နှစ်ပြည့် ဝိဇာတပူဇာ အဘိဓဇဓမ္မဗိမာန်တော်၊ ဝိပာကပူဇာ၊ အဘိဓဇ ...ဂုဏပူဇာတို့ကို** တပည့် ရဟန်း ရှင် လူစုပေါင်း၍ ၁၃၇၇–ခုနှစ်တပို့တွဲလပြည့် (၂၃.၂.၂၀၁၆)နေ့တွင် ဓမ္မပါရဂူ (ပါဠိတက္ကသိုလ်)ကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်၍ ရပ်ဝေးရပ်နီး တပည့်ကြီးငယ် ရဟန်း ရှင် လူအားလုံးကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် (ပင့်စာ၊ဖိတ်စာများ ပေးပို့ပြီးဖြစ်ပါသည်)ပင့်စာဖိတ်စာမရောက်ရှိပါကလည်း ဤသတင်းစာတွေ့ရှိပါက ကြွရောက်ပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဂုဏ်ပြုပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

## Global Asia Myanmar Travels & Tours Co.,Ltd

ဂလိုဘယ် အာရှမြန်မာ ခရီးသွားလုပ်ငန်း — Let's go around the World!

| | | | |
|---|---|---|---|
| (၁) အမေရိကား (မတ်/ဧပြီ) | 3000 USD | (၈) ဟောင်ကောင် (ဧပြီ–၁၃) | 1500 USD |
| (၂) အမေရိကား (ဧပြီ–၁၂) | 4000 USD | (၉) ဗန်ကောက် (လစဉ်) | 590 USD |
| (၃) အမေရိကား (ဧပြီ–၁၃) | 6500 USD | (၁၀) ဖူးခက် (လစဉ်) | 790 USD |
| (၄) အင်္ဂလန် + စကော့တလန် +အိုင်ယာလန်(ဧပြီ) | 5500 USD | (၁၁) ဗီယက်နမ် (လစဉ်) | 950 USD |
| (၅) ဥရောပ(Feb/ဧပြီ) | 4000 USD | (၁၂) ဗီယက်နမ် + ကမ္ဘောဒီးယား | 1250 USD |
| (၆) ဂျပန် (ဧပြီ) | 2300 USD | (၁၃) စင်္ကာပူ (လစဉ်) | 950 USD |
| (၇) ကိုရီးယား(ဧပြီ–၁၂) | 2200 USD | | |

"ရွှေမြန်မာတိုင်း ကမ္ဘာပတ်နိုင်စေရမည်"

အမှတ် (၁၈၀)၊ ဓမ္မစေတီလမ်း၊ စင်္ကာပူသံရုံးအနီး၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

01-388911, 01-382988, 01-536400, 01-501202, 01-391619, 09-5152580
09-450043884,09-440009127, 09-440009128, 09-250032489

## ဝါးခယ်မမြို့(ဦးဗိုလ်ကြီး)အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၊ သတ္တမအကြိမ်မြောက်ဆရာပူဇော်ပွဲနှင့်ကျောင်းသား/ သူဟောင်းများ၏အမှတ်တရညစာစားပွဲ

ဝါးခယ်မမြို့၊ ဦးဗိုလ်ကြီးကျောင်းတွင်၊တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀) ပြည့်၊သက်ပြည့်အငြိမ်းစားယူခဲ့ကြသည့်ဆရာ/ ဆရာမကြီးများအား သတ္တမအကြိမ်မြောက်ပူဇော်ပွဲကျင်းပ၍ ပူဇော်ကန်တော့ခြင်းနှင့် ကျောင်းသား/ သူဟောင်းများ၏ အမှတ်တရညစာစားပွဲအခမ်းအနားတို့ကို၂၀၁၆–ခုနှစ်၊ မတ်လ(၂၆)ရက်စနေနေ့နှင့် (၂၇)ရက်တနင်္ဂနွေနေ့တို့တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်ရပ်ဝေး၊ရပ်နီးရှိကျောင်းသား/ သူဟောင်းများမှပူဇော်ပွဲကျင်းပရေးကော်မတီနှင့်ဆက်သွယ်၍အလှူငွေထည့်ဝင်နိုင်ရေးနှင့်ပူဇော်ပွဲအခမ်းအနားတက်ရောက်ရန်ကြိုတင်ဖိတ်ကြားအပ်ပါသည်။

(ဝါးခယ်မ)Dr.မောင်မောင်ကြိုင် ၀၉၉၇၆၆၇၆၆၇၇၊ဦးစိန်ဝင်း ၀၉၄၂၂၄၅၁၆၂၈ ဦးအောင်ထွန်း(မြေစာရင်း) ၀၉၄၉၂၅၃၄၀၇၊ (ရန်ကုန်)ဦးဇော်ဝင်း(ADVOCATE) ၀၉၄၂၅၂၈၀၅၃၄၊ဦးခင်မောင်မြင့် ၀၉၂၅၄၂၄၉၁၀၄၊ဦးသိန်းနိုင် ၀၉၇၉၉၆၉၃၂၈၈ တို့ထံသို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။–

## မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း

**(ကျောက်မျက်ပညာသင်တန်း/ဓာတ်ခွဲခန်းကော်မတီ)**

**အခြေခံကျောက်မျက်ပညာသင်တန်း(အပတ်စဉ်-၂၅)**

**အဆင့်မြင့်ကျောက်မျက်ပညာသင်တန်း(အပတ်စဉ်-၈)**

* စိန်၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲနှင့်အခြားကျောက်မျက်များ
* ကျောက်မျက်တို့၏ အမျိုးအစားခွဲခြားခြင်း၊ အတုအစစ်ခွဲခြားခြင်း
* စာတွေ့- လက်တွေ့- သင်ထောက်ကူ ပစ္စည်းများဖြင့် သင်ကြားမည်။
* (O-Level အပတ်စဉ်-၂၅) ၄-၃-၂၀၁၆ရက်တွင် စတင်မည်။
* (A-Level အပတ်စဉ်-၈) ၃-၃-၂၀၁၆ရက်တွင် စတင်မည်။
  သင်တန်းချိန်- နံနက် ၇း၃၀ မှ ၉း၃၀ ထိ
* သင်တန်းကာလ (၁၀)ပတ်ခန့်၊ အပတ်စဉ် (အင်္ဂါနေ့ မှ တနင်္ဂနွေနေ့ထိ)
* မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၊ အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

**ဖုန်း - ၀၉-၈၆၁၁၂၃၉၊ ၀၉-၂၅၃၃၅၂၁၆၇၊ ၀၁- ၆၅၈၁၄၈၊ ၀၁-၆၅၈၁၄၉၊ ၀၁-၆၅၈၁၅၀**

## လုပ်ငန်းခွင်၌ တိုက်ရိုက်အသုံးချနိုင်မည့် Project Management သင်တန်း

UGC Asia

### Professional Project Management Training

* ပြည်တွင်းပြည်ပကုမ္ပဏီများ၌ Engineering and Construction Project နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသူများအတွက် Project Planning and Control Skills များကို နိုင်ငံတကာစံချိန်စံညွှန်း နှင့်အညီ Real Project Data များဖြင့် လက်တွေ့သင်ကြားပေးမည်။
* ပြည်တွင်းပြည်ပစီမံကိန်းများ၌ လုပ်ငန်းခွင်အတွေ့အကြုံများစွာရှိသော ဝါရင့်ဆရာကိုယ်တိုင်မှ Project Management Institute (PMI) ၏ နည်းနာနိဿယများကို အခြေခံ၍ Project Management Software နှင့်အတူ စာတွေ့လက်တွေ့ သင်ကြားပေးမည်။

ကုမ္ပဏီများ၊ အဖွဲ့အစည်းများအတွက်လည်း Corporate Training များ စီစဉ်ပေးပါသည်။

UGC Asia Co., Ltd. No. 499, C 3, Pyay Road, Kamaryut Tsp, Yangon.
Ph:0979 3199 298, 09 960 747 990. www.ugc-asia.com
မေတ္တာဦးမျက်မှန်ဆိုင်အပေါ်ထပ်၊ လှည်းတန်းကုန်းတံတားနှင့် Diamond Codominium အနီး။

## Elite Telecom Public Co., Ltd

Elite

No. (A-9/10) Shwe Kabar Housing, Mindama Road, Mayangone Township, Yangon, Myanmar

### Invitation for Expression of Interest

**Supply of Equipment and Installation Services for**
**"Core Network Implementation & FTTx Expansion Project"**

Elite Telecom Public Co., Ltd will establish the Core Network and to expand our existing FTTx service in Yangon. Interested companies/organizations are invited to express their interests for one or several of the following:

- Lot No. 1 Supply and Installation of Server Farm (Radius, DNS, email, Call Center)
- Lot No. 2 Supply and Installation of ISP Core Network with NOC and Data Center
- Lot No. 3 Supply and Installation of OLT & ONT
- Lot No. 4 Supply of ODN Equipment and Material
- Lot No. 5 Supply and Installation of OSS, BSS & ACS
- Lot No. 6 Supply and Installation of Data Center Infrastructure

*Detail EoI and information can be downloaded from*
www.elitetelecom-public.com.

## ဦးအမ်အေဟာမစ်၏တူမများ ဒေါ်မိမိအောင်၊ ဒေါ်မူမူအောင်၊ ဒေါ်မို့မို့အောင်၊ ဒေါ်မီမီအောင်တို့၏ ၃-၂-၂၀၁၆ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နာ (၂၉) ပါ ကြော်ငြာချက်အပိုဒ်(၄)ပါ မြေညီထပ်အခန်းနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်းအပေါ် တုံ့ပြန်ရှင်းလင်းပြန်လည်ကြေညာခြင်း

၁။ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၂၁/၂၂၃)ဟုခေါ်တွင်သည့် (၅)ထပ်တိုက်၊ မြေညီထပ်ခေါင်းရင်းခန်း၊ အခန်းနှင့်ယင်းအခန်း၏ အကျိုးခံစားခွင့်များကို ၂၇-၁-၂၀၀၉ရက်တွင် ဦးအမ်အေဟာမစ် [၁၂/ကတဟ(နိုင်)၀၂၄၅၀၉]ထံမှ ကျွန်ုပ်၏အမှုသည် ဦးစလင်း[၁၂/ပဘတ(နိုင်)၀၀၆၁၇၂]နှင့် မစိုးသီဂီထွေး [၁၃/တကန(နိုင်)၀၄၇၈၀၃] တို့က လက်ရောက်လွှဲပြောင်းရောင်းချသည့် အရောင်းအဝယ်စာချုပ်ဖြင့် တန်ဖိုးငွေကျပ် (၈၅၅၀၀၀၀၀/-)(ရှစ်ရာငါးဆယ့်ငါးသိန်းကျပ်တိတိ)ဖြင့် အပြည့်အဝပေးချေ၍ ဝယ်ယူခဲ့ကြပြီး လက်ရောက်ရရှိ ပိုင်ဆိုင်ခဲ့သော အခန်းဖြစ်ပါသည်။

၂။ ကျွန်ုပ်၏အမှုသည် ဦးစလင်း[၁၂/ပဘတ(နိုင်)၀၀၆၁၇၂]နှင့် မစိုးသီဂီထွေး[၁၃/တကန(နိုင်)၀၄၇၈၀၃]တို့က အထက်အပိုဒ် (၁)ပါ တိုက်ခန်းအား လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အိမ်ငှားဖြစ်သူ ဦးနန္ဒာလွင်ဦးတို့အား တိုက်ခန်းငှားရမ်းခြင်း ကတိစာချုပ်ဖြင့် ငှားရမ်းထားခဲ့ရာ ယနေ့တိုင်ဖြစ်ပါသည်။ ထိုသို့ အိမ်ခန်းငှားရမ်းထားခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အခွန်တော်ပြေစာများဖြင့် အခွန်စည်းကြပ်ငှားရမ်းခဲ့ခြင်းဖြစ်ပါသည်။

သို့ပါ၍ ဒေါ်မိမိအောင်၊ ဒေါ်မူမူအောင်၊ ဒေါ်မို့မို့အောင်၊ ဒေါ်မီမီအောင်တို့၏ အပိုဒ်(၁)ပါ တိုက်ခန်းနှင့်ပတ်သက်၍ ကြေညာချက်မှာ လုံးဝမှန်ကန်မှုမရှိပါ။ အမှန်တကယ်မှာ ကျွန်ုပ်၏အမှုသည် ဦးစလင်းနှင့် မစိုးသီဂီထွေးတို့(၂)ဦးသာ အထက်အပိုဒ်(၁)ပါ တိုက်ခန်းအား ပိုင်ဆိုင်သူများဖြစ်ပါကြောင်းကို အသိပေးအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးစလင်းနှင့် မစိုးသီဂီထွေးတို့ ပိုင်ဆိုင်သည့် အပိုဒ်(၁)ပါ အခန်းအားထိပါးနှောင့်ယှက်၍တစ်စုံတစ်ရာဆုံးရှုံးမှုဖြစ်စေမည့် မည်သည့်နည်းနှင့်မျှ မပြုလုပ်ပါရန် စေတနာကောင်းဖြင့် မေတ္တာရှေ့ထား၍ တရားတစ်ဘောင်မဖြစ်ရစေရန် တစ်ပါးတည်းသတိပေးအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရန်တရားဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးစလင်း နှင့် မစိုးသီဂီထွေးတို့၏ ညွှန်ကြားချက်အရ-**
**ဦးအောင်တင် (H.G.P,LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၉၉)**
**အမှတ်(၁၅)၊ နံ့သာကုန်း(၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့။**

## နေပြည်တော် ဂျပန်ဘာသာ အိမ်လိုက်သင်ပေးသည်။

ဖုန်း-၀၉-၂၀၅၄၃၆၆
၀၉-၉၇၃၅၇၆၆၂၃

## အမြန်ရောင်းမည်

၆၃၊ မင်းလမ်း၊ စမ်းချောင်း၊ (ပ)ထပ်၊ ပြင်ဆင်ပြီး၊ ညှိနှိုင်းဈေး။

**ဖုန်း ၀၉-၅၁၆၈၄၈၈**
**၀၉-၇၃၀၀၂၈၄၂**

## ဒဂုံမြို့သစ်

**အရှေ့ပိုင်း**
**ဆိပ်ကမ်းမြို့နယ်**
**တောင်ပိုင်း**၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။

**09-6809893**
**09-5120620**

## တောင်းပန်လွှာ

**ဒေါ်စန္ဒာလွင်နှင့်အများသိစေရန်**

၈-၁၂-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းခဲ့ကြပြီးနောက် နှစ်ဦးပိုင်တိုက်ခန်းအား ရောင်းချပြီး ခွဲဝေယူရန် သဘောတူညီခဲ့ကြပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ဦးစိုးမင်းထွဋ်မှ ဒေါ်စန္ဒာလွင်ကို နို့တစ်စာများပေးပို့ခြင်း၊ သတင်းစာတွင် ကြော်ငြာခြင်းနှင့် တိုက်ခန်းအား လက်ရောက်ရလိုမှုဖြင့် တရားစွဲဆိုခဲ့ပါသည်။ ထိုပြုလုပ်မှုများကြောင့် ဒေါ်စန္ဒာလွင်အနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်စေခြင်းနှင့် ဂုဏ်သိက္ခာကျဆင်းစေခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်စန္ဒာလွင်အား အလေးအနက်တောင်းပန်ကြောင်း သိစေအပ်ပါသည်။

**ဦးစိုးမင်းထွဋ်[၁/ဗလန(နိုင်)၀၀၄၀၀၉]**
**အမှတ်-၁၈၃၊ ကျောက်စိမ်း(၄)လမ်း၊ ၄၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**